



"စာအုပ်ရှာ" pageမှ စာပေဒါနပြုပါသည်

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

နဝယ်တီ

# ပန်းဦးလို

## အစည်စီးတဲ့မြစ်

ဝဏ္ဏတိုစ

# ကျေးဇူး

တစ်နေ့၊ အဲဒီ ဘာမှမဟုတ်တဲ့ နေ့တွေထဲက တစ်နေ့မှာပေါ့။ ''ကျွန်တော် စာပဲရေးချင်တယ်အမေ'' လို့ပြောတော့ သူ့ပတ်ဝန်းကျင်မှာ များများစားစားမရှိပေမယ့် စာအုပ်နဲ့မျက်နှာ မပြတ်နေတတ်တဲ့အမေက ပြုံးတယ်။ ဒီလိုနဲ့ ခြောက်ဆယ့်သုံးခုနှစ်မှာ အိမ်ကထွက်ခဲ့။ ခြောက်ဆယ့်ခုနှစ်ခုနှစ်မှာ ရန်ကုန် ရောက်ခဲ့။ ရုပ်ရှင်ပဒေသာမဂ္ဂဇင်းမှာ အလုပ်သင်အယ်ဒီတာလေး ဖြစ်လာခဲ့။ ပုဂံစာအုပ်တိုက်နဲ့ ပတ်သက်ခဲ့။ ပုဂံမှာ ဂီတပဒေသာ မဂ္ဂဇင်းကို အယ်ဒီတာလုပ်ပေးခဲ့။ ရုပ်ရှင်မဂ္ဂဇင်းကိုတော့ ရှစ်ဆယ့် ရှစ်အထိ အယ်ဒီတာလုပ်ခဲ့။ မင်းကွန်းဆရာတော်ဘုရားကြီး သာသနာ့တက္ကသိုလ်ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ တီ=ဒီ ပုံနှိပ် ထုတ်ဝေဌာနမှူးအဖြစ် ကိုးဆယ့်လေးခုနှစ်ထိ လုပ်ပေးခဲ့။ အဲဒီ ကာလတွေမှာ ကဗျာနည်းနည်း၊ ဝတ္ထုတိုနည်းနည်း၊ ဘာသာပြန် ဝတ္ထုရှည်နည်းနည်း၊ ဘာသာပြန် ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ နိုင်ငံတကာ သတင်းနဲ့ မမှတ်မိနိုင်တော့တဲ့ အင်တာဗျူးတွေရေးခဲ့။ ခုမှ ဒီစာအုပ်ကလေး ပထမဆုံးစာအုပ်အဖြစ် မကြာသေးခင်က ရေးဖြစ်ခဲ့တဲ့ ဝတ္ထုတိုလေးတွေ စုထုတ်ဖြစ်ခဲ့။ အဲဒီအတွက် လူအဖြစ်ကို ပေးခဲ့တဲ့ အဖေနဲ့အမေကို ကျေးဇူးတင်၊ လူဖြစ်ခြင်းမှာ အဓိက ပါဝင်ခဲ့ကြတဲ့ ညီမလေး(ပါမောက္ခ)၊ သမီးလေး(လ/ထ ကထိက)၊ သားကြီး(မြင်သစ်ညှော်လမ်းညွှန်)၊ သူ့ဘဝမှာ ဂီတာတစ်လုံးထက် ဘာမှအရေးမကြီး၊ ဂီတာတစ်လုံးကိုပဲ အဖော်ပြုနေထိုင်တတ်တဲ့ သားငယ်တို့ကို ကျေးဇူးတင်၊ ပြီးတော့ ကျွန်တော့အတွက် အလုပ်တွေ အမြဲပဲလုပ်ပေးခဲ့သူ ပန်းချီကိုတင်ထွဋ်၊ ရောက်လာရင် ကျွန်တော့ကုတင်ပေါ် တက်ထိုင်စကားပြောတတ်သူ နိဒါန်းရေးပေးတဲ့ ဆရာနိုင်ဖော်၊ သရုပ်ဖော်ပုံတွေရေးပေးတဲ့ ပန်းချီ မြင့်မောင်ကျော်၊ ပန်းချီမှတ်သုန်တို့နဲ့တကွ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်လို့။

**သန်းဦးလှိုင်**

၁၁၈၊ ပြည်လမ်း။ ၁၀ မိုင်၊ စော်ဘွားကြီးကုန်းဈေးတိုက်

သန်းဦးလှိုင်ရဲ့ **အစဉ်စီးတဲ့မြစ်** ဝတ္ထုတိုစုစာအုပ်ကို စာမူခွင့်ပြုချက် ၅၀၁၃၅၁၀၉၀၈၊ မျက်နှာဖုံးခွင့်ပြုချက် ၅၀၁၄၀၈၁၀၀၈ ဖြင့် ဒေါ်မိုးကေနိုင် (ချိုတေးသံစာပေ)၊ ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ၃ က ထုတ်ဝေ။ ဦးသော်လွင်မြင့် (စန္ဒကူးပုံနှိပ်တိုက်)၊ အမှတ် ၉ (H)၊ နဝရတ်လမ်း၊ ရန်ကုန်က ပုံနှိပ်။ ကွန်ပျူတာစာစီ မေစုရိပ်မြုံ။ မျက်နှာဖုံး ပန်းချီတင်ထွဏ်း။ အဖုံးဖလင် Eagle ။ အတွင်းဖလင် စိုးမိုး။ အတွင်းသရုပ်ဖော်ပန်းချီ မြင့်မောင်ကျော်၊ မှတ်သုန်၊ တင်ထွဏ်းတို့က ရေးဆွဲ။ စာအုပ်ချုပ် ကိုမြင့်။ ပထမအကြိမ် အဖြစ် အုပ်ရေ ၁၀၀၀။ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေ။

တန်ဖိုး ၁၀၀၀ ကျပ်

## အ စီ အ စဉ်


- နိုင်ဖော်၏ နိဒါန်း ၁၀
- ရောဝတီမြစ်နံဘေးက အဖေ့ရဲ့ ပြတင်းပေါက်ကလေး ၁၇
- စတုတ္ထရာသီဥတု ၂၆
- မြို့ပြလူမှုထဲမှ ကစဉ့်ကလျား တောလား ၃၄
- ရင်ထဲ ဝေ့လယ်ဝဲလို့ ၄၃
- ပန်းပွင့်ဟန်ဆောင်ထားသော မိစ္ဆာနေ့ရက်များ ၅၁
- ဂလိုဘယ်ရာရာနဲ့ လုပ်ထားတဲ့ ထောပတ်သုတ် ပေါင်မုန့်တစ်ချပ် ၆၀
- မပြောပဲထားတာက ပိုကောင်းပါတယ်လေ ၇၀
- လွှမ်းဆွတ်အောက်မေ့ဖွယ်တို့ စနစ်တကျ ပျောက်ဆုံး ၇၈
- မြူးမိတဲ့ ကဗျာ ၈၈
- ရှင်းသန့်လို့ကြည်လင် အစဉ်စီးတဲ့မြစ် ၉၆

# နိဒါန်း

## နိုင်ဇော်၏ နိဒါန်း

( ၁ )

သန်းဦးလှိုင်က သူရေးဖွဲ့သော ဝတ္ထုတို ဆယ်ပုဒ်ကို 'အစဉ်စီးတဲ့ မြစ်'ဆိုပြီး စုစည်းကာ ကျွန်တော်တို့ ဖတ်ကြည့်ဖို့ ဝေမျှပေးလိုက်ပါသည်။

( ၂ )

စာရေးတာက အရေးအသားစကားလုံး သင်္ကေတများကို အသုံးပြုပြီး တစ်ဦးနှင့်တစ်ဦးဆက်သွယ်ခြင်းပင် ဖြစ်သည်။ စာ အရေးအသားမပေါ်ခင်က အမူအယာနှင့် နှုတ်ပြောဘာသာစကား ကို အသုံးပြုကြသည်။ စိတ်ထဲမှာ တွေးမိတာ၊ စိတ်ထဲမှာ သိ နေတာ၊ စိတ်ထဲမှာ ခံစားရတာတွေကို အမူအယာနှင့် ဖော်ပြသည်။ နှုတ်နှင့် ပြောသည်။ ထို့နောက် အရုပ် ရေးပြသည်။ စာနှင့် ရေးသည်။ အသံနှင့် ဖော်ကျူးသည်။ သို့သော်... ထိုအခြင်းအရာ အားလုံးမှာ အကန့်အသတ်ရှိသည်။ အမူအယာနှင့် စကားလုံး တွေမှာ အကန့်အသတ်ရှိသည်။ အရုပ်နှင့် အသံမှာလည်း အကန့် အသတ် ရှိသည်သာ။

စိတ်နှလုံးထဲမှာ အမှန်တကယ် တွေးမိ၊ သိနေ၊ ခံစား ရတာတွေကို စကားလုံးနှင့် အတိအကျ အရှိအတိုင်းဖော်ပြနိုင်ဖို့ ခက်ခဲသည်။ သို့ပါသော်လည်း ယခုအချိန်အထိ အသုံးဝင်ဆဲ အကောင်းဆုံး နည်းလမ်းတွေအဖြစ် အသုံးပြုနေရသည်။လက်တွေ့ မှာ သည့်ထက်ပိုကောင်းသော နည်းလမ်းကိုလည်း မတွေ့သေး။

စာတစ်ပုဒ်ရေးမည်ဆိုပြီး ရည်ရွယ်တာ အတွေးစိတ်ကူး များကို ကိုယ်ဝန်ဆောင်ခြင်းပင် ဖြစ်သည်။ အောင်မြင်စွာ ရေးဖွဲ့ နိုင်ခြင်းသည် ချောမောစွာ မွေးဖွားခြင်းပင် ဖြစ်သည်။ တချို့ ကတော့လည်း စာရေးဖြစ်တော့မှသာ အသက်ရှင်သူ လူသားအဖြစ် မွေးဖွားလာသည်ဟု ထင်ကြသည်။



သန်းဦးလှိုင်က ဝတ္ထုတိုဆယ်ပုဒ်ကို အောင်မြင်စွာ ရေးဖွဲ့ ပြီး စုစည်းတင်ဆက်လိုက်ပါပြီ။

( ၃ )

ဝတ္ထုတို ဆိုတာက တိုသောဝတ္ထုဟု ပညာရှင်အချို့ အဆိုအမိန့်ရှိခဲ့တာ မှတ်သားခဲ့ရသည်။ မှတ်လောက်သားလောက် သည်ဟု ဆိုရမည်။ တိုသောဝတ္ထုကို ဝတ္ထုတိုဟု ခေါ်ရမည်။

ဝတ္ထုတိုရေးဖွဲ့တာက အရွယ်ပမာဏအစားစား ဖြစ်နိုင် သည်။ အတိုဆုံးဝတ္ထုက စာကြောင်းဝါကျတစ်ကြောင်းတည်းပင် ဖြစ်ချင်ဖြစ်မည်။ ဝတ္ထုအတိုမှာ ယေဘုယျအားဖြင့် စာမျက်နှာ လေးမျက်နှာဝန်းကျင် ရေးကြသည်ဟု ဆိုသည်။ ဝတ္ထုလတ် (Novella)တွေကျတော့ စာမျက်နှာ တစ်ရာလောက်အထိ ရေးဖွဲ့ ပြီး ဝတ္ထုတိုကော၊ ဝတ္ထုရှည်၏ဂုဏ်သတ္တိနှင့် အရည်အသွေးပါ ပါဝင်နိုင်သည်။ ဝတ္ထုတို၊ ဝတ္ထုလတ်၊ ဝတ္ထုရှည်ဆိုပြီး ပိုင်းခြား ထားသော နယ်နမိတ်တွေက မကျော်လွှားနိုင်အောင် ပြတ်ပြတ် သားသားရေးဆွဲ သတ်မှတ်ထားတာ မဟုတ်ပါ။ သို့ဖြစ်၍... သတ်မှတ်ချက်များကို ယေဘုယျအဖြစ်သာ ယူနိုင်လိမ့်မည်ဟု ဆိုပါသည်။

( ၄ )

ဝတ္ထုတိုဆိုတာက သမုဒ္ဒရာကြီးတစ်ခုလုံးကို သတိပြန်ရ ခံစားကြည့်နိုင်ဖို့ ရေကလေး တစ်စက်တစ်ပေါက်လောက်ကို လက်ဖျားကနေ ချပြရတာဖြစ်သည်။ မုန်တိုင်းကို ခံစားနိုင်ဖို့ လေ ကလေး တစ်ချက်လောက်မှုတ်ထုတ်ပြရတာလည်း ဖြစ်နိုင်သည်။

ဝတ္ထုရှည်က ပင်လယ်ပြင်လို အတောမသတ်ဖြန့်ကျက် ချိန်မှာ ဝတ္ထုတိုက ဖျော်ရည်တစ်ခွက်သဖွယ် ဖြစ်လိမ့်မည်။ ဝတ္ထုက သစ်တောကြီးတစ်ခုလုံး ဖြစ်နိုင်သည်။ ဝတ္ထုတိုကတော့ သစ်ပင်လေးတစ်ပင်။ ဥယျာဉ်ငယ်တစ်ကွက်မျှသာ ဖြစ်မည်။ စကြဝဠာကိုထင်ဟပ်ထားသော အနုမြူတစ်ပွင့် ဖြစ်နိုင်သည်။ နာကျင်သွေးစိမ့်သော နှလုံးသားနှင့်ပင် ပြုံးပြနေတာ ဖြစ်နိုင် သည်။ နှောင်းချိုင့်ထဲက ငှက်၏တေးဆိုသံနှင့် တောတောင်ထဲက ငှက်၏ တေးဆိုသံတို့ ဘယ်ဟာ ပိုပြီးချိုသည် မြသည်ဆိုတာ ပြောရတော့ ခက်လှသည်။

( ၅ )

ဝတ္ထုတိုမှာ သုံးစွဲသော ဟန်ပန်ပုံသဏ္ဌာန်ကတော့ အမျိုးမျိုးပဲ ဖြစ်နိုင်သည်။ စကားပြေဖြစ်နိုင်သလို ကဗျာနှင့်လည်း ဝတ္ထုတို ရေးဖွဲ့နိုင်သည်။ စကားပြေနှင့် ကဗျာအကြားရှိ နယ်နိမိတ်ကို မှုန်ဝါးထားသော ဘာသာစကားလည်း ဖြစ်နိုင်သည်သာ။ စာရေးသားပုံ ဖြစ်နိုင်သလို စကားပြောပုံလည်း ရေးနိုင်သည်။ သန်းဦးလှိုင်၏ ဝတ္ထုတိုတွေကလည်း ဝတ္ထုတို ပီသစွာ တိုသည်။ ရေးဖွဲ့ရှိ သူသုံးစွဲသော ဟန်ပန်ပုံသဏ္ဌာန်ကလည်း အမျိုးမျိုးပဲ ဖြစ်နေတာ တွေ့ရပါသည်။

ဝတ္ထုတိုတွေ ရေးဖွဲ့သူ သန်းဦးလှိုင်က အနုပညာ ဖန်တီးမှု နည်းစနစ်အမျိုးမျိုးကို သုံးစွဲထားခဲ့သည်။ သူ၏ ရပ်တည်မှုနှင့် ဘဝအမြင်ကိုတော့ ထင်ဟပ်ရမည်သာ ဖြစ်သည်။ သူသုံးစွဲသော စတိုင်ဟန်ပန်ကလည်း အရေးကြီးသည်။ သန်းဦးလှိုင်က စကားလုံးတွေကို သေသေချာချာ ရွေးချယ်ထားသည်။ စကားလုံးတွေ၊ ဝါကျတွေ၊ စာပိုဒ်တွေကိုတော့ သူ ထားချင်သလို စီစဉ်ထားရှိသည်။ သည်လိုနှင့် စာဖတ်သူကို တစ်စုံတစ်ခု ရိုက်ခတ်စေလိမ့်မည်။

သန်းဦးလှိုင်က စုံလင်နှံ့စပ်သော (Omniscient) ရှုထောင့်ကို ရွေးချယ်သောအခါ ရှုပ်ထွေးသလောက် သိမ်မွေ့သော စတိုင်ကို ဖြစ်စေသည်။ တစ်ကိုယ်တည်း ရှုထောင့်ကတော့ ရိုးရိုးစင်းစင်း စကားပြေဟန်ကို ဖြစ်စေသလို စိတ်ပိုင်းဗိဉာဉ်ပိုင်း ခံစားတွေးတောမှုတွေ ပါလာသောအခါ စိတ်လှုပ်ရှားစရာ၊ စဉ်းစားစရာတွေကို ဖြစ်ပေါ်စေခဲ့သည်။ သန်းဦးလှိုင်၏ ရိုးရိုးရှင်းရှင်းနှင့် စကားလုံးချွေတာသော အရေးအသားပုံစံအချို့ကလည်း ထိရောက်သည်ဟု ထင်ပါသည်။

( ၇ )

သမားရိုးကျဝတ္ထုတိုတွေကတော့ ပြဿနာနှင့် မိတ်ဆက်ပေးသည့် နိဒါန်းပိုင်း။ ပြဿနာအရှိန်တက်လာသော စာကိုယ်ပိုင်းနှင့် ပြဿနာပြေလည်သွားသော နိဂုံးပိုင်းတွေ ပါဝင်ကြစမြဲ ဖြစ်သည်။

သန်းဦးလှိုင်၏ ဝတ္ထုတိုအချို့ကို ခေတ်သစ်ပုံစံဖြင့် ဇာတ်အကွက်မဲ့ (Plotless)သဖွယ် ရေးထားသည်။ သို့သော် သူ၏အချို့ဇာတ်အကွက်မဲ့ (Plotless)တွေက ကျွမ်းကျင်စွာ ရေးဖွဲ့ထားသည့် ဇာတ်အကွက် (Plot)များဖြစ်နေကြတာ တွေ့ရမြင်သည်။ ဇာတ်ကြောင်းပြန်လိုက်၊ ရှေ့သွားလိုက်၊ ရှေ့တိုးနောက်ငင်သည်။ ဇာတ်လမ်းထဲမှာ ဇာတ်လမ်းတွေထည့်ပြီး ဖန်တီးရေးထားသည်။ ဇာတ်အကွက် (Plot)နှစ်ထပ် ရေးဖွဲ့သည်။ ညီတူညီမျှအရေးပါသော ဇာတ်လမ်းဇာတ်ကွက် (Narrative)တွေကို ပြိုင်တူလှုပ်ရှားစေပြီး အဆုံးကျတော့ ပေါင်းစပ်ရောနှောပစ်လိုက်သည်။

( ၈ )

သန်းဦးလှိုင်၏ဝတ္ထုတိုတွေမှာ ဇာတ်ကောင်တစ်ကောင် သို့မဟုတ် ကိုယ်ရည်ကိုယ်သွေးတစ်ခုတော့ အနည်းဆုံးပါသည်။ ဇာတ်ကောင်လုံးဝမပါဟုဆိုသော ဝတ္ထုတိုမှာ စာရေးသူသန်းဦးလှိုင်၏ ကိုယ်ရည်ကိုယ်သွေးကိုသာ လုံးဝဥဿုံ သွန်အောထားခြင်း ဖြစ်လိမ့်မည် ထင်သည်။ ရိုက်တစ်ခု၏အတွင်း ဝိရောဓိသက်သက်ကို ထင်ဟပ်တာ ဖြစ်နိုင်သလို ရိုက်များစွာတို့၏ ပဋိပက္ခလည်း ဖြစ်နိုင်သည်။ သန်းဦးလှိုင်၏ ဝတ္ထုတိုတိုင်းမှာ ဆုံချက်အဖြစ် ရည်ရွယ်ရာ ဦးတည်ချက် (Theme)တစ်ခုတော့ အနည်းဆုံး ရှိသည်။ စာဖတ်ပရိသတ်ကို စဉ်းစားစရာ၊ အသိ ဉာဏ်ဆိုင်ရာ တုန့်ပြန်မှု၊ ရည်မှန်းထားသော စိတ်လှုပ်ရှားမှု အစရှိသည့် တစ်ခုခုကို ပေးဖို့ရည်ရွယ်တာကို တွေ့ရသည်။ သူ ဖြတ်သန်းသော ဘဝနှင့် ခေတ်ကာလကို သူ ထင်ဟပ်ထားတာ ကတော့ အထင်အရှားပဲ ဖြစ်ပါသည်။

( ၉ )

ခေတ်သစ် ဝတ္ထုတိုများကို ဖော်စပ်ဖွဲ့စည်းသည့် ဖော်မြူလာရယ်လို့ အတိအကျမရှိသော်လည်း ဘောင်အကန့် အသတ်လုံးဝမရှိပဲတော့ မဖြစ်တည်နိုင်။ အချိန်နှင့် နေရာ၊ ပဋိပက္ခနှင့် ဝိရောဓိ၊ ရိုက်နှင့် ရည်ရွယ်ရာ ဦးတည်ချက် (Theme)တွေကို ရောနှောပုံ ရောနှောနည်းသာ ကွာခြားရစမြဲ ဖြစ်သည်။

သန်းဦးလှိုင်၏ အချိန်တွေက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံး ဖြစ်နေသည်။ နေရာက ကျေးလက်မှသည် မြို့ကြီးပြကြီးဖြစ်သလို ဆန်းဆန်းပြားပြား ဒေသ (Exotic) မှသည် တွေ့ရိုးတွေ့စဉ် နေရာ (Mundane)တွေ ဖြစ်နေသည်။ ဇာတ်လိုက် (Protagonist)၏ ရိုက်နှင့် ရန်ဘက် (Antagonist)တို့၏ ရိုက်များ ထိတွေ့ပွတ်တိုက် ရိုက်ခတ် လှုပ်ရှား

ကြာတာတွေကိုလည်း တစ်ခါတစ်လေ တွေ့ရသည်။ အတွင်း ဝိရောဓိ ဝတ္ထုတိုတွေကျတော့ စိတ္တဇပိုင်း၊ သို့မဟုတ် ဝိညာဉ်ပိုင်း၊ စွမ်းအင်များ အားပြိုင် (Antagonistic)ကြတာ တွေ့ရမည် ဖြစ်သည်။ သန်းဦးလှိုင် သုံးစွဲတာကလည်း လိုအပ်သလို တစ်ခါ တစ်လေ အိုးဖုတ်၊ ထန်းလျက်ချက်တာ ရေးဖွဲ့သလို Super Realism နည်းမှသည် ဝိညာဉ်နှင့် တွေ့ဆုံရသည့် Supernatural အကြောင်းအရာအထိ နည်းလမ်းမျိုးစုံ ပါဝင်သည်။ သန်းဦးလှိုင်ရေးဖွဲ့ပြသော အဖေ၊ အမေ၊ ချစ်ဇနီးနှင့် သားသမီးများ။ သူငယ်ချင်းများ။ မိတ်ဆွေများ။ ဇာတ်ကောင်များကို လှမ်းမြင်ရသလို ကျေးလက်နှင့် မြို့ငယ်ကလေး၏ရနံ့ အငွေ့အသက် အသေးစိတ်၊ ထိုမှတစ်ဖန် မြို့ပြအထိ သူ ဆွဲယူပြသည်။ ရေဝတီမြစ်၊ တက္ကသိုလ်ပရိဝုဏ်နှင့် တစ်နစ်မှာ သုံးခါလောက် သူ ရောက်တတ်သော ပုဂံမြင်ကွင်းတွေအထိ ပါလာသည်။

( ၁၀ )

ဝတ္ထုတို၏ အကြောင်းအရာ (Subject)ပိုင်းကို ရည်ရွယ်ရာ ဦးတည်ချက် (Theme)နှင့် ရောထွေးပြီး ပြောတတ်ကြသည်။ ခေတ်သစ်ဝတ္ထုတွေမှာ ရေးဖွဲ့လေ့ရှိသော အကြောင်းအရာတွေက လူမျိုး မျိုးနွယ်စု၊ ဒေသအနေအထား။ ယဉ်ကျေးမှုနောက်ခံ၊ ယောကျ်ားမိန်းမ၊ လူတန်းစားကွာဟမှုနှင့် လူနေမှု ပြဿနာများ ဖြစ်ကြသည်။ ဤအပေါ်ယံ အကြောင်းအရာတွေက အတွင်းထဲမှာ သိုဝှက်ထားသော ပို၍နက်ရှိုင်းသည့် ရည်ရွယ်ရာ ဦးတည်ချက် (Theme)များကို ခံစားကြည့်နိုင်အောင် ပို့ဆောင် ပေးသည်။ ၂၀ ရာစုတစ်လျှောက်လုံးမှသည် ၂၁ ရာစု အဆန်း ပိုင်းအထိ အသုံးများသော ရည်ရွယ်ရာ ဦးတည်ချက် (Theme)တွေက ယခု သန်းဦးလှိုင်ရေးဖွဲ့ထားသည့် ဝတ္ထုတိုများထဲကလို လူသား၏ အထီးကျန်မှု မကျန်မှု၊ ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်မှု မဖြစ်မှု၊ ပုဂ္ဂလိက ထိခိုက်နာကျင်မှု ချို့ငြိမ်မှုတွေ ဖြစ်ကြသည်။ မှုပင်သောက၊ အမုန်းအချစ်၊ ယောကျ်ားမိန်းမ ပေါင်းသင်းဆက်ဆံမှု၊ မိသားစုနှင့် မျိုးဆက် ပဋိပက္ခ၊ အဖြူထည် ကလေးလေး ဘဝမှ အတွေ့အကြုံ အရောင်များ စုံလင်လာခြင်း။ မိတ်ဆွေ ရဲဘော် ရဲဘက်ဖွဲ့ခြင်း။ လူ့အဖွဲ့အစည်းနှင့် တစ်ဦးတစ်ယောက်၏ ပဋိပက္ခ၊ စာရိတ္တ၊ ကျင့်ဝတ်၊ စိတ်ပိုင်း။ ဝိညာဉ်ပိုင်း၊ ရှန်းကန်မှု၊ လှုပ်ရှားမှုတွေ ဖြစ်နိုင်သည်။ အနုပညာနှင့် ဘဝအကြားက ဆက်ဆံရေးတွေပဲ ဖြစ်သည်။



( ၁၁ )

ခေတ်သစ်ဝတ္ထုတိုတွေက ဝေဝါးစရာမရှိသော အပိတ်နိဂုံး (Resolution)မျိုးကို သုံးလေ့မရှိကြ။ အမွှင့်အဆုံးသတ် (Ambiguity)ကိုပဲ တမင်တကာ သုံးတတ်ကြလေသည်။ သန်းဦးလှိုင်၏ ဝတ္ထုတိုတွေအများစုက အဆုံးမသတ်သော အမွှင့် အဆုံးသတ်တွေ ဖြစ်ကြပါသည်။

( ၁၂ )

တချို့သော စာအရေးအသားက ပေါက်ကွဲထွက်သည်။ တချို့ကျတော့ ကွန်ပစ်သလို၊ အမဲလိုက်သလို ဖမ်းယူသည်။ တချို့ကို အပိုင်းပိုင်းအစစ ကောက်ယူပြီး ဆက်စပ်ယူရသည်။ သန်းဦးလှိုင်၏ စာရေးသားခြင်းကတော့ တစ်စိမ့်စိမ့် တစ်ပွက်ပွက် စီးထွက်ခြင်းနှင့် တူသည်။ စိမ့်စိမ့်ကလေးကနေ တစ်ပွက်ပွက်။ အဲသည့်နောက် တစ်သွင်သွင် တစ်ငြိမ့်ငြိမ့် စီးဆင်းသလို ဖြစ်သည်။ ဖတ်ရတာလည်း စိမ့်စိမ့်ကလေးကနေ တစ်သွင်သွင်ပဲဖြစ်၍ လာခဲ့သည်။

အနုပညာလောကကို သူ ဖြတ်သန်းလာတာကလည်း တစ်စိမ့်စိမ့် တစ်ပွက်ပွက်စီးထွက်ခြင်းနှင့် တစ်သွင်သွင် တစ်ငြိမ့်ငြိမ့်စီးဆင်းခြင်းပဲ ဖြစ်ပုံရသည်။ တကယ်တော့ သန်းဦးလှိုင်၏ ဘဝတစ်ခုလုံးကို သူ၏ မိသားစု၊ တက္ကသိုလ်၊ အနုပညာတို့နှင့် ခွဲခြားနိုင်မည် မဟုတ်ပေ။ သူက မိသားစုအပေါ် သံယောဇဉ်ကြီးမားသူ။ သူ၏ မိုးကောင်းကင်အစစ်က အနုပညာဖြစ်ပြီး သူ နင်းနေရသောမြေပြင်က တက္ကသိုလ်နှင့် ဘယ်တော့မျှ မကင်းကွာနိုင်ချေ။ သူ၏ချစ်ဇနီးက သမိုင်းဌာနမှ ပါမောက္ခဖြစ်ပြီး သူ သံယောဇဉ် ကြီးမားလှသော သမီးက အင်္ဂလိပ်စာဌာနမှ လက်ထောက် ကထိကတစ်ဦး ဖြစ်နေသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က သူတို့မိသားစုနှင့် ကျွန်တော် စတင် သိကျွမ်းခင်မင်ခဲ့ရတာကလည်း ရန်ကုန် တက္ကသိုလ် ပညာရေးတက္ကသိုလ် ပရိဝုဏ်ထဲမှာပဲ ဖြစ်ပါသည်။

( ၁၃ )

သန်းဦးလှိုင်သည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော် လေးဆယ်ခန့် လူငယ်ဘဝလောက်ကတည်းက စာပေအနုပညာ၊ ရုပ်ရှင်အနုပညာများနှင့် နီးစပ်ခဲ့သည်။ သူငယ်ချင်း၊ အရင်းအချာ အနုပညာသမားတွေနှင့် အတူတူ သူ စီးမျောခဲ့သည်။ အယ်ဒီတာ

ဘဝကိုလည်း သူ ဖြတ်သန်းခဲ့သည်။ ၁၉၈၀ ခုနှစ်များတုန်းက သူ တာဝန်ယူခဲ့သော ရုပ်ရှင်အစည်းအရုံး၏ ရုပ်ရှင်မဂ္ဂဇင်းသည် ထိုခေတ် ထိုအချိန်က မြန်မာစာအရေးအသား ပုံစံသစ်များ ဖွံ့ဖြိုး ပေါ်ထွန်းလာခြင်းအတွက် တစ်ခန်း တစ်ကဏ္ဍမှ အရေးတကြီး ပါဝင်ခဲ့ဖူးပါသည်။

ယခုအချိန်အထိ သူ့ကိုကြည့်လိုက်လျှင် ဘာမျှ ပြောင်းလဲသွားပုံမရ။ လွတ်လပ်ပေါ့ပါးဆဲ။ ပါးပါးလွှာလွှာကလေး နေထိုင်တတ်တာကိုက သူ၏ အနုပညာဖြစ်ပုံရသည်။ သို့သော်... သူ၏ စိတ်နှလုံးကတော့ အမြဲတမ်းပဲ နက်ရှိုင်းစွာ ထိရှခံစားတတ်သည်။ ထိုသို့ ထိရှခံစားတတ်တာကို သူ ဖော်ပြပုံကလည်း တစ်စိမ့်စိမ့်ကလေးပဲ ဖြစ်တတ်သည်။

သဘောကျစရာကောင်းတာက နှစ်ပေါင်းများစွာ ကာလရှည်လျားသည့်တိုင် အနုပညာကို သူ ချစ်မြတ်နိုးဆဲ။ သူ့လက်ထဲမှာ စာရေးဖွဲ့သော ကလောင်ရှိနေဆဲ။ ဝတ္ထုတွေ သူ ရေးဖွဲ့နေတာ တွေ့ရသည်က ကျေနပ်စရာ ဖြစ်သည်။ သူ့နှလုံးသားက နုပျိုပြီး သူ့ခံစားချက်တွေ လတ်ဆတ်နေဆဲ ဖြစ်သည်။ စာရေးသားခြင်းအနုပညာကို သူ ခုံမင်တပ်မက်ဆဲ။


( ၁၄ )

သန်းဦးလှိုင် ယခု ရေးဖွဲ့စုစည်းသော ဝတ္ထုတို ဆယ်ပုဒ်က တစ်စိမ့်စိမ့်ကလေးကနေ တစ်သွင်သွင် စီးဆင်းသည်ဟု ကျွန်တော်ထင်မိသည်။ 'အစဉ်စီးတဲ့ မြစ်' တစ်စင်းသဖွယ် သူ၏ ရှေ့ဆက် ဖန်တီးမှုလက်ရာအသစ်တွေ နောက်ထပ် နောက်ထပ် စိမ့်စိမ့်ကလေးကနေ တစ်ပွက်ပွက်။ အဲသည့် နောက်တွင် တစ်သွင်သွင် တစ်ငြိမ့်ငြိမ့် စီးဆင်း ထွက်ပေါ်လာဦးမည်ဟုလည်း မျှော်လင့်ယုံကြည်မိပါသည်။

**နိုင်ဇော်**

၂၀၀၈ ခုနှစ်၊ မေ ၁၁ ရက်။
မြစ်ကြီးနား။

■



## ရောဝတီမြစ်နံဘေးက
## အဖေရဲ့ ပြတင်းပေါက်ကလေး

❐ လောကကြီးထဲ လူရယ်လို့ ဘယ်လိုဖြစ်လာခဲ့။ သေသေချာချာ ပြန်ကြည့်လိုက်တော့ ပြတင်းပေါက်ကလေးနဲ့ နေထိုင်ခဲ့တဲ့ ကိုယ့်အဖြစ် ကိုယ်ပြန်တွေ့ရ။ ရောဝတီမြစ်နံဘေးက ပြတင်းပေါက်ကလေး။ အဖေ့ရဲ့ ပြတင်းပေါက်ကလေးမှာပေါ့။

▪

မြစ်ကြီး မြင်နေရတယ်၊ မြစ်ကြီး။ ကျယ်ပြောတဲ့ မြစ်ကြီး။ ကြီးကျယ်ခမ်းနားတဲ့ မြစ်ကြီး။ ကြည်နူး လွမ်းမောဖို့ကောင်းတဲ့ မြစ်ကြီး။ မြစ်ကြီးမှာ မာယာတွေနဲ့။ မာယာတွေနဲ့ မြစ်ကြီး၊ ချစ်စရာလည်း ကောင်းတယ်။ ကြောက်စရာလည်း ကောင်းတယ်။ ရာသီဆိုးသွမ်းတွေနဲ့ ပေါင်းဖက်မိတဲ့အခါ သူဟာ ကြောက်စရာ ကောင်းတယ်။ မိုးသက်မုန်တိုင်းတွေ ကျရောက်တဲ့အခါ လှိုင်းကြီးတယ်။ ရိုင်းစိုင်းကြမ်းကြုတ်တယ်။ ဝဲညှစ်ညှစ်အဆင်းကို ဆောင်တယ်။ ဒိုက်သရောတွေ သယ်လာတယ်။ အညစ်အကြေး ထုပြောတယ်။ အရာအားလုံးကို ဖုံးလွှမ်း ဝါးမြိုတယ်။ အဲဒီအခါ ပြတင်းပေါက်ကလေးအောက်ထိ သူ ရောက်လာ။

မြောက်ပြန်လေ တသွင်သွင်စီး။ ဆီးနှင်းတွေ သိပ်သိပ်သည်းသည်းကျချိန်မှာ ဣန္ဒြေကြီးသူ အပျိုမတစ်ယောက်လို သိမ်မွေ့နေတယ်။ အနန္တချိန်းမယ်လာဒီ သီချင်းကို သူညည်းနေ

တတ်တယ်။ (မြစ်ရေအလျဉ်တို့သည် ပင်လယ်ဆီသို့သာ။) ဒဲဒီအခါ သူဟာ ပြတင်းပေါက်ကလေးနဲ့ မနီးမဝေး။

နေရောင်ကြီး ပြင်းပြင်းထန်ထန်ကျရောက်။ ကမ္ဘာမြေ အပူမီးတောက်တဲ့နေ့မှာ နဂါးတစ်ကောင် မြေလျှိုးသလို သူ့ကိုယ်ကို သဲသောင်တွေအောက် တိုးဝင်ပုန်းခိုဖို့ သူကြိုးစားတယ်။ အဲဒီအခါ သူဟာ ပြတင်းပေါက်ကလေးနဲ့ အဝေးဆုံးမှာ။

■

မြစ်ကြီးဟိုဘက် တစ်ဘက်ကမ်းမှာ အိမ်စုစုနဲ့ အသက်မဲ့နေတဲ့ ရွာကလေး။ အဲဒီရွာကလေးနောက်မှာ အခြား ဂြိုလ်တစ်ခုက တစပြင်နဲ့တူတဲ့ တောင်ကုန်း။ တောင်တန်း။ တောင်ကတုံးတွေ။ အဲဒီ တောင်ကတုံးတွေထဲက ထောင်ထိပ်တစ်ခုပေါ်မှာ ထုံးဖြူဖြူနဲ့ ဘုရားတစ်ဆူ။ အဲဒီနောက်မှာ အရှေ့မိုးကုတ်စက်ဝိုင်း။ အဲဒီ မိုးကုတ်စက်ဝိုင်းက ပတ္တမြားကြီးတစ်လုံးမျို့အန်ထုတ်လိုက်သလို အုံ့သြဖွယ်၊ ရင်ခုန်ဖွယ်၊ နေ့စဉ်အဆန်းတကြယ် ပြူပြူထွက်လာတဲ့ နေလုံးနီနီကြီး။ အဲဒီ နေလုံးနီနီကြီး ကြည့်တယ်။ မနက်တိုင်း ကြည့်တယ်။ မရေတွက်နိုင်တော့တဲ့ အကြိမ်တွေနဲ့ ကြည့်ခဲ့တယ်။ ရိုးမသွားဘူး။ ဘယ်တော့မှ မရိုးဘူး။ နေ့စဉ်နေ့စဉ် အဆန်းတွေပဲ ယူ,ယူလာတယ်။ အသစ်အသစ်တွေ ပေးတယ်။ အဲဒီ နေလုံးကြီးထဲမှာ မရေးဖွဲ့ရသေးတဲ့ ကဗျာအပိုင်းအစတွေ ပါတယ်။ ဘယ်လိုတွဲစပ်ထားမှန်း မသိတဲ့ ဂီတသံစဉ်တွေ ပါတယ်။ အနာဂတ်ပန်းချီကားတစ်ချပ်အတွက် အရောင်သစ်တွေ ပါတယ်။ ကမ္ဘာပေါ်မှာ မရှိသေးတဲ့ အနုပညာဝိဉာဉ်တစ်ခု ပါတယ်။ ဘာသာစကားမလိုတဲ့ နားလည်မှုတွေ ပါတယ်။ တစ်ကြိမ်တစ်ခါမှ မတွေ့မမြင်ဘူးသေးတဲ့ ချစ်သူရဲ့ ကိုယ်သင်းနံ့လေး ပါတယ်။

■

နေလုံးကြီးက ပြောတယ်၊ မနက်တိုင်း သူလာမယ်တဲ့။ နေလုံးကြီးနဲ့ မိတ်ဆွေဖြစ်ခဲ့တယ်။ အဲဒီ ပြတင်းပေါက်ကလေးမှာပေါ့။

■

သတိရတယ်။ သတိရတယ်။ ပြတင်းပေါက်ကလေးကို သတိရတယ်။ ပြတင်းပေါက်ကလေးကို သတိရတော့ အဖေ့ကိုလည်း သတိရ။ အဖေ ဘယ်မှာပါလိမ့်။ အဖေ ဘယ်လိုနေပါလိမ့်။ အဖေ့ကို တွေ့ချင်လိုက်တာ၊ အဖေနဲ့စကားပြောချင်လိုက်တာ။ အဖေ့ကို ဘာတွေပြောမှာလဲ၊ သတိရလွမ်းဆွတ်တဲ့အကြောင်းလား။ အဖေက ရယ်လိမ့်မယ်။ မဟုတ်သေးဘူး။ အဖေ ရယ်ချင်မှ ရယ်မှာပါ။ ဒါဆို ဘာလဲ၊ မြို့ပြလူနေမှု အကြောင်းလား။ ကုန်ဈေးနှုန်း အကြောင်းလား။ မော်ဒယ်ခေတ် အကြောင်းလား။ ဟိုင်းတက္ကနိုလိုဂျီ အကြောင်းလား။ အနုမြူလက်နက်ဖျက်သိမ်းရေး အကြောင်းလား။ ဆူနာမီရေလှိုင်းကြီးတွေ အကြောင်းလား။ တစ်ခုမှ မဟုတ်ဘူး။ ဒါတွေရိုးနေပြီ။ သိပ်ရိုးလွန်းတဲ့အကြောင်းတွေ မပြောချင်ဘူး။ သေသေချာချာ ပြန်စဉ်းစားကြည့်တော့ အဖေနဲ့ သိပ်စကားမပြောခဲ့ရတာပဲ သတိရတယ်။ အဖေနဲ့ ဆယ်သုံးနှစ်ပဲ နေခဲ့တယ်။ ဆယ့်သုံးနှစ် နေခဲ့ရတဲ့ကာလမှာ ဘာကြောင့် စကားတွေ သိပ်မပြောဖြစ်ခဲ့ပါလိမ့်။ ပြတင်းပေါက်ကလေးနဲ့ပဲ နေထိုင်။ ပြတင်းပေါက်ကလေးက ကြည့်။ ပြတင်းပေါက်ကလေးမှာ စာဖတ်။ ပြတင်းပေါက်ကလေးမှာ စဉ်းစား။ ပြတင်းပေါက်ကလေးမှာ ကြည့်ရှု။ ပြတင်းပေါက်ကလေးမှာ လွမ်းမော။ တစ်နေ့မှာ ပြတင်းပေါက် ကလေးကို၊ အဖေ့ကို၊ ဒီပတ်ဝန်းကျင်ဒီရှုခင်းတွေကို ထားခဲ့ရမယ်လို့ ဘယ်ထင်မလဲ။ အဲဒီလို ထင်လည်း မထင်၊ မျှော်လည်း မမျှော်လင့်၊ စောင့်လည်း မစောင့်စားခဲ့တဲ့ တစ်နေ့ဆိုတာကြီးဟာ ကျွန်တော့်မှာ၊ အဖေ့မှာ၊ ပြတင်းပေါက်ကလေးမှာ ချိန်းဆိုမထားပဲ ဆိုက်ရောက်လာ။ ခွဲခါနီးတော့ အဖေက ပြောတယ်။ တစ်လုံးတည်းပဲ။ လူတွေနဲ့ ကြည့်ပေါင်း တဲ့။

■

ခွဲခဲ့ရတယ်။ အဖေနဲ့ ပြတင်းပေါက်ကလေးကို။

■

အိပ်မက်ထဲမှာ အဖေနဲ့ တွေ့တယ်။ ရှားရှားပါးပါး အိပ်မက်ထဲမှာ။ အဖေ ဟိုတုန်းကလို သန်သန်မာမာ

ထောင်ထောင်မောင်းမောင်းနဲ့ပဲ။ ဆယ့်သုံးနှစ်တုန်းက တွေ့ခဲ့ရတဲ့ အတိုင်းပဲ။ ဇလင်တီးနီး ဆံပင်နဲ့ပဲ။ ရွှေကြယ်သီးတပ်၊ ကြယ်သီးနှစ်ဖက်ပေါက်နဲ့ ပန်းနုရောင်လည်ကတုံး ရှပ်လက်တို။ အောက်ခံ အစိမ်းဖျော့ဖျော့မှာ အဝါ၊ ပန်း။ အနက်စင်းတွေနဲ့ လေးထောင့်ကွက်ဖောက်ထားတဲ့ နှစ်တစ်ရာချည်ချော မာဇရိုက်လုံချည်။ အဲဒီဝတ်စုံဟာ အမေနဲ့ လက်ထပ်တုန်းက ခန်းဝင်ဝတ်စုံလေးလို့ အမေက ပြောဖူးတယ်။ အဖေနဲ့လိုက်တဲ့ ဝတ်စုံလေးပေါ့။ အဲဒီ ဝတ်စုံလေးကို အဖေ သိပ်ဝတ်လေ့ဝတ်ထမရှိဘူး။ တစ်ခါတစ်ရံ သူစိတ်ကူးရတဲ့အခါမှ ဝတ်တာ။ တစ်ခါ အဲဒီဝတ်စုံ ဝတ်ထား တုန်း၊ အဖေဘယ်သွားမလဲလို့ မေးတော့ ဘယ်မှ မသွားဘူး။ ဘာဖြစ်လို့လည်းလို့ ပြန်မေးတယ်။ ဘာမှ မဖြစ်ပါဘူး။ ဝတ်စုံ အသစ်နဲ့မို့လို့ပါလို့ပြောတော့၊ ကိုယ့်အိမ်မှာ ကိုယ်နေရင်းလည်း ဝတ်လို့ရတာပဲ၊ ဘာဖြစ်လဲလို့ အဖေက ပြောဖူးတယ်။ အဲဒီဝတ်စုံလေး ဝတ်လို့။ မလှမ်းမကမ်းမှာ မတ်တတ်ရပ်လို့။ ပြတင်းပေါက်က ကြည့်လိုက်တော့ ဘာမှ မမြင်ရဘူး။ ''ဘာမှ လည်း မမြင်ရပါလား'' လို့ ပြောတော့၊

''မြင်တယ် မမြင်ဘူးဆိုတာ ကြည့်တဲ့လူပေါ်မှာပဲ တည်တယ်၊ မြင်အောင်ကြည့်မှ မြင်မှာပေါ့'' လို့ အဖေက ပြောတယ်။ ပြီးတော့ ကျွန်တော်ကြည့်နေကျဖို့ ပြတင်းပေါက်ကလေးကို သူဘယ်တော့မှ ပိတ်မထားတဲ့အကြောင်း ဆက်ပြောနေသေးတယ်။ သေသေချာချာ ပြန်ကြည့်လိုက်တော့မှ မြင်တယ်။ မြစ်ကြီး မြင်ရတယ်။ မြစ်ထဲက နေရောင်တွေ ထွက်နေတယ်။ နေက ရေထဲ ရောက်နေတယ်။

■

''နေက ရေထဲ ရောက်နေတယ်အဖေ'' လို့ ပြောလိုက်တော့

''မင်းက ရေကို သွားကြည့်တာကိုး၊ ကွ၊ ရေထဲ အရိပ်ရှိတာပေါ့'' လို့ အဖေက ပြောတယ်။ နေက မြင့်သွားပြီပဲ။ ပြတင်းပေါက်က လွတ်သွားပြီပဲ။

''ဒါနဲ့ အဖေ ကျွန်တော့သူငယ်ချင်းတွေနဲ့ တွေ့ဦးမလား''



''ဟို ခါးကိုင်းကိုင်းနဲ့ တစ်ယောက်ဟာ မိန်းကလေးနာမည်နဲ့လား''

''မဟုတ်ဘူး၊ အဖေ၊ ချောနွယ်ဆိုတာက အသားမည်းမည်း။ အရပ်ပုပု၊ နှုတ်ခမ်းမွေး စုတ်စုတ်နဲ့ကောင်။ အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်း၊ ဝေ့စ်ကုတ်ဝတ်တဲ့ ကောင်က အောင်မင်း။ ကောက်တာနဲ့ ဖြောင့်တာပဲကွာတယ်။ ဆံပင်ရှည်တာချင်းလည်း အတူတူ၊ မကောင်းတာချင်းလည်း အတူတူပဲ''

''ပြောထား မဟုတ်လား''

''ကြည့်ပေါင်းတယ်ဆိုတာ ပြောသလောက် လွယ်တာ မဟုတ်ဘူး၊ အဖေ၊ သူတို့မကောင်းဘူးလို့ စာချိတ်ထားတာမှ မဟုတ်ပဲ၊ ကြာကြာပေါင်းမှ မကောင်းမှန်း သိလာတာ၊ ခါးမှ သိတာ။ သိတဲ့အချိန်မှာ နောက်ကျနေပြီ''

''မကောင်း၊ မပေါင်းနဲ့ပေါ့ ''

''အဲသလို နေလည်းဖြစ်ပါတယ်၊ ဒါပေမယ့် ခဏပဲ၊ နောက်တော့ အတူတူပဲ။ သူငယ်ချင်းပဲ ဘယ်နေနိုင်မလဲ။ မနေနိုင်တော့ မကောင်းလည်း ပေါင်းရတာပဲ။ သူတို့ကမှ အစတည်းက ကောင်းမယ့်ပုံမဟုတ်လို့ မကောင်းတာ တော်သေးတယ်၊ ကောင်းမယ်ထင်ရတဲ့ မြင့်သန်းတို့၊ တင်ထွဏ်းတို့ကလည်း ဘယ်မှာကောင်းလို့လဲ''

■

''သူတို့က ဘယ်လို မကောင်းပြန်လို့လဲ''

''မကောင်းတာကတော့ တစ်ယောက်တစ်မျိုးစီ မကောင်းနေကြတာပဲ၊ သေလောက်အောင် မကောင်းနေတာ မဟုတ်ပေမယ့် မကောင်းတာ မကောင်းတာပဲ။ ဟိုင်းဒက်ဂါ ကြေတဲ့ မြင့်သန်းကမှ မကောင်းတာတောင် ဆင်ခြေဆင်လက်တွေနဲ့ မကောင်းတာ ''We human are being'' တစ်လုံးတည်းနဲ့ တော်တော်များများ အနိုင်ယူနေတာ''

''တယ်ဟုတ်ပါလား''

''တင်ထွဏ်းဆိုတဲ့ ကောင်ကလဲ ဒီလိုပဲ၊ သူ့ကိုမှ အလုပ်မအပ်လိုက်နဲ့ ပေါ်မလာတော့ဘူး။ အရေးကြီးတယ်လို့ ပြောမှ ပိုတောင်ကြာသေး''

''မအပ်နဲ့ပေါ့ကွ''

''မအပ်လို့ ဘယ်ဖြစ်မလဲ၊ သူ့လက်ရာမှ ကျွန်တော်က လိုချင်တာ''

''ဒီလိုဆိုတော့ သူ မလွှန်ပါဘူး''

''အဲဒီလို မကောင်းနေကြတာပဲ အဖေ''

''သူတို့မကောင်းတာတော့ ဟုတ်ပါပြီ၊ မင်းကရော''

'' ကျွန်တော်လည်း အဲဒါပြောမလို့ပါ၊ သူတို့နဲ့ ပေါင်းမှ တော့ ကျွန်တော်လည်း ဘယ်ကောင်းမှာတုန်း။ သူတို့နဲ့ ပေါင်း မိလို့ မကောင်းတာလည်း ပါတယ်။ အစထဲက မကောင်းလို့ သူတို့နဲ့ ပေါင်းမိတာလည်း ပါတယ်။ ကောင်းတော့ မကောင်း ဘူး။ တော်တော်ကြီးကို မကောင်းဘူး။ မကောင်းဘူးလို့ သိသိနဲ့ မကောင်းလိုက်တာတွေ အများကြီး။ ခု သူတို့ပြောပြောနေတဲ့ အခြားတစ်ဖက်က ဆင်ခြင်နည်းနဲ့သာ ဆင်ခြင်ကြည့်မယ်ဆိုရင် သူတို့ မကောင်းဘူးဆိုတာတောင် ကျွန်တော် မကောင်းသ လောက် မကောင်းသေးတာ ဖြစ်သွားနိုင်တယ်''

''ဒီလိုဆို မဝေးတော့ဘူး၊ အမှန်တရား တံခါးဝနဲ့ ''

■

အဖေ့မျက်နှာ ဘယ်လိုနေသလဲ၊ ပြုံးနေသလား။ လှမ်း ကြည့်လိုက်တုန်းမှာပဲ အိပ်မက်က ပြီးသွားတယ်။ မြန်လိုက် တာ။ အိပ်မက်က မြန်လိုက်တာ။ အဖေနဲ့တွေ့တုန်း စကား ကောင်းကောင်း မပြောလိုက်ရဘူး။ ဘာတွေပြောလိုက်မိမှန်း မသိဘူး။ အဖေ့ကိုပြောချင်တာ ဒါတွေတော့ မဟုတ်လောက် ပါဘူး။ ဘယ်လိုဖြစ်ပြီး သူငယ်ချင်းတွေ မကောင်းကြောင်း ရောက်သွားပါလိမ့်။ သူငယ်ချင်းတွေ မကောင်းကြောင်း တစ်ခါမှ မပြောဖူးပါဘူး။ ပြောဖို့ စိတ်တောင်မှ မကူးခဲ့ဖူးဘူး။ ဘာဖြစ်လို့ ပြောလိုက်မိပါလိမ့်။ ပြောမယ့်ပြောတော့ မကောင်းကြောင်း တွေပါလား။ ကောင်းတဲ့ အကြောင်းတွေ မဟုတ်ပါလား။ အိပ်မက်ပဲလေ၊ တကယ်မှ မဟုတ်ပဲ။ အိပ်မက်ထဲ ပြောမိတာပဲ၊ ဘာဖြစ်လဲ။

■

ကိစ္စမရှိဘူးလို့တော့ မပြောနဲ့လေ။

■

လွန်ခဲ့တဲ့ ငါးနှစ်က အဖေဆုံးတော့ အဖေက ကျွန်တော့် အတွက် ပြတင်းပေါက်ကလေး ထားခဲ့တယ်။ အဲဒီ ပြတင်းပေါက်ကလေးကို တစ်ခေါက်မှ ကျွန်တော် ပြန်မရောက် ခဲ့ဘူး။

■




## စတုတ္ထရာသီဥတု

❒ မေယိမ့်ကို ညနေလာခေါ်မယ်လို့ ဖုန်းနဲ့ပြောလိုက်တော့ မေယိမ်ဘာပြန်ပြောတယ်မှတ်လဲ၊ ဘယ်အချိန်လဲတဲ့။ ဘယ့်လောက် ချစ်ဖို့ကောင်းတဲ့ မေယိမ်လဲ။ မငြင်းဘူး။ အင်းလေ မငြင်းဘူးဆိုတာကလည်း ငြင်းလောက်တဲ့စကားမှ သူမပြောခဲ့တာ။ ပြောဖို့လည်း သူ့မှာမှ မရှိတာ။ လွမ်းဆွတ်သတိရလို့ တွေ့မယ်။ မျက်နှာချင်းဆိုင် စကားလက်ဆုံကျဖို့ တွေ့မယ်။ တစ်ယောက်နဲ့တစ်ယောက် ရင်ဖွင့်ဖို့ တွေ့မယ်။ ထူးခြားတဲ့ နေ့ရက် အချိန်အခါတွေမှာ တွေ့မယ်။ သူတတ်နိုင် သူလာ။ ကိုယ်တတ်နိုင် ကိုယ်သွား။ ဒီလိုပဲမဟုတ်လား။ သူငယ်ချင်းဆိုတာ။

■

သူငယ်ချင်းဆိုလို့ ပြောရဦးမယ်။ ဟိုကောင် သားလေးဆိုတဲ့အကောင်။ အဲဒီကောင်က အရင်။ အဲဒီကောင်နဲ့က ဝါသနာခြင်းတူလို့သာ။ စိတ်သဘောချင်း တိုက်ဆိုင်ကြလို့သာ။ အဲဒီကောင်က ဆေးကျောင်းသား။ သူက ရုပ်ရှင်နဲ့ ပုံနှိပ်လုပ်ငန်း။ ဘာမှမဆိုင်ဘူး။ တခြားစီ။ တစ်မြို့စီ။ ဒါပေမယ့် အဲဒီကိစ္စမှာတော့ တူတယ်။ စာဖတ်တဲ့ကိစ္စ။ ဒီကောင် ဖတ်ချင်တဲ့ စာအုပ်တွေ သိဂီမော်က ရတဲ့ခါ၊ ဟိုက ဒီက ရတဲ့အခါ သူ့ပို့ပေးတယ်။ တစ်နေ့ မန္တလေးရောက်တုန်း ဒီကောင့် ဟိုတယ်မှာဆုံကြတော့ သားလေးက ပြောတယ်။ နေစိမ့် ဒါ

ငါ့အချစ်ဆုံး တဲ့။ အဲဒီမှာ မေယိမ်နဲ့သူ စတွေ့တာပဲ။ ပထမဆုံးတော့ မဟုတ်ဘူး။ ဒီအရင် ဝိဇ္ဇာပထမနှစ်သင်တန်းမှာ တွေ့ဖူးပြီးသား။ ဘာမှမဟုတ်ပေမယ့် မေယိမ့်ကို သူသတိထားမိပြီးသား။ သူ့ပုံကတစ်မျိုး။ ချောတာ လှတာမဟုတ်ဘူး။ ထူးခြားတဲ့၊ မှတ်မှတ်ထင်ထင်ရှိတဲ့ ရုပ်မျိုး။ နင့်ကို ပထမနှစ်မှာ တွေ့ဖူးတယ်လို့ မေယိမ်က သူ့ကိုပြောတယ်။ မေယိမ်က ဟန်မဆောင်တတ်ဖူး။ တခြားမိန်းကလေးတွေနဲ့ မတူဘူး။ ပွင့်လင်းတယ်။ ဖြောင့်စင်းတယ်။ ရင်ထဲရှိ ရှိတဲ့အတိုင်း။ တည့်တည့်ပဲ။ အဲဒါကြောင့်ပဲ သူတို့ လွဲခဲ့ကြရတာလည်းဖြစ်နိုင်တယ်။ သူတို့နှစ်ယောက်အတူတူ တတွဲတွဲတွေ့နေရပေမယ့် သားလေးက မန္တလေး။ မေယိမ်က ရန်ကုန်။ တစ်ယောက်တစ်နေရာ။ မိုင်လေးရာကို ဆက်သွယ်ရာမှာ အောင်မြင်တဲ့သူတွေပေါ့။ အိမ်ဦးနဲ့ကြမ်းပြင် ထင်ကြသူတွေပေါ့။ တစ်လတစ်ခါ သားလေးရန်ကုန်လာ။ တစ်ခါလာ တစ်ပတ်။ သားလေးလာတိုင်း သူ့တို့ သူ့ဆီလာနေကျ။ ဝင်နေထွက်နေကျ။ သူတို့သွားလေရာ ပါနေကျ။ သူတို့တွေ ဆုံရတဲ့ အဲဒီကာလတွေဟာ တကယ့်ကို ပျော်စရာ။ လူတွေပျော်။ လမ်းတွေပျော်။ မြို့ကြီးလဲပျော်။ နေ့ရက်တွေပျော်။ ရာသီဥတုတွေပျော်။ ကမ္ဘာကြီးလည်း ပျော်လို့။

■

ဒါပေမယ့် ဒီလိုအချိန် ကာလတွေဟာ ကုန်လွယ်တယ်။ သွေးလေ မြန်ဆန်တယ်။ သားလေး ဒုတိယ နှစ်မှာ တွေ့ခဲ့ကြတာ ဖိုင်နယ်ရောက်ပြီ။ လေးငါးနှစ် ကြာပြီ။ တစ်ခါတစ်ရံ သားလေးပြန်တဲ့ခါ မေယိမ် မန္တလေး လိုက်သွား တတ်ပေမယ့် နောက်တော့ သိပ်မလိုက်တော့ဘူး။ မန္တလေးက ပြန်ရောက်လို့ သူ့ဆီဝင်လာတဲ့ခါလည်း၊ သိပ်ကြည်ကြည်လင်လင် မရှိဘူး။ မေယိမ်တို့အိမ်မှာ သားလေး တံခါးမရှိ ဓားမရှိ ဝင်ထွက်နေပေမယ့် မေယိမ် မန္တလေးမှာ တစ္ဆေတစ်ကောင်လို ကိုယ်ယောင်ဖျောက်နေရ။ တစ်နေ့ အမေ့ကားနဲ့ သားကား လမ်းပေါ်သွားရင်းဆုံလို့ မေယိမ့်ခေါင်း၊ သားလေးဖိချလိုက်တာ မေယိမ် ခေါင်းနဲ့ကြမ်းခင်းနဲ့ ဆောင့်

ရတဲ့အမြစ်။ သူတို့တစ်တွေ သိပ်အလာကျဲသွားတဲ့ နေ့တစ်နေ့ မေယိမ် စာကလေးတစ်စောင် သူ့ကိုပေးသွား။ တို့တွေ ကွဲလိုက်ကြပြီတဲ့။ ဘယ်လိုအဆုံးသတ်ကြီးလဲ။ ရုတ်တရက် အိပ်မက်က လန့်နိုးရ။ ချက်ချင်းကြီး အဝေးလွင့်သွားရ။ အရာအားလုံး ကွယ်ပျောက်။ အရာအားလုံး ငြိမ်သက်။ နွေလယ်ခေါင် တစပြင်ကြီးလို။

•

အဲသလိုနဲ့ သုံးနှစ်လောက် ခြောက်သွေ့ သွားတဲ့ ကမ္ဘာကြီးဟာ တစ်နေ့တော့ နလံထ။ မေယိမ် ပြန်ပေါ်လာ။ ပြန်ပေါ်လာတယ်ဆိုတာ သူ့ကို မတွေ့မချင်း ရှာ။ ပုံနှိပ်တိုက်မှာ မဟုတ်တော့ဘူးဆိုတော့ မြို့ထဲထိ လိုက် လာ။ မေယိမ့်လက်ကို သူအကြာကြီး ဆုပ်ထား။ လွမ်းနေတာ။ နွေရာသီက မိုးဥတုကို လွမ်း။ စိုစွတ်တဲ့မိုးရေစက်တွေကို တမ်းတ။ မေယိမ်က ဆရာမကြီး လုပ်နေတာ။ နယ်ရောက် နေတာ။ ခုတော့ ရန်ကုန် မှာ။ အဆောင်မှာ။ များများမဟုတ်ပေမယ့် တစ်နှစ်မှာ နှစ်ခါ။ သူမွေးနေ့မှာ တစ်ခါ။ ကိုယ့် မွေးနေ့မှာ တစ်ခါ ဆုံကြ။ အဲသလို ဆုံရတဲ့ အချိန်ကလေးကိုပဲ သူတို့ကျေနပ်။ သူတို့ ကြည်နူး။ အဲဒီ ကြည်နူးမှုလေးနဲ့ ကျားကန်။ အဲဒီ ကြည်နူး မှုလေးနဲ့ ပုံပြု။ အဲဒီ ကြည်နူးမှုလေးနဲ့ပဲ ကြည်ကြည်နူးနူး နေထိုင်ခဲ့ကြ။

•

ဂီတ်ဝမှာ သူရပ်လိုက်တော့ အဆောင်ထဲက မေယိမ် ထွက်လာ။ ညနေခင်းဟာ ခရမ်းရောင်တွေနဲ့ ဖွဲ့စည်းလို့။ နီညိုရောင်ဆံပင်တွန့်လိပ်တွေ ပခုံးပေါ်မှာလွင့်လို့။ စတော် ဘယ်ရီရောင် ပန်းတစ်ပွင့် နှုတ်ခမ်းပေါ်မှာ ပွင့်လို့။

"ဘာရယ်တာလဲ" လို့ပြောရင်း မေယိမ့်လက်ချောင်း လှလှလေးတွေ သူ့လက်ထဲရောက်လာ။ "မရယ်ပါဘူး။ နင် ငယ်ငယ်က ဘယ်လိုပြုံးသလဲ ငါ စဉ်းစားမိလို့"

"ခုန ဘာပြောလိုက်တာလဲ ဟင်"

"မပြောရပါလား။ နင်ဘာကြားလို့လဲ"



"လှလိုက်တာတဲ့"

ဟက်ဟက်ပက်ပက် သူကရယ်၊ "သွားစမ်းပါ။ လစ်စင်းစကေး က ညွှံလိုက်တာ။ နင်ဘယ်လိုလုပ် စာသင်နေသလဲ၊ ဒီမယ် နင့်ကို လှတယ်ထင်၊ နင့်အလှတွေ ယစ်မူးသွားတာ တစ် ယောက်၊ ငါစဉ်းစားနေတာ တခြား"

"ဘာလဲ"

"အဲဒီသစ်ရွက်တွေပေါ် ဖြတ်လျှောက်လာတဲ့ နင့် ခြေသံ ဘယ်သူကြားဖူးသလဲလို့"

ဒီတစ်ခါရယ်တာ မေယိမ်။

"အဲဒါတွေ ရုပ်ရှင်ထဲ ထည့်လိုက်"

"အေး၊ ရေးရမယ့်ဇာတ်ညွှန်းက အဲဒါပဲ ဖြစ်မယ်"

"ဖြစ်မယ်ထင် လုပ်ပေါ့ဟာ၊ တို့ ခု ဘာလုပ်မှာလဲ"

"သွားမယ်လေ၊ ဘယ်အထိ လျှောက်သွားနိုင်လဲ၊ မသွားနိုင်တော့တဲ့ အထိပေါ့ဟာ"

"တကယ်လားဟင်"

"နင့်ဘယ်တုန်းက ငါနောက်ဖူးလို့လဲ"

"ဒါဆိုလဲ သွားကြတာပေါ့ ကမ္ဘာအဆုံး။ နေပါဦး ကမ္ဘာက ဆုံးဖော့ဆုံးလို့လား "

"အဲသလောက် မစဉ်းစားပါနဲ့ဟာ၊ ဒီမယ် ကြည့် ဟောဟိုမှာ စီရီနုတီ၊ အဲဒီရောက်ရင် ဆက်မသွားနိုင်တော့ဘူး။ အဲဒီမှာပဲ စားမယ်၊ ပြီးရင် နင်ပြန်၊ နင့်ဟာနင်ပြန်၊ ငါလိုက် မပို့ဘူး"

"အဲဒီလောက်ကြီးလည်း မကြင်နာပါနဲ့ဟာ၊ ငါမနေ တတ်ဘူး"

•

မိုးရွာပြီးစ ညနေခင်းထဲ လျှောက်လာခဲ့ကြ။ စီရီနုတီက စီရီနုတီ ဟန်ဆောင်။ ငြိမ်သက်တိတ်ဆိတ်။ ထောင့်စားပွဲလေး မှာ နေရာယူ။ မေယိမ့်အတွက် အချိုရည်။ သူ့အတွက် ဘီယာ။ ခွက်ခြင်းထိ ဆုတောင်းကြ။ ကိုယ့်ခွက်ကလေးတွေ ကိုယ်ကိုင် ရင်း ငြိမ်နေတုန်း။ ဖန်ခွက်ပေါ်က မေယိမ့်လက်ချောင်းကလေး တွေ သူမြင်နေရ။ ဒီလက်ချောင်းကလေးတွေ သိပ်လှကြောင်း

သူပြောခဲ့ဖူးတာ မေယိမ် သတိရ။ လက်ချောင်းကလေးတွေ တင် မကပါဘူး။ တစ်ကိုယ်လုံးလည်း လှပါတယ်လို့ မေယိမ် ပြန်ပြောခဲ့ဖူးတာ သူသတိရ။ ဖလော်က ဒေဗီနဲ့လွဲရလို့ သူ ကျောင်းထွက်သွားတာလေလို့ မကြာသေးခင်က ကြားရတဲ့ သတင်းကို မေယိမ် သတိရ။ မကြိုက်မှာ သိပေမယ့် အားမနာ တတ်တဲ့ မေယိမ်က ''ကျောင်းကထွက်ရလောက်အောင် နင် ခံစားရလို့လား '' လို့ မေး။ ''ကျောင်းကထွက်တာ မနေချင် လို့ပေါ့ဟာ၊ ဘာဖြစ်ရဦးမှာလဲ''လို့ သူက ပြော။

▪

''ဘာမှ မဖြစ်ဘူးပေါ့''

''ဘာဖြစ်စရာရှိလို့လဲ၊ နင်က ဘာဖြစ်နေလို့လဲ''

''ငါလည်း ဘာမှ မဖြစ်ဘူး။ ဒါပေမယ့် ငါက လူလေ''

''ဟိုကောင်က လူမဟုတ်ဘူးပေါ့''

''ဒါပေမယ့် အမေ့လူ''

''နင် နာနေတုန်းလား''

''ဟင့်အင်း ဘာမှမရှိတော့ဘူး။ ငါဟာငါပဲ''

''ဒီမယ် အဆိုးဆုံးဆိုတာ ကောင်းဖို့အတွက် အလှည့် အပြောင်းတစ်ခုပေါ့၊ အဲသလိုပဲ လက်ခံထားစမ်းပါ''

▪

စကားကို လက်စသပ်၊ အစားကို လက်စသပ်၊ ဆိုင် ထဲက မထွက်ခင် မေယိမ့်ကို နှုတ်ခမ်းနီတောင့်လေး တစ် တောင့်ပေး။ သူပေးနေကျ။ ရယ်ဗလွန်စတော်ဘယ်ရီ။

''နင့်ကို နေ့တိုင်း သတိရစေချင်လို့လား''

လမ်းပေါ်ရောက်တော့ မေယိမ်က မေး။

''စဉ်းစားချင်သလို စဉ်းစားပေါ့ဟာ၊ ပိုက်ဆံပေးရတာမှ မဟုတ်ဘဲ၊ ငါကတော့ နင့်ကို ဒီအရောင်နဲ့ လိုက်တယ်ထင်လို့''

''မွေးနေ့က နင့်မွေးနေ့ပါ၊ ငါက ပေးရမှာ၊ ဒါပေမယ့် အဲဒါမျိုးတွေ ငါမပေးချင်ဘူး''

''မပေးလည်း နင့်ကိုကျေးမှာပါပဲ''

▪



မေယိမ်က သူ့လက်ကိုဆွဲရပ်လိုက်တော့ နှစ်ယောက် မျက်နှာချင်းဆိုင် ဖြစ်သွား။ မေယိမ် သူ့ကိုကြည့်။ သူက မေယိမ်ကို ကြည့်။ မေယိမ်က သူ့ရင်ဘတ်ပေါ်လက်တင်ပြီး ''နင်ယူမယ်ဆိုရင် ပေးစရာက ဒီမှာ'' လို့ပြော။ သူတို့ ဆက် လျှောက်လာ။ အတော်ကြာမှ သူက ''နင်ကလည်းဟာ ပေးမယ့်ပေးတော့ အကုန်ပါပဲလား။ နင့်မှာအဲဒီလို အံ့သြလောက် အောင်လှပြီး ချစ်စရာကောင်းတာလေးတွေရှိတာ ငါသိပါ တယ်။ ဒါပေမယ့်ဟာ နင်ကငါ့ကို သတိရ၊ ငါကနင့်ကို တမ်းတ ရတဲ့ ခုလိုမျိုးပေါ့ဟာ၊ ခုလို အဲဒီလို တို့နေထိုင်ကြတဲ့ ရာသီဥတု ကလေး။ အဲဒီ ရာသီဥတုလေးက ပိုမကောင်းဘူးလား။ ပိုပြီး မအေးချမ်းဘူးလား''။

ဂိတ်ဝရောက်တော့ရပ်။ တစ်ယောက်ကိုတစ်ယောက် ကြည့်။ တစ်ယောက်နဲ့တစ်ယောက် ရှာဖွေ။ မေယိမ့် လက် တစ်ဖက်က သူ့မျက်နှာနဲ့လာထိ။ နင့်လက်ချောင်းလေးတွေ ညိဝ်လှတာပဲဟာလို့ သူပြောခဲ့ဖူးတဲ့ မေယိမ့် လက်ဖဝါးလေးက နွေး။

▪

''နေစိမ့် နင့်နာမည်ကြီး ငါ မုန်းလိုက်တာ''

''ဒီနေ့ နင်ပြောတဲ့ အထဲမှာ အဲဒါအကောင်းဆုံးပဲ''

မေယိမ့်လက်ကို သူလွှတ်ပေးလိုက်တော့ မေယိမ် အဆောင်ဆီ လျှောက်သွား။ ဝင်ပေါက် ရောက်တော့ လှမ်း လက်ပြ။ အဲဒီ သူ့ကိုပြတဲ့ မေယိမ့် လက်နွေးနွေးလေးက သူ့ပါးပေါ်မှာ ရှိနေတုန်းပဲ။

■

❒ သူမကို ပြောပြချင်ပါသည်။ ပြောပြချင်သည်လေ။

တပိုတွဲ ပေါက်လဲရယ်တဲ့ ငုံစီစီက စရမှာလား။ ဘာကို ဘယ်က စ။ စောစောစီးစီး ဆေးလိပ်ကလေး တစ်ဖွာလောက် ရှိုက်လိုက်ရ။ ခုနေ ပြင်းရှရှအရည်လေး တစ်ကျိုက်လောက် ကျိုက်လိုက်ရ။ ဆန္ဒတွေက များ။ ကဲလေ ခပ်လွယ်လွယ် ရေနွေးကြမ်းလေး တစ်ခွက်ပဲ သောက်ချ။ သက်သောင့် သက်သာ။ ရတာမလို၊ လိုတာမရ။ ဘယ်သူတွေ ဒီမှာလာ ထားခဲ့။ သာယာနာပျော်ဖွယ်ဆိုတာတွေ ဘယ်မှာ။ ဒါတွေနဲ့ပဲ အသားကျ။ ဒါတွေနဲ့ပဲ စခမ်းသွား။ ဒါတွေနဲ့ပဲ ရေစုံမျော။ ဒါတွေနဲ့ ရက်တွေရှည်။ ဘယ်ကမ်း ဘယ်သောင်မှာ ဆိုက်။ ခုဆိုက်နေတာ ဒီသောင်။ အရင် သောင်ကမ်းပါပဲလေ။ ဥဩ တွန်သံ ကြားရ၏။ နှင်းဝေဝေမနက်၊ ဆွတ်ပျံ့ဖွယ်ဥဩသံသာ၊ နွေကိုလှခဲ့ရှာ။ အဲဒါ ဟိုကောင့်ဟာ။ သက်သောင့်သက်သာ သုံးကြောင်းကဗျာလေး ရေးခဲ့ရှာသား။ သူသာ ကြားရင် ဟင်းဟင်း,ဟင်းဟင်းနဲ့ တဟင်းဟင်းရယ်မယ်။ ရယ်သောသူ အသက်ရှည်၏။ သူသေခဲ့ပါပြီ။ ကြွေခဲ့ပြီ။ နှင်းတွေ ဝေခဲ့ ပြန်ပါပြီ။ နှင်းတွေ ဝေမှဖြင့်ကွယ်ကို ဘယ်သူဆိုခဲ့။ နှင်းတွေ ဝေတော့ ဝေဝေ့ကို အောက်မေ့။ အေးကို အောက်မေ့။ နွေးကို အောက်မေ့။ ထွေးကို အောက်မေ့။ အမေ့ကို အောက်မေ့။ အောက်မေ့စရာတွေ ဒုနဲ့ဒေး။ ဘာပါလိမ့် ဒုနဲ့ဒေး ဆိုတာ။ စကားတွေက ကျယ်။ အပြော ကျယ်။ ကြီးကျယ်။ ကျယ်ပြော





တဲ့ မြစ်ကြီးတောင်မှ အစအန မမြင်ရ။ နှင်းမြူတွေက သိပ်သိပ်သည်းသည်း ကျလို့။ ဒီလောက်ကျယ်တဲ့ မြစ်ကြီးတောင်မှ အမှုန်အမွှားလေးတွေက ပိန်းပိန်းပိတ် ကာဆီး။ ဘယ်မှာလည်းလေ၊ ကဲ ကြည့်ကြစမ်းပါ။ မြစ်ကြီး ဘယ်မြင်ရတော့လို့တုန်း။ ရက်ရက်စက်စက်၊ ပက်ပက်စက်စက်၊ ပိန်းပိန်းပိတ်လို့။ မလှမ်းမကမ်းတောင်မှ မမြင်ရ၊ ပိန်းပိန်းပိတ်လို့။ မြစ်ကြီးတော့ ဝေ။ အမှုန်အမွှားလေးတွေကလေ။

■

ခုလိုအချိန်မျိုး မြစ်ကမ်းနဖူးမှာ အိုးတွေ ဖော်ပေတော့မည်။ မနက်စောစော ချမ်းချမ်းစေးစေး။ ကမ်းမမြင်လမ်းမမြင် မြူနှင်းတွေကြား။ မပီမပြင် အမှုန်အမွှားတွေကြား။ ဆယ့်နှစ်ပေကျယ်ဝန်းတဲ့ ဖိုဝိုင်းဝိုင်းကြီးထဲမှာ။ အိုးကျက်အိုးမာတွေ အောက်က အမာခံမှောက်။ နေဝနေတဲ့ အိုးစိမ်းအကြီးကြီးတွေ ကရွတ်ခွေစီ။ ကြီးစဥ်ငယ်လိုက် မပြိုအောင် အဆင့်ဆင့်တင်။ တောင်ပို့ကြီး တစ်လုံးလို လုံးစီ။ အပေါ်က ကောက်ရိုးတွေဖုံး။ ကောက်ရိုးတွေပေါ်က ရွှံ့နဲ့သရွတ်ကိုင်။ ပေါင်လုံးလောက် ထင်းတုံးကြီးတွေ ဖိုပေါက်လေးပေါက်မှာ မီးဖို။ မီးကျီခဲတွေရမှ ဖိုထဲ ထိုးသွင်း။ ညဦးပိုင်း စောစောက စ။ မီးသင်းဖိုကြီး တစ်ခုလုံးရဲ့ သရွတ်တွေ တဖြည်းဖြည်း ပြာကျအက်ထသွားမှ ဖိုထဲ ကျောက်စရစ်ခဲလေးနဲ့ ပစ်ကြည့်။ အိုးသံလွင်လွင် ကြားရပြီဆို ကျက်ပြီ။ သန်းခေါင်လောက်မှာ ဖိုသိမ်း။ မနက်စောစော ချမ်းချမ်းစေးစေး၊ ပူပူနွေးနွေးအိုးလေးတွေရ။ ဖိုပေါ်တက်ပြီး ထိပ်ဆုံးက စဖော်။ အိုးသည်က အိုးတစ်လုံးဖြုတ်လိုက်တာနဲ့ ဝယ်လက်တွေက ကိုယ်နဲ့ဆိုင်တာဆွဲယူ။ လက်ဆစ်နဲ့ခေါက်ပြီး အသံအောင်တဲ့ အိုးရွေးကြ။ ဖျင်းအိုး။ ပေါင်းအိုး။ သောက်အိုး။ ခပ်အိုး။ အိုးနားကုပ်၊ ငှူးအိုး။ ထမင်းအိုး။ ဟင်းအိုး။ မြူအိုး။ မုန့်အိုး။ အင်ဒုံ၊ ပန်းအိုး။ အတာအိုး။ ကြာပန်းကန်၊ အိုးပုတ် ဂျိုးရုပ်။ ဝယ်လက်တွေက ကိုယ်နဲ့ဆိုင်ရာဆိုင်ရာ ရွေးယူလိုက်ကြတာ အိုးဖိုကြီး တစ်ခုလုံးလည်းဖော်ပြီး။ ရောင်းလို့လည်း ပြီး။

■

နှင်းမကွဲသေး။ နေခြည်မဖြာသေး။ ကမ္ဘာကြီးလည်း ကြည်ကြည်လင်လင် မနိုးထသေးခင် ရောဝတီမြစ် နံဘေးက အိုးရှေးခင်းလေး စဲ။

သူမကတော့ အိပ်ရာထဲမှာ ငြိမ်သက်အိပ်စက်လို့ ကောင်း။ ဖိမ်ယူလို့ကောင်း။ မနက်ခင်း ရွှေအိပ်မက်ကလေးတွေ မက်လို့ကောင်းနေတုန်း။

■

ပြောပြချင်သည်လေ။ သူမကို ပြောပြချင်ပါသည်။

ဘယ်တော့မှ မရှိ။ ဘယ်တော့မှ ပြောမကုန်နိုင်တဲ့ မြစ်ကြီးနဲ့ စ။ ဒီလိုရာသီ မြစ်ကြီးမှာ သောင်တွေထွန်း။ သောင်တွေ ထွန်းလာပြီဆို ရေအောက် အရိပ်မည်းမည်းကြီး စမြင်ရ။ ခြေသလုံးဒူးဆစ် နစ်တဲ့ရေထဲ သဲခုံကြီးကျယ်သမျှ မြစ်ပြင်ကျယ်ကြီးထဲ လျှောက်သွား၍ ရကြောင်း ပြောပြချင်သည်။ ရေထဲ သဲပြင်ပေါ် ဖိနပ်မပါ ခြေဗလာဖြင့် သူမကို လျှောက်၍ သွားစေချင်ပါသည်။ ရေစီးကို တိုး၍ ရုန်း၍ လှမ်းလိုက်တိုင်း လှမ်းလိုက်တိုင်း ခြေဖဝါးနှင့် သဲမွှမွှထိတွေ့သည့် အရသာ ခံစားစေချင်သည်။ စိတ်လွတ်ကိုယ်လွတ် သူမကို အော်ဟစ် ခုန်ပေါက်စေချင်သည်။ ပျော်ရွှင်ကြည်နူးရခြင်းဆိုတာ ဘာလဲ။ သူမကို သိစေချင်သည်။ ထိတွေ့စေချင်သည်။ ခြေထောက် ညောင်း၍ မသည်နိုင် မလျှောက်နိုင်သောခါ ရေထဲလှဲချ၍ သဲမွှမွှပေါ် လဲလျောင်း၍ ရေစီးတို့ တိုးဝှေ့ပွတ်တိုက် ကျီစယ် ခြင်းမှာ ကြည်နူးစေချင်သည်။ သဲပြင်ကြီး ပေါ်လာသောအခါ သောင်ခုံပေါ်မှာ ပြေးဆော့နိုင်၊ လျှောက်သွားနိုင်၊ လဲလျောင်း နိုင်၊ သဲပုံရုပ်တွေလုပ်၍ ဆော့ကစားနိုင်ကြောင်း။ ထို့ပြင် လက်ယက် သဲတွင်းကလေးများအကြောင်းလည်း ပြောပြချင် သည်။ မြစ်ကမ်း အလှမ်းဝေး၍ သောက်သုံးရေ လိုသောခါ လက်ယက် သဲတွင်းကလေးများမှ ရေကြည် ရေသန့် ရနိုင် ကြောင်း။ တစ်ခွက်ခပ်၍ လျော့သွားတိုင်း ချက်ချင်းပြန်၍ ပြည့်လာကြောင်း။ ဘယ်အခါမှ လျော့မသွားကြောင်းကိုလည်း ပြောပြချင်ပါသည်။ ရေတွင်းကလေးတွေလို ငွေတွင်းကလေး တွေရှိရင် ဘယ်လောက် ကောင်းမလဲ။ တစ်နေ့ရှိမလာဘူးလို့



ဘယ်သူပြောနိုင်လဲ။ တစ်နေ့ တစ်နေ့။ တစ်နေ့မှာ၊ တစ်နေ့ တော့၊ တစ်နေ့ကျရင်၊ ကဲ ထား။ သောင်တွေနဲ့ တစ်ပြိုင်တည်း သောင်ငါးပေါက်ကလေးတွေ၊ ကိုင်းသီးနှံတွေလည်း ပေါ်လာ ကြောင်း။ သောင် ငါးပေါက်ကလေးတွေနဲ့ ကိုင်းခရမ်းချဉ်သီး၊ ပြုပ်သီးစိမ်းတို့ဖြင့် ဆီပြန်ခြောက်ခြောက် ချက်စားရကြောင်း။ ကုလားပဲရွက်၊ ပဲလွန်းရွက်၊ ဆူးပန်းရွက်၊ မုံညင်းပင်ပေါက်တွေ နှံသီးတွေနဲ့ တစ်ပြိုင်တည်းပေါ်ကြောင်း ပြောပြချင်ပါသည်။ ဒါတွေပြီးရင် ချပ်လှပ်ထားလို့မရတဲ့ ထန်းတောထဲ သူမကို ခေါ်ရပေတော့မည်။ အဲဒီမှာ ချိုလေးခါး အပျိုလေးဖျား။ ထန်း ရည်ခါးတွေ ရှိ၏။ အရသာဆိုတာ ဘာလဲ။ ဝိုင်ဆဲလားတွေရဲ့ ဖန်ကလပ်ထဲမှာလား။ မြေအောက်ခန်းထဲ နှစ်များစွာ လှောင် ထားတဲ့ စည်ကြီးတွေထဲမှာလား။ မြူအိုးဝမှာ မိုးမောက် လျှံကျ နေတဲ့ အမြှုပ်ဖြူဖြူ ဖောင်းဖောင်းကြီး ဖယ်လိုက်ရင် အမြှုပ် ကလေးတွေ တစ်စီစီဆူဝေနေတဲ့ ထန်းပင်ကျရေ။ ငုံ့ထည့် လိုက်ရင် အုန်းမှုတ်ခွက်ထဲ တစ်ဖျပ်ဖျပ်။ သောက်ချလိုက်တော့ ချိုမြမြ၊ ချဉ်ဖြူးဖြူး၊ ခါးသက်သက် အရသာရ။ လည်ချောင်းထဲ အေး၊ ရင်ထဲနွေးသွားပေလိမ့်မည်။ အဒါးရည်သာ ဆိုရင်တော့ သူမဖျား။ မဖျားရင်လည်း ချာချာလည်သွားပေလိမ့်မည်။ မိုးရေ လို ကြည်လဲ့၊ ဘယ်လိုအချိုရည်မျိုးနဲ့မှ မတူတဲ့၊ တုပလို့ လည်း မရတဲ့ ထန်းရည်ချိုမွှေးမွှေးလေးပဲ ကောင်းပါလိမ့်မည်။ ပြီးတော့ ချိုမွှေးအရသာရှိတဲ့ ထန်းလျက်ခဲလေး တစ်လုံး အကြောင်း ပြောပြရပေဦးမည်။

သူမကတော့ မှန်ရှေ့မှာ သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်း၍ မှန်ရှေ့နောက်ကြည့်ကာ ကျောင်းသွားဖို့ စိတ်ကြိုက် အလှပြင်နေပါလိမ့်မည်။

■

ပြောပြချင်ပါသည်။ သူမကို ပြောပြချင်သည်လေ။

ချိုမွှေးအရသာရှိတဲ့ ထန်းလျက်ခဲတစ်လုံးကို သူမ စားဖူးဖို့ဝေး၊ ရှိကြောင်း သိမျှပင်သိဦးမည် မဟုတ်ပါ။ 'ဒီလို အေးတဲ့ မနက်ခင်းမှာ မုန့်ဟင်းခါး ကောင်းကောင်းလေး တစ်ပွဲလောက်စားပြီးမှ ကျောင်းသွားရရင် နွေးတာပေါ့အဖေရဲ့'

လို့ သူမ ပြောတတ်ပါသည်။ ထန်းလျက်ခဲဆိုတာကလည်း ဖြူတစ်လှည့်၊ ဝါတစ်လှည့်၊ ညိုတစ်လှည့်၊ မည်းတစ်လှည့်၊ အရောင်အမျိုးမျိုးထွက်ပြီး သဲတစ်ရှပ်ရှပ်နဲ့ပါလို့ပဲ သိပါလိမ့်မည်။ သန့်ရှင်းလတ်ဆတ် ချိုမွှေးအရသာရှိသော ထန်းလျက်ခဲလေးတစ်လုံးရဖို့ ကြည်သန့်တဲ့ ထန်းရည်ချိုက စရပါလိမ့်မည်။ မကြည်မသန့် မချို၊ အဖြူနှစ်တွေထနေတဲ့ ထန်းရည်ကတော့ အခါးရည်လုပ်ဖို့ပဲ ကောင်းပါသည်။ အစကတည်းက ဖြူပြီး ချဉ်နေတဲ့ ထန်းရည်ရဲ့သတ္တိက အခါးရည်ပြောင်းသွားရင်တော့ အရာရောက်။ အခါးရည် ထန်းပင်က မထွက်။ အခါးရည်လုပ်ဖို့ ဖြူပြီး အနှစ်ထနေတဲ့ ထန်းရည်နှစ်တွေ စုထား။ သုံးလေးရက်ကြာတော့ အချဉ်ပေါက် အနှစ်ရ။ မြူအိုးထဲ အဲဒီအနှစ်ခံ၊ တစ်စက်ချင်းကျနေတဲ့ အချိုရည်စမှာ ဆွဲထားလိုက်ရင် အခါးရည်ရ။ 'ထန်းပင်ကျရည်'၊ ထန်းပင်ကျရည်၊ ချိုတစ်မြမြ ခါးသလေလေ' လို့ ကြားဖူးခဲ့တာ နတ်သီချင်းပါ။ ဇာတ်မင်းသားကြီးတစ်ယောက်လည်း ကြိုက်ခဲ့ပုံပါပဲ။ အပင်က ချစမှာ ချိုလည်းချို၊ ချဉ်လည်းချဉ်နဲ့ အရသာရှိတော့ အုန်းမှုတ်ခွက်ကြီးနဲ့ တစ်ခွက်ကြီး သောက်ချပါလိမ့်မယ်။ အဲဒီ မှုတ်လောက်တော့ ထန်းရည်ကြိုက်တဲ့ ဘယ်သူမဆို သောက်နိုင်တယ်။ အရက်သာ မှုတ်နဲ့ သောက်ချလို့ကတော့ နေရာတွင် ပွဲချင်းပြီးပဲ။

■

ထန်းပင်တပင်က ထန်းရည်ရဖို့ ဝါးက စရပါလိမ့်မည်။ နီးဝါး။ မောင်းဝါး။ ရင်းထောင်ဝါး။ နီးဝါးကို နီးဖြာ။ မောင်းဝါးကို နင်းတက်ဖို့ အခက်တွေ အနေတော်ဖြတ်။ ရင်းထောင်ဝါးရှည်ရှည်တောင့်တောင့်ကို ဖျောင့်ဖျောင့်ရအောင် တုတ်ရိုက်နေလှမ်း။ ထန်းတစ်ပင်နဲ့ တစ်ပင် ရင်းထောင်ကို ပြောင်းရွှေ့တဲ့ခါ ပေါ့ပါးဖို့ လက်ပံသား လှေကားထစ်ကလေးတွေနဲ့ ရင်းထောင်လုပ်။ ရင်းတစ်ပြန်ထက်ရှည်တဲ့ မြင့်တဲ့ အပင်ကို အပေါ်ပိုင်းမှာ မောင်းကြပ်။ မောင်းအောက်မှာ လက်ပံသားတကူတုံးကလေးတွေ ခံပြီး မောင်းနဲ့ ထန်းပင်လုံးကို နီးနဲ့တုပ်။ အပင်ပေါ်မှာမလိုတဲ့ အလက်တွေရှင်း။ ထန်းစတွေ ရှင်းရှင်းလင်းလင်းပေါ်လာအောင် အလက်တွေနင်းချ။ အဝင်အထွက်



အလှည့်အပြောင်းကောင်းဖို့ နင်းချထားတဲ့ အလက်တွေဖြတ်တောက်။ ထန်းလက်ပေါ်မှာ ကိုယ်ကို ချိပ်မှောက်ပြီး ခားလှီးဖို့ ပန်လက်တွေကိုထွင်၊ ထန်းခေါက်ကြိုးနဲ့ လျှော့ရဲမသွားအောင် ထိန်း။ ဝါးနှစ်ချောင်းကို ထန်းလက်အရင်းမှာ ပင်လုံးညှပ်လျှို၊ အဖျားဘက်က အပေါ်လက်မှာ ကြိုးနဲ့ဆိုင်း။ အဲဒီဝါးနှစ်ချောင်းပေါ် ခွထိုင်ပြီး ထန်းစပြင်။ ထန်း စပြင်တယ်ဆိုတာ ဆရာဝန်တွေ ခွဲစိပ်သလိုပါပဲ။ ထန်းစအပေါ်လွှာအဖတ်ရင့်တွေကို မလိုတဲ့နေရာ မထိမရှအောင် ခားနဲ့ခွဲပြီးခွာ။ ထန်းနို့ချောင်းနုနုကလေးတွေကို ထန်းဖူးနှနဲ့ ပတ်တီးစည်းသလို စည်း။ ထန်းချွေးတယ်လို့ ခေါ်တယ်။ သုံးလေးရက်အကြာ နွမ်းသွားတော့မှ ခားနဲ့ပါးပါး စလှီး။ (အဲဒါက ထန်းဖို။ တပိုတွဲမှာ စည်တဲ့ထန်း။ ပြာသို၊ တပို့တွဲ၊ တပေါင်းအထိ ရ။ ထန်းစအနုတွေမှာ နောက်ကျလို့ပဲဖြစ်ဖြစ်၊ နုသေးလို့ပဲ ဖြစ်ဖြစ်၊ ချန်ထားပြီး ရင့်လွန်လာတဲ့အခါ တစ်ကြိမ်။ ပွင့်ဖတ်တွေနဲ့ ပြိုင်းရိုင်းထနေတဲ့ ထန်းနို့ချောင်း ရှည်ရှည်ကြီးတွေကို သစ်သားညှပ်နဲ့ မကျိုးအောင်ညှပ်။ ထန်းနို့ချောင်းတွေ ပျော့သွားရင် ထန်းရွက်နဲ့စည်းထုပ်ထား။ တစ်ပြိုင်တည်းလောက်မှာပဲ သီးခိုင်တွေ အများကြီး ထွက်တဲ့ ထန်းမ။ အသီးကင်း အသီးနုလေးတွေကြား ရှားသားကို အဖုကလေးလုပ်ထားတဲ့ ခေါက်တံနဲ့ထု။ အရိုးတံကို ပျော့အောင်လုပ်ပြီး လှီးယူတာ။ အဲဒီထန်းဖိုထန်းမညှပ်သီးနုလို့ခေါ်တဲ့ ရာသီက တန်ခူး၊ ကဆုန်၊ နယုန်။ အသီးတွေရင့်လာတဲ့အခါ တစ်ကြိမ်။ အပင်ကို အသီးနဲ့ဆောင့်၊ ဒုတ်နဲ့ရိုက်ဖို့လိုရင် ရိုက်ပြင်တဲ့ရာသီက ဝါဆို၊ ဝါခေါင်၊ တော်သလင်း။ ပြင်ပြီး သုံးလေးရက်ကြာ နွမ်းသွားမှ လှီး။ လှီးတာအတူတူပဲ။ ခားနဲ့ပါးပါး လေးငါးဖတ် အရည်စိမ့်ကောင်းရုံလှီး) လှီးစမှာတော့ အရည်စိမ့်ရုံပဲ။ နှစ်ရက်သုံးရက် လှီးလိုက်တော့မှ အစက်ကျလာ။ အိုးနဲ့ခံဖို့ လုံလောက်အောင် အစက်ကျပြီဆိုမှ မြူအိုးမှာ ကြိုးတပ်ဆွဲ။ မနက်တစ်ခါ ညတစ်ခါ လှီး အိုးလဲ။ ထွက်တဲ့အရည်က အချိုရည်ပဲ။ အချိုရည်ခံဖို့ မြူအိုးကို မီးသင်း မွှိုင်းခံ။ ဒါမှ အိုးလည်းရေမစိမ့်။ အချိုရည်ကြည်ကြည်လေးလည်းရ။ ညနေဘက် ရတဲ့အရည်ကို ရေဆူရုံကျိုထား။ မနက်ဘက်မှာ တစ်ညလုံး အိုးပြည့်အိုးလျှံရတဲ့

အရည်ကို ဖိုပေါက်တွေအများကြီးနဲ့ ဖိုမှာ အိုးတွေအများကြီးနဲ့ ကြို။ တစ်နာရီခွဲ နှစ်နာရီကြိုလိုက်ရင် ဒယ်အိုးထဲမှာ မွှေဖို့ အနေတော်ကျက်လာ။ ဖိုပေါ်က ချ။ ထန်းလက်ယောက်မနဲ့ မွှေ။ တော်တော်ကြာကြာ မွှေလိုက်ရင် ပစ်ခဲလာ။ အဲဒီပျော့ပြဲပြဲ ခဲစမှာ ရွာသားနဲ့လုပ်ထားတဲ့ ယောက်ချိုနဲ့ကော်။ ယောက်ပြား ပေါ်တင်။ ဝါးခေါက်ကလေးနဲ့ လိုချင်တဲ့ အတုံးအတောင့်ကလေး တွေ ရအောင်လှီးချ။ ထန်းလျက်ခဲလေးတွေ လှီးချဖို့ နှီး ဖန်းကြီးတစ်ခုမှာ ဖွဲနုတွေ ဖြန့်ခင်းထား။ ထန်းလျက်ခဲလေးတွေ ဖန်းနဲ့အပြည့်။ မြေပဲနဲ့စားချင် မြေပဲ။ ပေါက်ပေါက်နဲ့စားချင် ပေါက်ပေါက်။ နှမ်းနဲ့စားချင် နှမ်း။ အုန်းသီးနဲ့စားချင် အုန်းသီး။ ခုန ပျော့ပြဲပြဲဒယ်ထဲ ထည့်မွှေလိုက်ရုံပဲ။ လိုချင်တဲ့ အတုံးအခဲ အနေအထား ပြင်ယူရုံပဲ။ ထန်းလျက်ဖိုထဲ ထန်းလျက်နံ့တွေ ထောင်းထောင်းထ။ တစ်တောလုံး တစ်တောင်လုံး ထန်းလျက် နံ့တွေနဲ့ မွှေး။ ဟောဒီမှာ ထန်းလျက် ခဲလေးတစ်လုံး။ လတ်လတ်ဆတ်ဆတ်။ ဒါမျိုးထန်းလျက်ခဲ ဘယ်မှာ ရှိမလဲ။ ရောဝတီအလယ်ပိုင်း အောက်ဘက်နားက လာတာ။ မြစ်ကြီး နံဘေးမှာ ဖြစ်တာ။ မလိုင်ခဲလို အရောင်အသွေးရှိပြီး မလိုင်ခဲ လိုပဲ ချိုမွှေးအရသာရှိတဲ့ ထန်းလျက်ခဲလေး တစ်လုံးလေ။

▪

သူမကတော့ ချောကလက်ဘား လို့ခေါ်တဲ့ ချော ကလက်တောင့်ကို ကြိုက်ပြီး ချော့ကွိုင် လို့ခေါ်တဲ့ ချော ကလက် ရွှေဒင်္ဂါးပြားကလေးတွေ ဆောင်ထားမည်။ သူမ အတန်းထဲက တော်တဲ့တပည့်များကို ရွှေဒင်္ဂါးတစ်ပြားစီ ဆုချ ပေလိမ့်မည်။ ကျောင်းဆင်း၍ ကားလာကြိုသောအခါ ကား ပေါ်မှာ အိပ်ငိုက်ပါလာမည်။ အေးလေ စားချိန်၊ နားချိန်ဆိုတာမှ လုံလုံလောက်လောက်မရှိတာ၊ ပင်ပန်းပေမပေါ့။ ပြောဖို့က ရှိလာပြန်ပြီ။ ပွဲသွားကြော့ကြော့ ပွဲပြန်မော့မော့လိုပဲ ကျောင်း သွား စိတ်ကြိုက်၊ ကျောင်းပြန် အိပ်ငိုက်ဆိုတာလည်းရှိကြောင်း အချိန်ရတဲ့တစ်နေ့ကျမှ အေးအေးဆေးဆေး အချိန်ယူ၍ သူမကို ပြောပြရဦးမည်၊ ပြောရဦးမည်လေ။

■



# ရင်ထဲ ဝေ့လယ်ဝဲလို့

Science cannot approach the supernatural,
(Science Method)

❐ ဘာလဲတော့မသိဘူး။ ဒီကိစ္စ တစ်နေရာသွားချင်တာက တော။ ဟုတ်တယ်၊ တစ်နေရာ။ အဲဒီ တစ်နေရာဆိုတာက လည်း မဖြစ်မနေ တစ်နှစ် သုံးခါသွားရတဲ့ ပုဂံလိုနေရာမျိုးလည်း မဟုတ်ဘူး။ တစ်ခါတစ်ရံ ကြုံတောင့်ကြုံခဲမှ ရောက်ရတဲ့ ချောင်းသာကမ်းခြေလို နေရာမျိုးလည်း မဟုတ်ဘူး။ ဘယ်လို ပြောမလဲ။ လူတွေ မရောက်တဲ့ နေရာ။ ဘယ်သူမှ မသွားတဲ့ နေရာ။ ခေါင်တဲ့ တိတ်ဆိတ်တဲ့ တစ်နေရာ။

ဒါဆို ဖျောက်ဆိတ်ပင်သွား နှင့်စိတ်တွေ ဖြေဖျောက် လိုက်လို့ သူငယ်ချင်း ခင်မွေ့ကပြောတော့ နောက်နေတာလို့ ထင်သေးတာ။

■

ဖျောက်ဆိတ်ပင်ဆိုတာ အုတ်သျှဉ်ပင်လို လမ်းဆုံမြို့ တစ်မြို့မဟုတ်ဘူး။ ယင်းမာပင်လို ရထားရပ်တဲ့ ဘူတာတစ်ခု မဟုတ်ဘူး။ ခြံတစ်ခြံပဲ။ မြို့နဲ့ လေးငါးခြောက်မိုင်ဝေးတဲ့ ခြံ။ အဘိုးရဲ့ ခြံ။ တို့တွေရဲ့ ခြံပေါ့။ အဲဒီမှာ ကျောင်းပိတ်ရင် ငါ သွားသွားနေတဲ့ အိမ်ရှိတယ်။ ဘယ်သူမှ မနေဘူး။ ခြံကို စောင့်ရှောက်နေတဲ့ ငါ့အမျိုးတွေက သူတို့အိမ်နဲ့သူတို့။ ခြံက ကေ နှစ်ဆယ်ကျော် ကျယ်တယ်။ သရက်ပင်တွေ ရှိတယ်၊

ဒီးပင်တွေ ရှိတယ်၊ ဩဇာပင်တွေ ရှိတယ်၊ သနပ်ခါးပင်တွေ ရှိတယ်။ ရာသီအလိုက် စိုက်ခင်းတွေ ရှိတယ်။ ထန်းရည် ကောင်းကောင်းထွက်တဲ့ ထန်းတော တစ်တောလည်းရှိတယ်။ မြစ်ကမ်းနံဘေးဆိုတော့ ဧရာဝတီမြစ်ကြီးလည်း မြင်နေရမယ်။ မြစ်ရေချိုး၊ ထန်းရည်သောက်၊ ကြယ်တွေကြည့်၊ စိတ်မကုန် သေးလို့ ရုပ်ရှင်ရိုက်ချင်သေး။ ဇာတ်ညွှန်းတစ်ပုဒ်လောက် ပြီး အောင်ရေးခဲ့။ ကိုယ့်ကားနဲ့ ကိုယ်သွားမယ်ဆိုလည်း မြဲထဲထိ ယူသွားလို့ ရတယ်။ နင့်ဟိုက်လပ်စ်နဲ့ဆို အတော်ပဲ။ ဘာမှ မခက်ဘူး။ မြို့မြောက်ဖက် အထွက်လမ်း။ စက်ရုံသွားတဲ့ လမ်း အတိုင်း သွား။ သုံးလေးမိုင်လောက်မှာ လမ်းခွဲ။ လမ်းခွဲကျ သစ်တောလမ်းအတိုင်း လိုက်။ တစ်မိုင်လောက်ရောက်ရင် ညာဖက်မှာ ထန်းတောနဲ့ ထီးထီးမားမား သစ်ပင်ကြီးတစ်ပင်။ အဲဒါ ဖျောက်ဆိတ်ပင်ပဲ။

■

ဒါပဲ။ အဲသလို ဖျောက်ဆိတ်ပင်ကို သူရောက်လာခဲ့ တာ။ ဖျောက်ဆိတ်ပင်ခြံဟာ တကယ်တော့ အပူပိုင်းဒေသမှာ သိပ်ဂရုစိုက် ပြုပြင်စရာမလိုတဲ့ အပူပင်တွေနဲ့ ရှင်သန်နေတဲ့ခြံပါ။ ထန်းပင်တွေရဲ့ အလယ်တည့်တည့် သူတို့အဘိုး လက်ထက် ကတည်းကရှိခဲ့တဲ့ ဖျောက်ဆိတ်ပင်ကြီးရဲ့ အမြစ်ဆုံဟာ ပေ နှစ်ဆယ်ကျော် အချင်းရှိတယ်။ အသက်ရှည်လွန်း၊ ကြီးမား လွန်းလို့ နတ်ကြီးတယ်လို့ ယုံကြည်ကြ။ ဒီအပင်ကြီး တစ်ဝိုက် အပြောအဆို အနေအထိုင် ဆင်ခြင်ကြ။ တချို့ ပူဇော်ပသကြ ဆိုပဲ။ ဖျောက်ဆိတ်ပင်ရဲ့ အစဉ်အလာကို ဆက်ထိန်းထားတဲ့ မောင်ဒိုးက အုန်းမှုတ်ခွဲထဲ ငှဲ့ထည့်လိုက်ရင် ရှဲခနဲမြည်။ အမြှုပ် တွေ တဖျပ်ဖျပ် ခုန်ထသွားတဲ့ ထန်းရည်နဲ့ သူ့ကို ကြိုဆိုတယ်။ သရက်ပင်တွေရဲ့ကြား ခင်မွေ့နေခဲ့တယ်ဆိုတဲ့ အိမ်ကြီးက ကျွန်းတိုင်လုံးကြီးတွေနဲ့ ဆောက်ထားတဲ့ အညာခြေတံရှည် အိမ်ကြီးပါ။ အိမ်ရဲ့ရှေ့ဘက်မှာ ထားဝယ်ပိုင်းပန်းတွေ ဝေနေတဲ့ လသာဆောင်ကြမ်းပြင်ကြီးရှိတယ်။ ပူလွန်းတဲ့ နေ့လည်ခင်းတွေ မှာ သရက်ပင်အောက် ကွပ်ပျစ်မှာ နား။ နေညိုချိန် ကမ်းနား သောင်ပြင် ဆင်းထိုင်။ မြစ်ရေချိုး။ ညကျ ထားဝယ်ပိုင်း



ပန်းတွေဝေနေတဲ့ ကြမ်းပြင်မှာ ကြယ်တွေကြည့်ရင်း အိပ်။ ဒါ သူဘာဝ မရဘူးသေးတဲ့ စည်းစိမ်းဥစ္စာပေါ့။

■

ဘယ်သူ့ အကြာကြီး ငြိမ်နေနိုင်လို့လဲ။ တစ်ပတ် လောက်ကြာတော့ သူ့အပြင်ထွက်ဖြစ်တယ်။ ပြဿနာက အဲဒီမှာ စတာပဲ။ ဖျောက်ဆိတ်ပင်ခြံနဲ့တော့ တည့်တည့်မဆိုင် ဘူး။ ဖျောက်ဆိတ်ပင်လမ်းနဲ့ ဆိုင်တယ်။ လမ်းဆိုပေမယ့် မည်ကာမတ္တလမ်း။ ကားတစ်စီးသွားသာရုံ၊ ကားတစ်စီး သွား ဖြစ်ရုံ၊ မြေသားလမ်း။ လမ်းဘေးမှာ မြုံနွယ် ပိတ်ပေါင်းတွေ ထူတယ်။ အကွေ့အကောက် အဆင်းအတက်တွေ များတယ်။ သစ်တောလမ်းဆိုပေမယ့် သစ်ကားတွေကလည်း တစ်ခါတစ်ရံ မှ သွားတဲ့ပုံမျိုး။ အလာတုန်းက ဘာမှ မတွေ့ရသလို၊ မြို့ထဲ ထွက်လာတော့လည်း ဘာမှ မတွေ့ရဘူး။ မဟုတ်ဘူး။ အဲသလို မဟုတ်သေးဘူး။ စက်ဘီးတစ်စီးတွေ့လိုက်တယ်လို့ သူထင် တယ်။ သိပ်မသေချာဘူး။ ဒုတိယတစ်ခေါက် ထပ်တွေ့တယ်။ ရှေ့ကိုက်တစ်ရာလောက်မှာ။ ဖျပ်ခနဲ တွေ့လိုက်ရတာ။ ကွေ့မှာ ပျောက်သွားတာ ပြန်ပေါ်မလာတော့ဘူး။

■

ဘာလဲ။ ဒါဘာလဲ။ ဘာဖြစ်တာလဲ။ လမ်းဘေး ဆင်း သွားတာပဲနေမှာ။ ဘာကြောင့်လဲ၊ စဉ်းစားမနေနဲ့ သူဆင်းချင် လို့။ ထားတော့။ ထားတော့ဆိုပေမယ့် လုံးဝထားထားမှာတော့ လည်း မဟုတ်ဘူး။ ဘာလဲလို့ သိတော့သိရမှ။ စိတ်ဆိုတာက ဆန်းသား။ ဒီနေ့ လမ်းပေါ်ရောက်လာတာနဲ့ သတိထားနေ တယ်။ မကြာဘူး။ ဘာမှ မကြာလိုက်ဘူး။ တစ်မိုင်လောက် အရောက်မှာ၊ ရှေ့ကိုက်တစ်ရာလောက်မှာ၊ မြင်လိုက်တာနဲ့ ကားကို အရှိန်မြှင့်ပြီးသား။ စက်ဘီးကို မလွှတ်တမ်း ကြည့် လိုက်လာ။ နီးလာပြီ။ ကိုက်ငါးဆယ်လောက် ရောက်လာပြီ။ ဒါပေမယ့် မရဘူး။ ရှေ့မှာကွေ့။ ကွေ့လိုက်တာနဲ့ ပျောက် သွားပြီ။ သူ ကားကိုရပ် စက်သတ်လိုက်တယ်။ ပထမဆုံး သတိထားမိတာက ရပ်လိုက်တဲ့နေရာဟာ ချောင်းကူးတံတား လေး။ လမ်းဘေးမှာ ချောက်။ ချောက်ထဲမှာ သစ်ပင်၊ ခြုံပုတ် တွေ။ စက်ဘီးတစ်စီး ရုတ်တရက် ဆင်းမသွားနိုင်ဘူး။ စက်ဘီး

တစ်စီးပျောက်သွားလောက်အောင် မြူတွေ မထူဘူး။ စက်ဘီးက သူ့ဘယ်ဘက်ကသွား၊ ဘယ်ဘက်မှာဘဲပျောက်လို့ ဘယ်ဘက်ကိုပဲ အာရုံစိုက်ကြည့်။ ပတ်ဝန်းကျင်က တိတ်ဆိတ်။ သစ်ပင်တွေ လေဝှေ့တိုက်သံကြားရ။ အောက်ဆင်းဖို့ ဟန်ပြင်တုန်း ရယ်သံတစ်ချက် ကြားလိုက်ရလို့ သူလန့်သွားတယ်။ မိန်းကလေးတစ်ယောက် ရယ်သံ။ ညာဖက်က။ ညာဖက်က ချောက်က ပိုနက်တယ်။ ဘယ်မှာလဲ၊ဘယ်မှာလဲ၊ ရုတ်တရက် သူ့ရှာမတွေ့ဘူး။ ရယ်သံ ထပ်ကြားရ။

▪

"ရှင် ကျွန်မနောက် လိုက်နေတာပေါ့လေ ဟုတ်လား"

စိမ်းစိမ်းအုပ်အုပ်သစ်ပင်မှာ မှီရပ်နေတဲ့ အပြာရောင်ဝတ်စုံနဲ့ ကိုယ်တစ်ပိုင်းကို သူတွေ့တယ်။ မမျှော်လင့်တဲ့ အခြေအနေနဲ့ ရင်ဆိုင်လိုက်ရလို့ သူ ဘာပြန်ပြောရမှန်း မသိဘူး။

"ရှင့်ကို ကျွန်မ မေးနေတယ်လေ၊ ရှင် ကျွန်မနောက်ကို လိုက်နေတာလားလို့"

သူ ခေါင်းနောက်သွားတယ်။ သူ့ကိုယ်သူ ထိန်းတယ်၊ "စက်ဘီးတစ်စီးဖြတ်သွားတာ တွေ့မိလို့ ကြည့်တာပါ" သတိနဲ့ သူဖြေ။

"ရှင် စိတ်ဝင်စားနေပြီ မဟုတ်လား" ကောင်မလေးက ရယ်တယ်။

"အဲဒီလိုယူဆမယ်ဆိုလည်း ရပါတယ်၊ ဒါပေမယ့် ဦးက အကူအညီလိုရင် ပေးဖို့ပါ"

"သိသားပဲ ရှင် စိတ်ဝင်စားနေတာ၊ ကျွန်မ စက်ဘီးစီးနေကျ၊ ဒီမှာ နေနေကျ၊ အကူအညီပေးချင် လာခဲ့လေ။ ဒီအရိပ်ကလေးက သိပ်အေးတာ၊ သိပ်ကောင်းတာ၊ လာလေ၊ လာခဲ့လေ"

ဘာလဲတော့ မသိဘူး။ သူ့မအသံက သာယာတယ်။ သူ့ကိုယ်ထဲ၊ ကျောထဲထိ စိမ့်ဝင်သွားသလို ခံစားရတယ်။ ဒါပေမယ့် သူ့လက်က ကားစက်နှိုးပြီးသား။

"နေပါ နေပါ၊ သမီးပဲ နေပါ။ ဦးက သွားစရာရှိသေးတယ်"

▪



သူ ထွက်လာခဲ့တော့ ရယ်သံတွေနဲ့ ခေါ်သံတွေ သူ့နောက်က ပါလာတယ်။

အဲဒီညနေ မောင်ဒိုးနဲ့ ထန်းရည်သောက်ကြတော့ စက်ဘီးနဲ့ ကောင်မလေး အကြောင်းပြော ဖြစ်တယ်။

"ပေါက်ပေါက်ရှာရှာ ဦးလေးရာ၊ ဒီလမ်း ဘယ်သူမှ စက်ဘီး မစီးဘူးဗျ" မောင်ဒိုးက သူ့ကို အံ့ဩလို့။

"ကောင်မလေးနဲ့ ငါကိုယ်တိုင် စကားပြောခဲ့ရတာကွ"

"ဟုတ်ပြီ၊ စကားပြောခဲ့ရတယ်ဆိုရင် ဦးလေး သူ့မျက်နှာကို မြင်ခဲ့ရသလား။ ဘယ်လိုပုံမျိုးလဲ"

ပြန်စဉ်းစားကြည့်တော့ သူသိပ်မသေချာဘူး။ "အဲဒီချောက်ထဲမှာ စိမ်းစိမ်းအုပ်အုပ် သစ်ပင်ကလေးရှိတယ်"

"အုန်းနဲ့ပင်"

"အေး အဲဒီအပင်ကို သူမှီနေတာ၊ သစ်ပင်က အုပ်အုပ်ဆိုတော့ သစ်ရွက်တွေ သူ့မျက်နှာကို ကွယ်နေတယ်ထင်တယ်"

"ဒါဆိုရင်တော့ ဟုတ်ပါပြီ"

"ဘယ်လို ဟုတ်တာလဲ"

"ဦးလေးတွေ့ခဲ့တယ်ဆိုတာ တကယ်မဟုတ်ဘူး"

"ဘယ်လိုလဲကွ မင်းဥစ္စာ၊ တွေ့ခဲ့ပါတယ်ဆိုမှတကယ်မဟုတ်ဘူးလို့"

မောင်ဒိုးက ရွှဲခနဲပြည့်တဲ့ ထန်းရည်တစ်ခွက် သူ့ကို ငှဲ့ပေးပြီး ခဏငြိမ်နေတယ်။ "ဒီလို ဦးလေးရေ၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က စမ်းအိုင်ရွာက ပန်းအိဆိုတဲ့ကောင်မလေး အဲဒီချောက်ထဲ စက်ဘီးနဲ့ ကျဖူးတယ်"

"ဘာဖြစ်သွားလို့လဲ"

"ဘာဖြစ်ရမှာလဲ၊ မျက်နှာမှာ ဒဏ်ရာရပြီး သေသွားတာ နှစ်ရက်လောက်ကြာမှ တွေ့တယ်"

"ဟေ"

▪

သူ့လက်ထဲက ထန်းရည်ခွက် ဖိတ်စင်သွား။ ကောင်မလေး ရယ်သံတွေ၊ ခေါ်သံတွေ သူပြန်ကြားယောင်။ သူ့ကျော

ထိစိန့်။ ကြက်သီးတွေ ထဖျန်းဖျန်းထ။ ဘုရား။ ဘုရား။ ကောင်မလေးခေါ်ရာ သူ မသွားမိခဲ့လို့သာပေါ့။

"ဒါဆို ငါတွေ့ခဲ့တာ လူမဟုတ်ဘူးပေါ့"

"ဟုတ်တယ်၊ ဦးလေး တွေ့ခဲ့တာ လူမဟုတ်ဘူး"

မောင်ဒိုး သူ့ကို အတန်ကြာ ငေးကြည့်နေရင်း "ပန်းအိ" လို့ ပြောလိုက်တော့မှ သူလည်း လိုက်ရေရွတ်မိ။ ကြော် ပန်းအိ ပန်းအိ။

■






## ပန်းပွင့်ဟန်ဆောင်ထားသော မိစ္ဆာနေ့ရက်များ

ကျွန်ုပ်ထိုင်တဲ့နေရာက ဂိတ်ဆယ့်နှစ်နဲ့ တည့်တည့်။ ဂိတ်ဟိုဘက်က စစ်ကိုင်းလမ်း။ စစ်ကိုင်းလမ်းပေါ်က ကုံကော်ပင်တန်း။ ကုံကော်ပင်တန်းက ဟိုတုန်းကလောက် မလှတော့ဘူး။ ဟိုတုန်းကလို ဝိုင်းဝိုင်းတစ်တစ်လေးတွေ မဟုတ်တော့ဘူး။ မြင့်မြင့်ကိုင်းကိုင်း မှိုင်းမှိုင်းညို့ညို့နဲ့ ညို့နိုင်စွမ်းတော့ ရှိတုန်းပဲ။ ကုံကော်ပင်တန်းကိုမြင်တော့ အဲဒီကုံကော်ပင်တန်းအောက်မှာ မနက်စောစော ကောင်မလေးတစ်ယောက်ကို စောင့်ခဲ့ရတာ သတိရတယ်။

▪

ကောင်မလေးဆိုလို့ ရည်းစားမထင်နဲ့။ ကျွန်ုပ်တစ်ယောက်တည်း မဟုတ်ဘူး။ ကျွန်ုပ်တို့ သုံးယောက်။ ကျွန်ုပ်တို့ထဲက တစ်ယောက်ရဲ့ ရည်းစားလည်း မဟုတ်ဘူး။ ရည်းစားမဟုတ်လို့ သူငယ်ချင်းလို့လည်း မပြောနိုင်ဘူး။ ကျွန်ုပ်တို့ထဲက တစ်ယောက်နဲ့သိလို့ ကျွန်ုပ်တို့ထဲ လာရောနေပေမယ့် ကျွန်ုပ်တို့က သိပ်ကြည့်လို့ ရတာမဟုတ်ဘူး။ မကောင်းတတ်လို့ မောင်းမထုတ်ပေမယ့် သိပ် အရေးလုပ်တာ မဟုတ်ဘူး။ ကျွန်ုပ်တို့အတန်းထဲက မဟုတ်လို့ ဘယ်စာရင်းမှလည်း ထည့်လို့ မရဘူး။ သူက သိပ္ပံဘက်က။ ဘာမေဂျာလည်း

လို့တောင် ကျုပ်တို့လူတွေက မေးဖို့ စိတ်မဝင်စားကြဘူး။ အသက်က ကျုပ်တို့ထက် မငယ်ပေမယ့် ဆယ်တန်းကို တဖုံးဖုံးကျနေလို့ အတန်းက ကျုပ်တို့ထက် ငယ်တယ်။ ခုမှ ကျောင်းထဲ ရောက်လာတာ။ ကျုပ်တို့ထက် နှစ်တန်းငယ်တယ်။

▪

သူ့ပုံကို လည်း ကြည့်ဦး။ မိန်းကလေးရယ်လို့ ခွဲမက်စရာ တစ်စက်မှ မရှိဘူး။ ပျော့ပျော့နွဲ့နွဲ့ မဟုတ်ဘူး။ ကျုပ်တို့လူတွေထဲ အရုပ်ပုတဲ့လူ တစ်ယောက်မှ မပါဘူး။ ဒါတောင် သူ့အရုပ်က ကျုပ်တို့နီးပါးရှိတယ်။ ကျစ်ဆံမြီးကြီးနဲ့ပဲ အမြဲတွေ့ရလို့ အဲဒီကျစ်ဆံမြီးကြီးကို ဘယ်တော့မှ မဖြည်ဘဲ ဒီအတိုင်း နေတယ်လို့တောင် ထင်ရတယ်။ မျက်နှာကြောက တင်းတင်းမှာ မျက်မှန်ကလည်း တပ်ထားသေး။ စကားပြောရင်လည်း နင်တို့က နင်တို့ကနဲ့ သိပ်အမြင်ကတ်ဖို့ကောင်းတဲ့ ကောင်မလေး။ အဲဒီ အမြင်ကတ်ဖို့ကောင်းတဲ့ ကောင်မလေး ကျုပ်တို့ဝိုင်းထဲ လာလာထိုင်နေတာ တော်တော်ကြာသွားပြီ။

▪

ကျုပ်တို့တွေ ဆိုင်ပြောင်းထိုင်ဖို့ စဉ်းစားနေတုန်း အဲဒီကောင်မလေးက နောက်နေ့ မနက်စောစော သူ့ကိုလာစောင့်ဖို့ ပြောသွားတာ။ ကျုပ်တို့တွေ စောင့်မယ် မစောင့်ဘူး သူက မမေးဘူး။ ကျုပ်တို့ကလည်း ဘာမှ မပြောဘူး။ အံ့ဩဖို့ကောင်းတာက နောက်နေ့မနက်မှာ တိုင်ပင်မထားဘဲ ကျုပ်တို့အားလုံး လာစောင့်ကြတယ်။ ကျုပ်တို့လည်းရောက် သူလည်း အဆောင်က ထွက်လာတာပဲ။ ဘာလုပ်မှာလည်းလို့ ကျုပ်တို့ထဲက တစ်ယောက်ကမေးတော့ သူ့ကောင်လေးဆီသွားချင်လို့လို့ သူကပြောတယ်။ ကိုယ့်ရည်းစားဆီသွားတာပဲ ကိုယ့်ဘာသာသွားလို့ ပြောတော့ အဲဒီလိုလည်း ပီပီပြင်ပြင် မဟုတ်သေးဘူးလို့ သူက ပြန်ပြောတယ်။ နယ်မှာ ကျောင်းနေခဲ့တုန်းက တတွဲတွဲနေခဲ့တာပဲ ရှိတယ်။ ခုရန်ကုန်မှာ အလုပ်လာလုပ်ရင်း ရင်းနီးတဲ့ အိမ်တစ်အိမ်မှာနေတော့ အဲဒီအိမ်မှာ ကောင်မလေးချောချော တစ်ယောက်ရှိတယ်။ အဲဒီကိစ္စ၊ အဲဒီကိစ္စ လက်ဦးမှု



ရဖို့။ အဲဒီအိမ်ကို သူမဝင်ရဲလို့ သူ့ကောင်လေးကို ခေါ်ထုတ်ပေးဖို့။

▪

ဒါဆိုလည်း တစ်ယောက်ခေါ်သွားလို့ ကျုပ်က ပြောတော့ မနက်စောစောဆိုတော့ ဘာမှ အဆင်သင့်ဖြစ်မှာ မဟုတ်ဘူး။ အနည်းဆုံး မျက်နှာသစ်တာ၊ အဝတ်လဲတာ စောင့်ရမှာ။ လမ်းပေါ်မှာ သူတစ်ယောက်တည်း မစောင့်ရဲဘူး။ နှစ်ယောက်ဆိုရင်လည်း အတွဲထင်မယ်။ တစ်ယောက်က သွားခေါ် နှစ်ယောက်က စောင့်ပေးတဲ့။

▪

ဒါနဲ့ ကျုပ်တို့လည်း သုံးဘီးကားတစ်စီးငှားပြီး သူပြောတဲ့ စမ်းချောင်းလမ်းကို သွားကြတယ်။ သူတို့ကို လမ်းထိပ်မှာထား။ ကျုပ်က ကောင်လေး နေတဲ့အိမ် သွားရှာတယ်။ စမ်းချောင်းက အိမ်တွေဟာ လမ်းဘေးမှာပဲဆိုတော့ သိပ်မခက်ဘူး။ သူ့စိုးရိမ်မယ်ဆိုလည်း စိုးရိမ်လောက်တယ်။ တံခါးလာဖွင့်ပေးတဲ့ ကောင်မလေးဟာ ဘာမှ မပြင်ဆင်ရသေးပဲ တောင်မှ တော်တော်ချောတယ်။ သူ့ကောင်လေးကို အကျိုးအကြောင်းပြောပြီး ကျုပ် ခေါ်ထုတ်ခဲ့တယ်။ ဆယ့်ငါးမိနစ်လောက်တော့ ကြာမှာပေါ့။ သူတို့ နှစ်ယောက်တွေ့ရင် ပြီးပြီလို့ ထင်တာ မပြီးဘူး။ ကျုပ်တို့လည်း သူတို့ထား ထွက်လာရော နောက်က လိုက်ခေါ်ပါလေရော။ သူတို့မှာ ပိုက်ဆံမပါလို့ ပါသမျှ ပေးခဲ့တဲ့၊ အဲဒီကောင်မလေးက။ ကောင်းရော။ ဘာတဲ့ နေဦး။ နေစမ်းပါဦး။ သူ့ကိုခေါ်တာ ရှိတယ်။ နီးတူးတဲ့ နီးတူး နီးတူး။ နှစ်ယောက်မရှိတဲ့ နီးတူးပေါ့။ တကယ့်ကို မှတ်သားလောက်ပါပေတယ်။

▪

ကျုပ်တို့တွေ ကျောင်းပြန်ရောက်လို့ ဦးချစ်ဆိုင် ထိုင်မိကြတဲ့ထိ ငါတို့တော့ ကောင်းကောင်းအသုံးချ ခံရပြီဆိုပြီး မျက်နှာကြောကြီးတွေ တင်းနေကြတုန်း။ တို့က မငြင်းဘဲ ဘာကြောင့် လုပ်ပေးရတာလဲလို့ တစ်ယောက်ကပြောတော့မှ

ကျုပ်တို့တွေ တစ်ယောက်မှ မငြင်းခဲ့မိတာ သတိရပြီး ရယ်မိကြတော့တယ်။ တစိမ့်စိမ့်တွေရင်း ရယ်ကြ။ ရယ်ပစ်လိုက်တော့လည်း ပြီးသွားတာပါပဲ။ ခုတော့ အဲဒီကောင်မလေး ဘယ်ရောက်လို့ ဘာဖြစ်သွားပြီလဲ ဘယ်သူမှ မသိတော့ဘူး။

ရယ်ချင်စိတ်နဲ့ ကျုပ်ရယ်လိုက်မိတယ်။ ကျုပ် ရယ်လိုက်လို့ ထင်တယ်၊ စားပွဲထိုးတစ်ယောက် အနား ရောက်လာတယ်။ ''ဘာလိုသေးလဲ ဆရာ၊ မှာထားတာတွေ စုံပြီထင်တယ်''လို့ ပြောတယ်။

စားပွဲပေါ်မှာ အမြှုပ်တွေသေသွားတဲ့ ဘီယာလေးခွက်ရယ်။ ဖောက်လက်စ ဘီယာပုလင်းတွေရယ်။ သီဟိုဠ်စေ့ကြော်ရယ်။ ပုဇွန်ကော်ပြန့်လိပ်ရယ်။ တစ်ဝက်ကုန်သွားတဲ့ ကျုပ်ခွက်ထဲ စားပွဲထိုးက ဘီယာအသစ် ဖြည့်ပေးတယ်။ 'ဘီယာတွေက အအေးဓာတ်ကုန်သွားပြီ၊ ဆရာ့ညှော်သည်တွေ မလာသေးပါလား'လို့ စိုးရိမ်မကင်း ပြောတယ်။

ကျုပ်က စားပွဲထိုးလေးကို လက်ညှိုးထိုးပြလိုက်တယ်။ ''ဟောဟိုဂိတ်ရဲ့ နောက်မှာ ကံ့ကော်ပင်တွေ မြင်တယ် မဟုတ်လား။ အဲဒီ ကံ့ကော်ပင်တွေအောက်မှာ တို့တွေ ကောင်မလေး တစ်ယောက်ကို စောင့်ခဲ့ဖူးတယ်''

စားပွဲထိုးလေး အူကြောင်ကြောင်ဖြစ်သွားပြီး ခဏကြာမှ ပြုံးတယ်။

''ခုနက ဆရာရယ်တာ အဲဒါလား'' လို့ သူက ပြန်မေးတယ်။

''နာဇီလက်တံလှည့်တဲ့အတိုင်း ဟောဒီ ငါ့ရဲ့ ဘယ်ဘက် နံပါတ်တစ်နေရာကကောင်ဟာ အရက်ကို သူ့အသက်လို့ ထင်ပြီး အရက်နဲ့ အသက်ရှင်ခဲ့တဲ့ ကောင်ပေါ့ကွာ။ တစ်နေ့တစ်နေ့ သူ့ကိုယ်ထဲရောက်သွားတဲ့ အရက်တွေ ဘယ်နည်းမလဲ။ အဲဒီ သူ့ကိုယ်ထဲရောက်သွားတဲ့ အရက်တွေသာ ပနားမားကင်နဲလို တူးမြောင်းတစ်ခု လုပ်ထားခဲ့မယ်ဆိုရင် ပင်လယ်



ကူးသင်္ဘောတစ်စီး ဖြတ်သွားနိုင်လောက်တယ်။ သူကတော့ အဲဒီလို တွေးမိချင်မှ တွေးမိမယ်။ ကြုံရာနေရာမှာ ကြုံတဲ့လူနဲ့ ကြုံတဲ့အရက်တွေ သောက်နေရတာဆိုတော့ သူ သောက်နေတာ အရက်လား။ အသက်လား။ သိတယ်လို့ သူ ပါးစပ်က ပြောနေပေမယ့် တကယ်တော့ မသိတော့ဘူး။ ဂရုလည်း မစိုက်တော့ဘူး။ အဲဒီအရက်ဆိုင်တွေကရတဲ့ ပုဇွန်ခြောက် သုပ်လောက်ပဲ သိတော့တယ်။ ခုနက ကီစွထဲ သူပါတယ်။ သူက လောကကြီးထဲမှာ မရှိတော့လို့ လာမှာ မဟုတ်တော့ဘူး''

''နံပါတ်နှစ်ဖြစ်တဲ့ ငါနဲ့ မျက်နှာချင်းဆိုင်ကကောင်၊ သူ့ကိုတော့ စွမ်းသူလို့ပြောမယ်။ ဆန္ဒနဲ့ အတ္တကို အလိုလိုက်နိုင်ဆုံး လူပေါ့။ လောကကြီးထဲ အထက်စီးကရောက်လာအရာရာမှာ အထက်စီးရနေသူပေါ့။ လောကကြီးကို ငုံ့ကြည့်တဲ့နေရာမှာ ငါတို့ဆီက နိမ့်သေးတယ်ထင်လို့ ဒီထက်မြင့်မယ်ထင်ရတဲ့ ကမ္ဘာတစ်ခြမ်းက သွားငုံ့ကြည့်နေတဲ့သူပေါ့။ အဲဒီလို ငုံ့ငုံ့ကြည့်ရလွန်းလို့ ခုလောက်ဆို ခေါင်းပေါ်မှာ မိုးကောင်းကင်ကြီး ရှိသေးတယ်ဆိုတာ မေ့သွားလောက်ပြီ။ သူကတော့ အရက်အမျိုးမျိုးကို ခွက်အမျိုးမျိုးနဲ့ ပုံစံတကျ သောက်တတ်တဲ့လူ။ ခုနကောင်လို ဂရုဏာရေအိုင်ကြီး အောက်မေ့လို့ ဘဝကို အရက်ထဲ ဆင်းစိမ်မယ့် လူမျိုးတော့ မဟုတ်ဘူး။ အရက်ကို အလှသောက်တတ်တဲ့လူ။ အရက်လှလှ သောက်တတ်သူလို့ ပြောရမယ်။ စောစောက ကီစွထဲ သူလဲပါတယ်။ သူကလည်း ကမ္ဘာတဖက်ခြမ်း ရောက်နေလို့ လာမှာမဟုတ်ဘူး''

''တတိယမြောက် ငါ့ညာဖက်က ပုဂ္ဂိုလ်က တို့အုပ်စုထဲ အချိန်ပိုင်းလောက်သာ ပါဝင်နိုင်တော့ စောစောက ကီစွထဲ သူမပါဘူး။ ဘယ်လိုကိစ္စမှလည်း အရမ်းပါမယ့် လူမျိုးမဟုတ်ဘူး။ သူကတော့ သေတ္တာတစ်လုံးတည်းက ခေါက်ရိုးကျိုးနေတဲ့ ပုဆိုးတစ်ထည်နဲ့တူတယ်။ စနစ်တကျနေတိုင်း၊ နည်းလမ်းတကျ အားထုတ်။ အချိန်နဲ့ ဘဝထက် တန်ဖိုးရှိတာ ဘာမှ မရှိဘူးလို့

ယုံကြည်တဲ့သူပေါ့။ ဆရာဝန်ဖြစ်ပေမယ့် ဆေးမကုတဲ့၊ သူ့ကိုယ်တိုင်လည်း ပညာသင်၊ သူများကိုလည်း သူက သင်၊ ပညာတွေပဲ ရှာဖွေပြီး ပညာတွေနဲ့ပဲ နေထိုင်တဲ့ ပညာသည် ဆရာဝန်ကြီးပေါ့။ အရက်သောက်တာ အပြစ်ရှိတယ်ထင်တဲ့၊ ဘီယာလည်း အယ်လ်ကိုဟောပဲလို့ ပြောတတ်တဲ့၊ အနီးဆုံးမှာ ရှိပေမယ့် အဝေးဆုံးလူထက်ဝေးလို့ သူကလည်း လာမှာ မဟုတ်ဘူး''

■

''ငါကတော့ ဘာမှမဟုတ်ပါဘူးကွာ။ လူသာမန်တွေထဲက တစ်ယောက်ပါ။ တစ်ခါတစ်ရံ ကြုံကြိုက်မှပါ။ အဲဒီ လာမှာမဟုတ်တဲ့ လူတွေကို သတိရ၊ ငါရခဲ့တဲ့ အထိမ်းအမှတ်ပါ''

ဘီယာကုန်သွားတဲ့ ကျုပ်ခွက်ထဲ ဘီယာအသစ် ဖြည့်ပြီး စားပွဲထိုးလေး ထွက်သွားတယ်။

■

ခုတော့ ကျုပ်တစ်ယောက်ထဲ။ တစ်ယောက်ထဲ ကျုပ်ပေါ့။ ဘယ်မှာလည်း ရွှေအသက်ရှူသံတွေ။ နေရောင်ခြည်တွေနဲ့ လင်းလက်ပြုံးပြက်တဲ့ စိန်စီ အချိန်ကာလတွေ ဘယ်မှာလဲ။ ကံ့ကော်ပင်တန်းဟာ အမှောင်နဲ့ သိပ်သည်းလို့ အထီးကျန်ဆန်လွန်း။

■

ဒီဆိုင်၊ ဂိတ်ဆယ့်နှစ်ရှေ့က ဆိုင်၊ ကျုပ်သတိထားမိတာ ဘာမှ မကြာသေးဘူး။ ဒီနေ့မှာမှ သူတို့ကို သတိရ။ ဒီနေ့မှာမှ ဒီဆိုင်ကို သတိရ။ ကျုပ်ရခဲ့လို့ ရောက်ခဲ့တာပဲ။ ဒီနေ့ ကျုပ်မွေးနေ့လေ။

မွေးနေ့မှာ တက်ရောက်သူမရှိဘူး။ ဆုတောင်းသံတွေ မရှိဘူး။ ဘာမှ မရှိဘူး။

သေတဲ့လူသေ၊ ပျောက်တဲ့လူပျောက်၊ ဝေးတဲ့လူ ဝေး။ အနီးဆုံးလူကလည်း အနီးကပ်အဝေးနဲ့ ဝေးနေ။ ဘယ်လိုကြောင့်များ ကျုပ်တို့တွေ ဝေးခဲ့ကြရ။ မရေမရာ ရွှမ်းဖတ်ဖတ်



နေ့ရက်တွေ ပြိုလဲ။ ဘာရယ်လို့ အတိအကျ ဆုပ်ဖမ်းမရတဲ့ နေ့အသစ်တွေ ရောက်ရောက်လာ။ ဝေး ဝေး လာခဲ့။ ကျုပ်တို့တွေ ဝေးပြီးရင်း ဝေး။ ဝေးပြီးရင်း ဝေးလာခဲ့ကြပြီ။

[illegible]

■

## ဂလိုဘယ်အယ်ရာနဲ့လုပ်ထားတဲ့
## ထောပတ်သုတ် ပေါင်မုန့်တစ်ချပ်

□ ဘယ်လိုလဲ မှားပြန်ပြီလား။

■

အမှားတွေရှာရင်း မှားနေပြန်ပြီလား။ အမှားတွေရှာပြီး မှားနေပြန်ပြီလား။ မှား.မှား။ နေရင်းထိုင်ရင်း မှား။ လုပ်ရင်းကိုင်ရင်း မှား။ စားရင်းသွားရင်း မှား။ အလကားနေ မှား။ ဘာမှမတတ်နိုင်လို့ မှား။ မှားကို မှားလို့မှား။ အမှားတောင်လိုပုံ။ မကြောက်နဲ့ မကြောက်နဲ့။ အဲဒီရှေ့မှာ ချောက်ကြီးရှိတယ်။ အမှားချောက်ကြီး။ ကြောက်ပြီး ကျသွားပါဦးမယ်။ မှားတာက ခုမှ မဟုတ်ပါဘူး။ ရောက်လာကတည်းက မှားပြီးသားပဲဟာ။ ကြောက်မနေပါနဲ့။

■

ကဗျာဆရာကပြောတယ်၊ လူ့ဘဝလောက် မှားယွင်းခွင့်ရှိတာ ဘယ်ရှိမလဲတဲ့။ သီချင်းရေးဆရာက ပြောတယ်၊ ဒါဟာ ကိုယ့်အမှားပေါ့ အချစ်လေးတဲ့။ ဒဿနဆရာက ပြောတယ် ဆင်ခြင်တုံတရားနဲ့ ကင်းလွတ်တာ မှားတယ်တဲ့။ ဂျာနယ်လစ်စ်က ပြောတယ်၊ အင်ဖော်မေးရှင်းတွေရတာ စောလွန်းရင် မှားတတ်တယ်တဲ့။ ဒီဇိုင်းနာက ပြောတယ်၊ ကွန်ပိုစီးရှင်း မှားတာ မှားတယ်တဲ့။ စာသင်တဲ့ ဆရာက ပြောတယ်၊ စပယ်လင်မှားတာလည်း မှားတာပဲတဲ့။ ရှေ့နေက



ပြောတယ်၊ ရှေ့နေမပါတဲ့ ကိစ္စအားလုံး မှားတတ်တယ်တဲ့။ တစ်ယောက်က ဝင်ပြောတယ်၊ အားလုံး တစ်ယောက်တစ်မျိုးစီ မှားခဲ့ကြတယ်တဲ့။ ဘာပြောပြော ပြောချင်တာပြောကြ။ ဒီမှာ အရေးကြီးဆုံးကဘာလဲ သိလား။ အမှားတွေ ပြင်ဆင်ရတဲ့အခါ တစ်ခုသတိထားဖို့က အမှားပြင်ဆင်ချက် မမှားဖို့ဘဲ။

■

အဲဒီ အယ်ရာအယ်နယ်လစ်စစ် စာအုပ်ကြီးကို ချထား လိုက်စမ်းပါ။ တစ်ဆိတ် ချထားလိုက်စမ်းပါ။ ဒီမှာ အကောင်း ပြောမလို့။ ကွန်ပျူတာမှာ အယ်ရာရှိတယ်။ နက်တဝပ်ထဲမှာ အယ်ရာရှိတယ်။ လူတွေမှာ အယ်ရာ ရှိတယ်။ ကမ္ဘာ လောကကြီးထဲမှာ အယ်ရာရှိတယ်။ အရာအားလုံးမှာ အယ်ရာ တွေ ရှိတယ်။ ခင်ဗျားမှာ အယ်ရာ ရှိတယ်။ ကျုပ်မှာ အယ်ရာရှိတယ်။ ခု ဘာအယ်ရာ ပြနေသလဲ။ ပြချင်တဲ့ အယ်ရာပြ။ အယ်ရာပြတဲ့အခါ သတိထားဖို့က နောက်ထပ် အယ်ရာမပြဖို့ပဲ။ တွေ့တယ်မဟုတ်လား။ ဂါဇာမှာ စစ်မီး တောက်။ ဂျာဗားမှာ ဆူနာမီထပ်ဖြစ်။ ကက်ရှမီးယားမှာ မြေငလျင်။ အတ္တလန္တိတ်မှာ ရေခဲပျော်။ ယူရှပ်မှာ ဟီဝေ့ဖြတ်။ အီတလီမှာ ဘောလုံးတစ်လုံးအတွက် လူတွေ ယောက်ယက်ခတ်။ မာတာ ရာဇီကို ဇီဒန်းခေါင်းနဲ့တိုက်တာ အမှားလား။ ရှိမန်းပိုလန်းစကီး ဆယ့်သုံးနှစ်သမီးလေးနဲ့ ငြိစွန်းတာ အမှားလား။ ဝေးလ်မင်းသား အချစ်အတွက် ထီးမွေနန်းမွေ စွန့်ခဲ့တာ အမှားလား။ ဦးကုသလ ဒါတော်နှစ်ဆယ်ရမှ ကိုကိုလေးဖြစ်တာ အမှားလား။ စကား ပြောတတ်တဲ့ ကောင်မလေး ဒွေးဆီဖုန်းဆက်ဖို့ ခဏခဏ ကြိုးစားတာ အမှားလား။ အသက်ငယ်ငယ်မှာ ရွှေတုပ် ယောကျ်ား ရ။ ဆယ်နှစ်ဆယ်ပိုး ကျောင်းတက်ခဲ့ရ။ ဘွဲ့နှစ်ခုနဲ့ ကလေးသုံးယောက်ပဲရ၊ အလုပ် တစ်ခုမှ မရခဲ့တာ အမှားလား။ မန္တလေးမှာ အမေ၊ ရန်ကုန်မှာ ယောကျ်ား၊ ကလေး တစ်ယောက်နဲ့မယား မော်လမြိုင်သွား အလုပ်လုပ်ရတာ အမှားလား။

■

ဘယ်သူတွေလဲ။ ငှက်ခါးကို လာလာခေါက်နေတာ ဘယ်သူတွေလဲ။ ခဏခဏခေါက်မနေပါနဲ့။ ဘယ်လောက် တောင် ကြာခဲ့ပြီလဲ။ အယ်ရာတွေ လာလာခြောက်နေလို့ အိပ်ကို မအိပ်ရသေးဘူး။ သူငယ်ချင်း ရှေ့နေက ပြောတယ်၊ လူ့ဘဝရောက်တာ နှစ်ငါးဆယ်ကျော်ပဲ ရှိသေးတယ်။ လူ့ဘဝရယ်လို့ သူဟာ နေကိုမနေရသေးဘူးတဲ့။ ခုမှ နေမလို့ရှိသေးတယ်တဲ့ ကဲ။ နေပါကွယ် နေပါ။ ပျော်ပျော်သာ နေပါ။ ဝလင်လင် နေပါ။ စိတ်ရှိလက်ရှိ နေပါ။ အပိုင် ရထားသလိုမျိုး နေပါ။ ဆူးလေဘုရားလမ်းမှာ အပတ်တမင့် ဝယ်ပါ။ အာရှ ပလာဇာမှာ ရုံးခန်းဖွင့်ပါ။ ကြော်ငြာများများ ထည့်ပါ။ ဒမန်း ကောင်းအောင် လုပ်ပါ။ အင်တာနက်အီးမေးလ် အကောင့်ဖွင့်ပါ။ ဝက်ဘ်ဆိုက်တင်ပါ။ အယ်ရာပြရင် သတိရ။ အယ်ရာပြတဲ့အခါ တစ်ခုသတိထားဖို့က နောက်ထပ် အယ်ရာ မပြဖို့ပဲ။

■

မိုးရွာလာပြီ။ မိုးရွာလာပြန်ပြီ။ ခုတလော မိုးခဏခဏ ရွာတယ်။ ဘာဖြစ်လို့များ မိုးတွေ ဒီလောက် ရွာ့ရွာနေပါလိမ့်။ ဂျူလိုင်လမှာ မိုးတွေ လိုမ့်ရွာတတ်သလား။ မိုးဟာ ဇွန်လ ကတည်းက ရွာခဲ့တာမဟုတ်လား။ ဇွန်လရဲ့ မိုးရေများလို့ လူတစ်ယောက် ကဗျာရေးခဲ့ဖူးသလား။ ပန်းပွင့် လိပ်ပြာ တာရာ ဒဏ္ဍာရီ ဒါတွေလည်း ပါထင်ပ။ ဘာလည်းတော့ မသိဘူး။ သူဟာသူ လွယ်နေပြီးသား။ လွယ်လွယ်လေး သူတို့မို့ ခက် အောင်လုပ်တယ်။ ခက်ပြီ။ သဘာဝကျတယ်ဆိုတာ ဒါပဲဖြစ်မှာ။ ဖြစ်နေကျ။ လူတွေ ဒီလိုပဲဖြစ်နေကျ။ ကိုယ့်အလုပ် ကိုယ် မလုပ်တာ ဖြစ်နေကျ။ ကိုယ့်နေရာ ကိုယ်မနေတာ ဖြစ်နေကျ။ ရောရောယောင်ယောင်ဖြစ်နေတာ ဖြစ်နေကျ။ ကိုယ့်အဖြစ် ကိုယ်မသိတာ ဖြစ်နေကျ။ ဖြစ်နေကျတွေပဲ ဖြစ်ဖြစ်နေတာ ဖြစ်နေကျ။ ပယ်ချလိုက် ပယ်ချလိုက်။ ပယ်ချလိုက်စမ်းပါ။ ဟောဒီမှာ ဆယ်နှစ်ဆယ်မိုးကြိုးစားထားတဲ့ စစ်စစ်မှန်မှန် ဖြစ် မြောက်မှုတွေ။ တစ်ထိုင်တည်း ဆေးလိပ်ပြာကလေး တစ်ချက် တောက်ချွေသလို ချွေချလိုက်စမ်းပါ။ ပစ်စလက်ခတ် အနိုင် ယူလိုက်။ ပြီးရင်သာ သိဖို့က မနွဲ့ကြစတမ်းပေါ့။ ဒီမှာ သမီးရဲ့ အဲဒီအရပ်ကို သွားကို သွားမှ ဖြစ်မယ်ဆိုရင် ငါးပါးသီလ ဆောက်တည်ပါ။ ပုတီး ကိုးပတ်စိပ်ပါ။ ပရိတ်ကြီး ဆယ့် တစ်သုတ်နဲ့ သမ္ဗုဒ္ဓေဖွတ်ဆိုပါ။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရား နဲ့ ညီညွတ်အောင်နေပါ။ ပြီးရင် ခံနိုင်ရည်ဆိုတဲ့ (ဦးထုပ်ချွန် ချွန်ကြီးလည်းပါတဲ့)သံချပ်ကာ အင်္ကျီထူထူကြီး ဝတ်ဆင်ပါ။ အဲဒီမှာ မြင်ပြီး နိမ့်ကျ။ ဆင်ခြင်တုံတရားနဲ့ ကင်းလွတ်၊ စဉ်းလဲ ကောက်ကျစ်သူ နီယို နီရိုနီယန်းတွေ အသိုက်အမြုံဖွဲ့နေထိုင်၊ မျိုးတူစုတွေ ဂလိုဘယ်လိုက်စ်လုပ် အနိုင်အမာပြု၊ အသွေး အရောင်ခွဲခြားမှု တံတိုင်းကြီးနဲ့ စည်းခြားကန့်သတ်ထားတယ်။ ကဲ ရဲရင့်တိုက်ကြည့်လိုက်စမ်းပါ။ ဘယ်သူ့ ခေါင်းက ကောင်း သလဲတဲ့။ ရွာထားလိုက်။ ပြီးရင် နေသာချိန်ပေါ့။ နေသာချိန် မြန်မြန်ကြီးရောက်လာမယ်။ သတိထား။ သတိထား။ ကြပ်ကြပ် ကြီးကို သတိထားဖို့က အဲဒီမှာ ပြနေတာ ဘာအယ်ရာလဲ ဆိုတာ သိဖို့ပဲ။

■

အဲဒီ အယ်ရာအယ်နယ်လစ်စစ်စာအုပ်ကြီးကို လုံးဝ ချထားလိုက်ပါတော့။ ဖွင့်လိုက် ဖွင့်လိုက်။ ပြတင်းပေါက်တွေ ဖွင့်လိုက်။ ဟောဟိုမှာ ရွှေရည်အဆင်းတွေဖြာ၊ နေခြည်အလင်း တွေ လာနေပြီ။ ဘာလဲ၊ ဘာလဲ။ အရေးကြီးဆုံးက ဘာလဲ။ ပြတင်းပေါက်တွေပဲ မဟုတ်လား။ ဖွင့်ထား။ ပြတင်းပေါက်တွေ ဖွင့်ထား။ ဦးနှောက်ပြတင်းကို ဖွင့်ထား။ စိတ်ပြတင်းကို ဖွင့်ထား။ အာရုံပြတင်းကို ဖွင့်ထား။ အဲဒီမှာ ရွှန်းစို လင်းလက် တဲ့ ရှင်းသန့်လတ်ဆတ်မှုတွေ ကောင်းကောင်းမွန်မွန် ဝင်လာ ပါစေလော့။

ကဲ ခု ဘာအယ်ရာ ပြနေပြီလဲ။

■

အနောက်ဖက်မှာ တောင်တန်းကြီး ထီးထီးမားမား၊ ဝေဝေ မှိုင်းမှိုင်း ညိုရေးရေးနှင့်၊ မြသွေ့ရှိမ်းရှိမ်း။ ခပ်သိမ်းတောတောင်လို ရှိုင်တစ်ပါးရေးခဲ့ဖူးတာ ဒီတောင်တန်းကြီးတော့ မဟုတ်ဘူး။ ဒီတောင်တန်းနောက်ဘက်က ရခိုင်ရိုးမတောင်တန်းတွေ၊

လူလည်း တစ်တွေ၊ ရေလည်း တခြား။ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာ၊ ဘယ်ကိုပဲ ကြည့်ကြည့် ကြည့်လေရာ တောတွေ တောင်တွေ ပတ်လည်ဝိုင်းလို့ဖို့ ရှင်တစ်ပါးက လွှမ်းခဲ့ပါလိမ့်မယ်။ ရှင်တောင်လွှမ်းခဲ့သေးရင် လူ့အကြောင့် မလွှမ်းရမှာလဲ။ လွှမ်းခဲ့ပါတယ်။ ဒီတောင်တန်းကြီးကို သူလွှမ်းခဲ့တယ်။ ပြည်တောင်တန်းတွေနဲ့ လွှမ်း။ ပဲခူးရိုးမ မြင့်လွှမ်း။ ကျိုးထီးရိုးရင်ပြင်က လွှမ်း။ ဖင်းကျိုက်လမ်းက လွှမ်း။ တောင်ဝိုင်းမှာ လွှမ်း။ ခုနှစ်ခွေ ပတ်လွှမ်း။ ဖွဲကပင်ဖြတ် လွှမ်း။ ပုပ္ပားရောက် လွှမ်း။ တုရင်တောင်ပေါ်က လွှမ်း။ တန့်ကြည့်တောင် ကြည့် လွှမ်း။ အလွှမ်းတောင်တန်းနဲ့ လွှမ်း။ အလွှမ်းတွေ များခဲ့ပေါ့။

▪

တစ်ဘက်ကမ်းက ကြည့်ရင်၊ မြစ်ထဲက ကြည့်ရင် တောင်တန်းကြီးက ကမ်းစပ်မှာ။ တကယ်တော့ ကမ်းနဲ့ တောင်ခြေ နှစ်မိုင်ဝေး။ ပထမဆုံးတွေ့တဲ့ တောင်ထိပ်ပေါ် တက်ကြည့်တော့ တောင်ထိပ်ဟာ တောင်ထိပ် မဟုတ်သေးဘူး။ တောင်တန်းကြီးထိပ်ရောက်ဖို့ နောက်ထပ်တောင်ထိပ်တွေ တောင်ထိပ်တွေ အများကြီး။ အောက်ပြန်ကြည့်လိုက်တော့ ဒီလောက်မြင့်တဲ့ တောင်ထိပ်ပေါ် ဘယ်လိုရောက်ခဲ့ပါလိမ့်လို့ အံ့သြရ၊ ရင်သပ်ရှုမောရ။ ကိုယ့်ခြေကိုယ့်လက်နဲ့ ရောက်အောင် တက်မယ်ဆိုတဲ့ စိတ်နဲ့ တက်ခဲ့တာပဲလေ။ ဟိုတုန်းကလည်း ဒီလိုပဲ တက်ခဲ့တာပဲ။ အဲဒီတုန်းက ငယ်သေးတော့ မောရမှန်း မသိဘူး။ မောလည်း မမောဘူး။ ပျော်ပြီး ကြည်နူးပြီး ပီတိတွေဖြစ်ပြီး သီချင်းတွေအော်ဆို။ ဒါကို သတိရတော့ အမောတွေ ပြေသွား။ အောက်ဘက်မှာ ယာခင်းနီနီတွေထဲမှာ၊ လယ်ကွင်းဝါဝါတွေထဲမှာ စိုက်ခင်းကြီးတစ်ခင်းလို အခင်းကြီး ဖြစ်နေတဲ့ ထန်းတောကြီး။ ဟိုးခပ်ဝေးဝေးမှာ သောင်ဖွေးဖွေးနဲ့ မြစ်ကြီး။ မြစ်ကြီးဟာ သောင်တွေအောက် ရောက်သွားလိုက်။ သောင်တွေပေါ် ရောက်လာလိုက်နဲ့။ ဒီရေ ဒီမြေ ဒီတော ဒီတောင်တွေဟာ ဒီဒေသရဲ့ ရင်ခွင်ကြီးပေါ့။ မဖွံ့ဖြိုးတော့တဲ့၊ ဝိန်လိုခြောက်သွေ့တဲ့၊ အရိုးပေါ်အရေတင် ရင်ခွင်အိုကြီးပေါ့။



ဒီရင်ခွင်အိုကြီးထဲ အသာအယာ သူခေါင်းမွေ့ တိုးဝင်ကြည့်လိုက်တော့ အဖေပြောခဲ့ဖူးတာတွေ မြင်ကြားရ။

▪

"ဟောဒီဘက်က ကြာနီကန် လယ်ဆယ်ကွက်ဟာ တစ်ကျိပ်စိုက် လယ်ဆယ်ကွက်ပေါ့။ ဟိုဘက်က မိုးကြိုးတွေ ပစ်တတ်လို့ မိုးကြိုးကွင်းခေါ်တဲ့ လယ်နှစ်ဆယ်ကတော့ နှစ်ကျိပ်စိုက် လယ်ကွက်တွေပဲ။ ဒီလယ်ကွက်တွေဟာ တို့အဖေလက်ထက်က တစ်နှစ်လုပ်ထားရင် သုံးနှစ်မလုပ်ဘဲ ထိုင်စားလို့ရတဲ့ လယ်ကွက်တွေပေါ့။ ဘယ်သူမှ လယ်နှစ်တိုင်း မလုပ်ဘူး။

ယာခင်းတွေကလည်း ဒီလိုပဲ။ တဲကြီးကုန်း ဆယ်ကေ။ မိုးကြိုးကုန်း ဆယ်ကေ၊ ဘွဲ့ပင်မြောင် ကေနှစ်ဆယ်၊ ဒီယာခင်း တွေဟာ ဟိုတုန်းက နှမ်း။ ပြောင်း။ ပြုပ်၊ ပဲကြီး၊ မြေပဲ၊ ငါ အမျိုးမျိုးစိုက်ခဲ့တာ။ ရတုန်းက ရခဲ့တာပဲ။

"ဒီမယ် မင်းကြည့်လိုက်။ ဟောဒီတော၊ ကြိုက်တဲ့နေရာ လက်ညှိုးထိုး မလွဲစေရဘူး။ အဲဒါ ငါပိုင်တဲ့ ထန်းပင်တွေချည်းပဲ။ အဲဒါတွေကမှ အဆီအနှစ်တွေကွ။ အဲဒါတွေမှ အရင်းအမြစ် အမှန်တွေ။ မိုးခေါင်မှာလည်း မပူရဘူး။ ပိုးကျမှာလည်း မကြောက်ရဘူး။ အချိန်တန် လုပ်တဲ့လူရှိ သူရသင့်တာ ရနေတာပဲ။ မဖြစ်စလောက်ကလေးက လွဲရင် ကမ်းစပ်က တောင်ခြေအထိ ငါ့အပင်တွေချည်းပဲ။ ငါ့အဖေ၊ ငါ့အဘိုး အစဉ်အဆက်ပိုင်ဆိုင်ခဲ့တာ။ မင်းအဖို့တော့ အဓိပ္ပာယ်ရှိချင်မှ ရှိမယ်။ ငါ့အဖို့တော့ ဒါတွေဟာ အဓိကပင်မ။ ဒီမြေ ဒီတောတွေဟာ ငါ့ဘဝအစစ်အမှန်။ မင်းဖန်တီးတည်ဆောက်ထားတာက မြို့ပြဘဝ။ အဝေးကြီး။ ဆိုင်တော့ မဆိုင်ဘူး။ မင်းလိုချင်သည်ဖြစ်စေ မလိုချင်သည်ဖြစ်စေ ဒါတွေဟာ အမွေအနှစ်တွေပဲ။ ငါမရှိတော့တဲ့အခါ မင်းဥစ္စာပေါ့"

အဖေက သူ့ကိုတွေ့တုန်းပြော။

▪

အမေဆုံးတော့ သူ မရောက်ဘူး။ သူရောက်မလာခဲ့လို့ အမေက အပြစ်တော့ မတင်ဘူး။ သူရောက်မလာတာ ရောက်မလာနိုင်လို့ပဲလို့ လက်ခံတယ်။ လေးဆယ့်ငါးနှစ်မှာ အမေဆုံးတော့ အဖေ ကြေကွဲ။

“သူမရှိတော့ဘူးဆိုတာ ငါ့စိတ်ထဲ မယုံနိုင်ဘူး။ တစ်ချိန်ချိန်မှာ တစ်နေရာက ပေါ်လာမှာလား။ အမှောင်ထဲကနေ လှမ်းဖက်လိုက်မှာလား။ ခြုံကွယ်တစ်ခုက ပုန်းနေသလိုမျိုး ငါ့ကို ဝါးခနဲ လုပ်လိုက်မှာလား။ အိပ်နေတုန်း တို့လိုက် ထိလိုက်မှာလား။ တစ်ခါတစ်လေ မှောင်နေတဲ့ မီးဖိုးချောင်ထဲ ငါ ချောင်းကြည့်။ တစ်ခါတစ်လေ အမှောင်ထဲ လမ်းထွက်လျှောက်ရင်း ငါရှာ။ တစ်ခါတစ်လေ လူခြေတိတ် အိပ်ချိန် အိပ်ရာထဲက မအိပ်ဘဲ ငါစောင့်နေမိ။ ကိုယ်ထင်မပြဘူးဆိုလည်း အသံနဲ့ပေါ့။ အရိပ်နဲ့ပေါ့။ လှုပ်ရှားမှုတစ်ခုခုနဲ့ပေါ့။ အဲသလိုမျိုး တွေ့ချင်လို့၊ မြင်ချင်လို့၊ တစ်ကြိမ်တစ်ခါလောက်ဖြစ်ဖြစ် ပြန်ဆုံချင်လို့ ငါစောင့်ခဲ့ပေမယ့် ဒီနေ့ထိ ဘာမှ ဖြစ်မလာခဲ့ပါဘူးကွာ”

▪

အဖေဟာ သူ့မယား သူချစ်ခဲ့။ သူ့သား သူချစ်ခဲ့။ သူ့ယာတော သူချစ်ခဲ့။ သူ့ထန်းတော သူချစ်ခဲ့။ သူ့ထန်းရည် သူချစ်ခဲ့။ ဒီရေ ဒီမြေ ဒီတော ဒီတောင်တွေနဲ့ ခုနှစ်ဆယ်ရှစ်နှစ်လုံးလုံး သူချစ်သွားခဲ့။ နောက်ဆုံး အချိန်ထိ သူ့ထန်းရည်လေး သူမြတ်မြတ်နိုးနိုး မက်မက်မောမော သောက်သွားခဲ့တာ အမှားလား။ အမွေအနှစ်တွေ အဖေထားခဲ့တယ်။ အဲဒီ အမွေအနှစ်တွေ သူ့သားအတွက် ဘာမှ မဖြစ်ခဲ့တာ အမှားလား။ အဖေအမေကို သူချစ်တယ်။ မပြောပလောက်တဲ့ အချိန်ကလေးပဲ သူပေးနိုင်ခဲ့။ မဖြစ်စလောက်ကလေးပဲ သူထောက်ပံ့ဖူးခဲ့။ ကွယ်လွန်တော့ သူကိုယ်တိုင် မသင်္ဂြိုဟ်နိုင်ခဲ့တာ အမှားလား။ သူ့မှာ လူတစ်ယောက်လို အသိဉာဏ်ရှိတယ်။ လူတစ်ယောက် သိခွင့်ရှိနိုင်သလောက် သိခွင့်ရဖို့ ထမင်းနဲ့ ဟင်းကိုမေ့၊ အဖေအမေကို မေ့၊ ချစ်တဲ့ညီမလေးကို မေ့၊ ဒုက္ခကိုမေ့၊ အရာအားလုံးကိုမေ့ပြီး သူအားထုတ်နေခဲ့တာ



အမှားလား။ သူ့ကို ထန်းပင်အောက်မှာ မွေးခဲ့တယ်။ ထန်းတောထဲမှာ သူမနေနိုင်ဘူး။ လွတ်မြောက်ဖို့ သူကြိုးစားခဲ့တာ အမှားလား။ သူ လွတ်မြောက်ခဲ့တယ်။ အဲဒီလွတ်မြောက်မှုအတွက် သွေးသံရဲရဲ ရုန်းကန်ခဲ့ရ၊ နင့်နင့်နဲနဲ ဆုံးရှုံးမှုတွေ ပေးဆပ်ခဲ့ရ၊ အရာရာနဲ့ အခါခါ လွဲချော်ခဲ့ရတာ အမှားလား။ အမှားတွေ၊ အဲဒီအမှားလားဆိုတဲ့ အမှားတွေ၊ အဲဒီအမှားတွေ အားလုံး မှားခဲ့တဲ့ အမှားတွေလား။ မှားခဲ့တဲ့ အမှားတွေ အမှန်လား။

▪

ဒီမှာ အယ်ရာ မြနေပြီ။

▪

ဘာလဲ တွေ့နေပြန်ပြီလား အမှားတွေ။

တွေ့မယ်၊ တွေ့မယ်၊ တွေ့ကို တွေ့ရမယ်။ မတွေ့တဲ့လူ ဘယ်မှာရှိလို့လဲ။ မမှားတဲ့လူ ဘယ်မှာ ရှိလို့လဲ၊ ဘယ်မှာလဲ မမှားသေးတဲ့လူ။ တွေ့ဖူးအောင်ကြည့်ချင်လို့၊ သူကောင်းမြောက် ကိုးကွယ်ထားချင်လို့ ဆိုတာတောင်မှ ခုချိန်ထိ ထွက်လာတဲ့လူ တစ်ယောက်မှ မရှိသေးဘူး။ ဟောဒီမှာ သဲဖြူခင်း ရှာမတော်ကာလို့ပါ။

▪

ကဲလေ၊ ဘာများကော ပြောရဦးမှာလဲ။ ဒီလိုပဲ ဖြစ်နေကြ။ ကြက်ခြေကလေးတွေ ကိုယ်စီနဲ့။

■

## မပြောပဲထားတာက ပိုကောင်းပါတယ်လေ

❒ တသီးတခြားစီ ဖြစ်ရှိနေခြင်းကို ဘာနဲ့မှ ရောထွေး မပစ်လိုက်ပါနဲ့။

•

မရှိမှုကို မသိမှုနဲ့ ထုပ်ပိုးထားတဲ့အထုပ်ဟာ အထုပ်တကာ အထုပ်တွေထဲ အကြီးဆုံးအထုပ်ကြီးပဲ ဖြစ်ပါလိမ့်မယ်။ တို့တွေ ထမ်းပိုးထားကြတဲ့ အထုပ်တွေကလည်း ကြီးလွန်းလှချေရဲ့။

•

တသီးတခြားစီ ဖြစ်ရှိနေခြင်းကို ဘာနဲ့မှ ရောထွေးမပစ်လိုက်ပါနဲ့။ ကိုယ်နားမလည်တာလေးတခုနဲ့ သူ့အပေါ် အပစ်တွေ အားလုံးပုံချလိုက်ကြပြီလား။ နေကြပါဦး နေကြပါဦး။ သိပ်လည်း အရင်မလိုကြပါနဲ့ကွယ်။ နားမလည်တာ လေး တစ်ခုနဲ့။ ဒါလေး တစ်ခုနဲ့များ။ အဲဒီနားလည်မှုဆိုတာကိုက နားမလည်နိုင်မှု တစ်ခုပါ။ အလွဲလွဲအချော်ချော်။ ဘာလဲ၊ ဘယ်လိုလဲ၊ ဘယ်လို နားလည်ရမလဲ။ ဘာကိုနားလည်ရမလဲ။ ဘာကိုဘယ်လို နားလည်ရမှာလဲ။ ဘာကိုလည် ဘယ်လိုနားရမှာလဲ။ ဘယ်လိုနားမှာ ဘာကိုလည်ရလဲ။ ရှုတ်ထွေးသလား။ ဘာမှနားမလည်တော့ဘူးလား။ မလည်ရင်နေ၊ အသာနေ၊ မလည်လို့တော့ ရောယောင်၊ ယောင်မရောလိုက်နဲ့၊ ထသွားမှ ကိုယ်ဘာလဲ သိကုန်ပါဦးမယ်။

•





လာပါကွယ် အဲဒီကျောက်သင်ပုန်းပေါ် ရေးခြစ်ထားတဲ့ စာတွေ တို့တွေ ဖျက်ပစ်လိုက်ကြပါစို့ရဲ့။ လက်စတွေ မထားခဲ့နဲ့။ လက်စတွေ ထားမပစ်ခဲ့ပါနဲ့။ ဘာပဲလုပ်လုပ် လုပ်ချင်တာ လုပ်ပါ။ ပြီးရင်သာ လက်စသပ်ခဲ့။ လက်စတွေ အပြီးသတ်ခဲ့။ အဲဒီ အစအနတွေကိုလေ အကုန်အစင် သိမ်းကျုံးပြီး ဟောဟို ဖြုတ်စဖြင်းတောင်းတွေထည့်တဲ့ ခြင်းတောင်းကြီးထဲ ထည့်လိုက်စမ်းပါကွယ်။ တို့တွေ သင်ယူနေရတဲ့ သင်ခန်းစာတွေ ကလည်း တစ်ခုပြီးတစ်ခု၊ တစ်ခါပြီး တစ်ခါ၊ သစ်သစ်လာ ပါလား။ ဘယ်တော့များမှ ဆုံးမှာတဲ့လဲ။ ကဲကွယ် ဟိုဟာမေး ဒီဟာမေး။ မေးမေးမနေစမ်းပါနဲ့။ ထားပါ။ ထားခဲ့ပါ။ ငါ့ကိုသာ ထားခဲ့ပါ။ ဟောဒီမှာ မရှိတဲ့ ရှိမှုတွေ၊ ရှိတဲ့ မရှိမှုတွေ၊ ယူပါဦး။ မင်းအသုံးတည့်မယ်ဆိုရင် ငါ့မှာရှိသမျှတွေထဲက ထပ်ယူသွား ပါဦး။ ယူ၊ အသုံးချ။ အဲသလို မင်းအလိုရှိသမျှ ရယူ။ မင်း အသုံးတည့်သမျှ အသုံးချ။ ပြီးရင်သာ အသုံးမလိုတော့တဲ့ ပစ္စည်းတစ်ခု စွန့်ပစ်ခဲ့သလိုမျိုး ငါ့ကိုထားခဲ့ပါ။ စဉ်းစား။ စဉ်းစားမယ်ဆိုရင် ပေးဖို့ပဲစဉ်းစား။ ကိုယ်က ရဖို့ထက် ကိုယ်ကပဲ ပေးပေးနေရတော့ ကိုယ်ကပေးဖို့ပဲ စဉ်းစားတော့တဲ့အခါ လောကကြီး အဆင်ပြေသာယာ နေသာထိုင်သာ။ မေ့ပါ။ မေ့ပစ်လိုက်စမ်းပါ။ တစ်ကြိမ်တစ်ခါ ယောင်လို့တောင်မှ မတွေ့ ဘူးခဲ့ သလိုမျိုး။ အဲသလို မင်းမေ့သွားတဲ့အခါ၊ မင်းငါ့ကို လုံးလုံးမေ့သွားပြီဆိုတဲ့ခါ၊ ငါ့မှာ နေသာထိုင်သာ ရှိလို့ပါ။ လောကဆိုတာကလည်း ငါ့အတွက်တော့ အတုအယောင်သာ ပါပဲ။ အတုအယောင်တွေနဲ့ပဲနေ၊ အတုအယောင်တွေနဲ့ပဲ ကြီးပြင်းခဲ့ရတော့၊ အတုအယောင်တွေပဲ ငါသိ။ အဲဒီ မင်းရှာဖွေ တွေ့ရှိခဲ့ပြီထင်နေတဲ့ လွတ်မြောက်မှုဆိုတာကလည်း ဝိမုတ္တိ စစ်စစ်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးကွယ်။ ကဲလေ သူငယ်ချင်းရယ် မင်းကို ငါဘယ်လို ပြောရမှာလဲ။

■

ဘာနဲ့မှ ရောထွေးမပစ်လိုက်ပါနဲ့။

ဒီမြစ်တစ်ကြောမှာ ငါးကြင်း၊ ငါးတန်တွေ ပေါ သတဲ့လား။ ပြောလို့သာ ကြားရ၊ ရွာပြေသာ လှေသိုက်က

ပိုက်မျောတွေ လိုက်ကြလို့ပဲလား။ ရေစီးကြောင်းတွေ ပြောင်းသွားလို့ပဲလား။ မြူးကြောင်ကြောင် မျက်လုံးလေးတွေနဲ့ လေးငါးကောင် အုပ်စုဖွဲ့၊ ရေစီးဆန်တက်နေတဲ့ ငါးကြင်းလုံး လေးတွေရယ်။ ရေသာသာ သောင်စပ်မှာ ကဲကဲဆတ် အမြှုပ် လှုပ်ရှားတတ်တဲ့ သောင်းငါးပေါက်အုပ်တွေရယ်က လွဲလို့ တစ်ပွက်တစ်လေ ပွက်တာတောင်မှ မတွေ့ရပါလားကွယ်။ ရေလယ်ခေါင် သောင်ဖွေးဖွေး ငါပြေးဆော့လို့ ပျော်လိုက် ချင်လှတယ်။ မြောက်ပြန်လေကလည်း ပြည့်ပြည့်သွေးလို့ အေး ပါဘိသနဲ့။ သဲသောင်ခုံဖွေးဖွေးကလည်း နေခြည်ထွေးလို့ နွေး ပါဘိသနဲ့။ ခုလိုကြည့်လိုက်တော့လည်း ဘာမှမဟုတ်သလို ပါပဲလားကွယ်။ မိုးကြီးလေကြီး ရေတွေကြီးခဲ့တုန်းက လှိုင်း လုံးကြီးတွေကလည်း ကြောက်ခမန်းလိလိ။ ကြည့်လေ ပြတင်းပေါက်ကလေးထဲပဲ ကျူးလာတော့မှာလိုလို။ ခုပဲ စားတော့ ဝါးတော့မှာလိုလို။ ငါရင်တွေ အခါခါဖိုခဲ့ရ။ ခုတော့လည်း ဘာမှမဟုတ်သလိုပါပဲလား။ ဟို ရေလယ်ခေါင် သောင်ပေါ် လက်ပစ်ကူးလို့ ငါရောက်ခဲ့။ ရေလယ်ခေါင်သောင်ခုံပေါ် ငါးမြူးလို့ ပျော်ခဲ့။ ဟို ကမ်းတစ်ဘက်ကို ကူးကြည့်လိုက်တော့လည်း စီးမျောလို့ ရောက်လာခဲ့တာပဲလေ။ ကမ်းတစ်ဘက် အထက်နားဆီက ငါပြန်ကူးခတ်ခဲ့တော့လည်း စီးမျောလို့ ပြန်ရောက်ခဲ့။ သောင်ပေါ်မှာ ငါပျော်။ ငါဟာ သောင်ပေါ် ပျော်နိုင်သူပေါ့။ သောင်ပေါ်မှာ ဘိုအိမ်၊ သောင်ပေါ်မှာ ရဲတိုက်၊ သောင်ပေါ်မှာ မျှော်စင်၊ သောင်ပေါ်မှာ နန်းတော်၊ သောင်ပေါ်မှာ ခံတပ်၊ သောင်ပေါ်မှာ စေတီပုထိုး၊ သောင်ပေါ်မှာ မြို့၊ သောင်ပေါ်မှာ ဓား၊ သောင်ပေါ်မှာ သောင်မျော်။

■

ရောထွေးမပစ်လိုက်ပါနဲ့။

လဝန်းပြာပြာ၊ နှင်းဆွတ်ဆောင်းရာသီ၊ ပင်လယ်ပြာအေး။ မင်းကြီးတောင်ပေါ်မှာ ခေါ်သံ ပျော်သံ အသည်းအေးသံတွေ၊ ထူးသံ မြူးသံ ကြည့်နူးသံတွေနဲ့။ အဲဒီမှာ မင်း။ အဲဒီမှာ ငါ။ အဲဒီမှာ ဟိုကောင်။ ဘာတဲ့ ဘာတဲ့၊ မမလေး မောင်ကနိုးမယ်လို့ လူဆိုးတွေနဲ့ မောင်တိုင်ပင်။ တစ်ယောက်ကို တစ်



ယောက် ခင်မင်။ တစ်ယောက်နဲ့တစ်ယောက် ချစ်။ တစ်ယောက်ကိုတစ်ယောက်က လိုလား။ မက်ခဲ့ကြ။ အိပ်မက်တွေမက်ခဲ့ကြ။ တို့တွေ မက်ခဲ့ကြတဲ့ အိပ်မက်တွေဟာ အိပ်မက်မဟုတ်ဘူး။ တို့တွေ တည်ဆောက်ခဲ့ကြတာ အိပ်မက်တွေမဟုတ်ဘူး။ တို့တွေကြိုးစားကြည့်ခဲ့တာ အစစ်အမှန်တွေပါ။ ဒီ ဖြစ်မြောက်မှုတွေဟာ အင်အားမရှိ။ ဒီတည်ဆောက်မှုတွေဟာ ချိချိနဲ့နဲ့။ တကယ်တည်ဆောက် ခဲ့တာတွေဟာ လေထဲမှာလိုလို။ တို့တွေ ဘယ်မှာ။ တို့တွေ ပြေးနေရ။ ဘယ်သူကလိုက်လို့ ဘယ်ကိုပြေးနေရမှန်း မသိ။ ဘယ်ကစလို့ ဘယ်မှာဆုံးမယ်မှန်းမသိ။ ဘာမှန်းမသိ ပြေးနေရ။ မောကြီးပမ်းကြီးပြေးနေရ။ ကမ်းမမြင် လမ်းမမြင်ပြေးနေရ။ နားခိုစရာရယ်လို့ အရိပ်မရှိ။ ဖြည့်တင်းဖို့ စားရေးရိက္ခာမရှိ။ အကူအညီရဖို့ ဆက်သွယ်ရေးလမ်းကြောင်းမရှိ။ ဒီတောနက်နက်ကြီးထဲ။ ဒီကွင်းခေါင်ခေါင်ကြီးထဲ။ သားရဲတိရိစ္ဆာန်၊ သဘာဝဘေးအန္တရာယ်တွေကလည်း ပေါပါဘိ။ ဒါဟာ အစပေါ့။ တို့တွေ အဲဒီကစခဲ့ကြတယ်။ ကိုယ့်အထုပ် ကိုယ်ထမ်း။ ကိုယ့်လမ်းကိုယ်ရွေးချယ်။ မနိုင်ရင်သာ ရှိမယ်။ ကြောက်ရွံ့လို့ နောက်မတွန့်ခဲ့ပါဘူး။ နောက်မတွန့်ခဲ့ကြဘူး။

■

ရောထွေးမပစ်လိုက်ပါနဲ့ဦးကွယ်။

ဒီမယ် အမှားဆိုတာ ကိုယ်ကကျူးမှ မဟုတ်ဘူး။ သူကကျူးလည်း ကိုယ့်အမှားပဲ။ ဆိုက်ကားက ငါ့ကား ဝင်တိုက်တော့ အင်အားကြီးသူသာ ကိုယ့်အမှားပေါ့။ စက်ဘီးစီးသင်နေတဲ့မိန်းမ ငါ့စက်ဘီးနဲ့ ဝင်တိုက်တော့ လန့်တွန်းမိသူကိုယ်သာ အမှားကျူးသူပေါ့။ မင်းခေါ်လို့ မင်းနောက်လိုက်ခဲ့မိတော့ လိုက်ခဲ့မိသူသာ ကိုယ့်အမှားပေါ့။ အမှားနဲ့ ငါနဲ့ တည့်တည့်တိုးတော့ တိုးမိတဲ့သူသာ ကိုယ့်အမှားပေါ့။ မင်းချစ်သူစောင့်နေတယ်။ မင်းကိုချစ်တဲ့သူ စောင့်နေတယ်။ မင်းချစ်တဲ့သူက မင်းကို စောင့်နေတယ်ကွဲ့။ လှည့်ကြည့်မနေပါနဲ့ သူငယ်ချင်းရယ်။ ငါ့ကို အဲဒီအမှားနဲ့ စိတ်ချလက်ချထားပြီး ချစ်တဲ့သူဆီသာ အရောက်ပြေးပါတော့။ ခေါ်ခဲ့သူမမှား။ လိုက်ခဲ့မိသူသာ

ကိုယ့်အမှား။ ထားခဲ့သူမမှား။ ကျန်ခဲ့သူသာ ကိုယ့်အမှား။ သွားစမ်းပါ။ သွားကြစမ်းပါ ဝေးဝေး။ ငါ့ဘာသာငါ နေစမ်းပါရစေ။ ရှိပါစေ။ အမှားနဲ့ငါပဲ ရှိပါစေ။ ညီမလေးရေ မင်းခေါ်သံတွေ ကိုယ်စဏစဏ ကြားနေရပေမယ့် အမိုးအကာအောက် အချိန်မီ မရောက်နိုင်တော့ဘူး။ ကိုယ်မမှားမိဘဲ အမှားကိုယ့်ကို မိသွားပြီကွယ်။

▪

မရောတွေးပါနဲ့။ မရောတွေးပါနဲ့။ ဘာနဲ့မှ ရောတွေး မပစ်လိုက်ပါနဲ့ကွယ်။

သူတို့အနံ့ သူတို့ နှာခေါင်းရှုံ့ကြတဲ့ လူတွေကြားမှာ ငါ့ကိုထားခဲ့ကြပြီလား။ ကိုယ့်အနံ့ကိုယ်မှ သည်းညည်းမခံနိုင်ဘဲ သူများကို သည်းညည်းခံဖို့ ပြောပြောနေတာ ငါဘယ်လိုလုပ်ရမှာလဲ။ သနားသလိုလို၊ ကြင်နာသလိုလိုနဲ့ သူများအိတ်ကပ်ထဲ လှမ်းလှမ်းကြည့်တတ်တဲ့ မျက်လုံးတွေကို ငါမယုံဘူး။ အများအတွက်ပါလို့ ပြောပြောပြီး သူ့အိတ်ကြီးနဲ့ သူ့ဗိုက်ကြီးပဲ ဖောင်းဖောင်းလာတဲ့ကိစ္စ ငါမယုံဘူး။ ကိုယ်ကောက်ကွေ့တာ ဖုံးကွယ်ဖို့ သူများမရိုးဖြောင့်မှု ထောက်ပြတတ်တာ ငါမယုံဘူး။ တွေ့တုန်း ဖက်လဲတကင်းနဲ့ နားထောင်ကောင်းအောင် ပြောတတ်တဲ့ စကားလုံးတွေ ငါမယုံဘူး။ ခပ်လွှယ်လွှယ်ပေးပြီး ခပ်မြန်မြန်မေ့တတ်တဲ့ ကတိကဝတ်တွေ ငါမယုံဘူး။ ရှေ့တင်မကြားတကြားအတင်းပြော၊ အတင်းပြောရင်းကပဲ လှမ်းပြုံးပြတဲ့ အပြုံးတွေကို ငါမယုံဘူး။ လူတစ်ဖက်သား ဒုက္ခရောက်မှ စားဝင် အိပ်ပျော်တတ်တဲ့ နိရိုနီယန်အမူအကျင့်တွေ ငါမယုံဘူး။

▪

ဘာကို ငါယုံရမှာလဲ။

ရောဝတီမှာ သောင်တွေ ထွန်းတဲ့အခါ ပျော်စရာကောင်းခဲ့တာ ငါယုံတယ်။ အဲဒီပျော်စရာတွေ အဲဒီ သောင်ပေါ်မှာဘဲ သောင်တင်ကျန်ရစ်တာ ငါယုံတယ်။ ပျော်စရာဆိုတာ တစ်ခါတစ်ရံမှ မှားပြီးရောက်လာတဲ့ လေပြည်လေညှင်းနဲ့ တူတာ ငါယုံတယ်။ တို့တွေ မင်းကြီးတောင်ပေါ်မှာ ပျော်ခဲ့ကြတာ အိပ်မက်မဟုတ်တာ ငါယုံတယ်။ ဟိုကောင် အဲဒီမှာ ငါ့ကို



ချိန်းမဖိုးပေးခဲ့တာ ငါယုံတယ်။ မင်း ငါ့ကို ငါဘာမှမသိတဲ့အရပ်မှာ စိတ်ချလက်ချထားပစ်ခဲ့တာ ငါယုံတယ်။ ကီနွင်မောင်နံ့ တစ်ညလွဲလို့ အကြာကြီး တွေးရတယ်ဆိုတာ ငါယုံတယ်။ ကလေးသုံးယောက်ရတဲ့အထိ ငါချစ်တာကို ငါ့မိန်းမက မယုံသေးတာ ငါယုံတယ်။ ယူဖို့ပဲ သိတဲ့လူမှာ ပေးဖို့အသုံးလုံး မရှိတာ ငါယုံတယ်။ ကဗျာဟာကဗျာ၊ စကားပြေဟာ စကားပြေ၊ ရောတွေးတယ်လို့ ငါမယုံတာ ငါယုံတယ်။ ရောဝတီမှာ ငါပျော်ရုံပဲ ပျော်ပြီး နေနိုင်မယ်လို့ ငါမယုံကြည်တာ ငါယုံတယ်။ ငါ့ကိုယ်ငါ လူကြိုက်များမယ်လို့ ငါမယုံကြည်တာ ငါယုံတယ်။ ငါပြောတာတွေအားလုံး လူတွေယုံမယ်လို့ ငါမယုံကြည်တာ ငါယုံတယ်။ ငါ့ကိုမယုံတဲ့လူတွေကို ငါကမယုံတာလည်း ငါယုံတယ်။ ငါမယုံရတဲ့ လူတွေနဲ့ပဲ ငါ နေ့နေရတယ်လို့ ငါယုံတာ ငါယုံတယ်။ အဲဒီမယုံရတဲ့ လူတွေထဲမှာ ငါ့မိန်းမလည်း ပါတယ်လို့ ငါယုံတာ ငါယုံတယ်။ ငါယုံတာတွေကိုပဲ ငါယုံပြီး ငါ မယုံတာတွေကို ငါမယုံတာ ငါယုံတယ်၊ မယုံမဖြစ် အယုံကြီး ယုံနေတာတစ်ခုက ငါယုံတာ မယုံတာတွေ ပြောနေတာထက် မပြောဘဲထားတာက ပိုကောင်းပါတယ်လေ။

■


## လွမ်းဆွတ်အောက်မေ့ဖွယ်တို့ စနစ်တကျပျောက်ဆုံး

❒ မဟုတ်ဘူး။ မဟုတ်သေးဘူး။ ညောင်ဦးကမ်းပါးနဲ့ စမ္မနူဂိုက နွားနဲ့ အငေးကြီး။ ခပ်ရှိုင်းရှိုင်းစကားပုံတွေကမှ ကောင်းကောင်းသေး။ ဟုတ်တုတ်တုတ်ရှိသေး။ ဘယ်ရောက်သွားပါလိမ့်။ ဘာ၊ ဪ မဟုတ်ဘူး။ ဟုတ်တယ်လေ မဟုတ်ဘူးဆိုတာ။ အဖြစ်အပျက်တွေက သူဟာနဲ့သူ။ သူ့အကြောင်းနဲ့သူ။ ဒါပေမယ့်။

•

ဒါပေမယ့် ဟုတ်ပါပြီ။ အဲဒီ သူဟာနဲ့သူ၊ သူ့အကြောင်းနဲ့ သူ၊ တစ်ခုစီ၊ တခြားစီဖြစ်နေတဲ့ အဲဒီနှစ်ခု။ တစ်ခုနဲ့ တစ်ခု ဆက်စပ်လို့ရသလား။ အဆက်အစပ် ရှိသလား။ ဒါ ဖြစ်နိုင်သလား။ ဘာလဲ၊ ဘယ်လိုလဲ။ ယုတ္တိနည်းလမ်းတကျ ဆင်ခြင် ဘာညာစတာတွေက ဒဿနဆရာတွေလုပ်တဲ့ အလုပ်။ ခုကိစ္စက ဘာလဲ၊ သပ်သပ်စီဖြစ်နေတဲ့ မတူတာနှစ်ခု စပ်ဟပ် ကြည့်ဖို့။ ကဲ ဒါမျိုးဆို လူတွေ တယ်ဝါသနာပါ။ ကိုယ့်ထမင်း ကိုယ်စား ဂျိုးတော်နွား အလကားကျောင်းမယ့် သူချည်းပဲ။ ဘာလဲ မတူပါဘူးဆိုမှ စပ်လို့ဟပ်လို့ကော ရပါ့ မလား။ မရတာကို အရ,မရအရ အတင်းကြီး စပ်ဟပ်ကြည့် မယ်ဆိုရင်၊ ဒါ ကိုယ်လိုတာ ကိုယ်ဆွဲတာမဟုတ်လို့ ဘာဖြစ် ဦးမှာလဲ။ ဒီမယ် ပြဒါးက ပြဒါး။ သံက သံ။ ဘာဆိုင်တား မှတ်လို့။

•



စဉ်းစား။ သေချာ ပြန်စဉ်းစား။ ရှင်းရှင်းလင်းလင်း ကွဲကွဲပြားပြား စဉ်းစား။ ဟိုတစ်ယောက်က ညိုပြာညက်။ နှစ်ယောက်က ဝင်းစက်ဇက်။ ဘာဆိုင်တာ မှတ်လို့။ အချက်အလက်က ဘာတွေလဲ။ ယှဉ်လို့ ဖက်လို့ စပ်လို့ ဟပ်လို့ရမယ့် သွင်ပြင်လက္ခဏာတွေက ဘယ်မှာလဲ။ ပါးပေါ် သနပ်ခါးတွေ ဖွေးနေအောင် ပုံထားတာကလွဲလို့ ဘယ်မှာလဲတူတာ။ ဘယ်လောက်ပဲ ဖွေးနေအောင် ပုံထားပုံထား ညာလို့မရတာက ညိုတာ ညိုတာပဲ။ ညိုပါတယ်ဆိုမှ ဘယ်လိုလုပ် ဖြူမှာလဲ။ ဘယ်မှာလာ ဝင်းမှာလဲ။ အဲဒီ ညိုမြဲအတိုင်းညို၊ ညိုတိုတို အညိုမလေးဟာ ထနောင်းပင်အောက် အုတ်တံတိုင်းမှာ ခြေတွဲလွဲချ ထိုင်လို့။ ဂျင်းအကျီအပြာလေး ဝတ်လို့။ ဆံပင်ကဖိုကရိုစည်းလို့။ သနပ်ခါးဖွေးဖွေး ပါးပေါ်တင်လို့။ အဲဒီနေ့က စိမ်းညက် ညို အစ်မရှေ့ ထနောင်းပင်ရိပ် ကားရပ်ရင်း လှမ်းတွေ့လိုက်တော့ ဒါလေးက အညာပုံလေးပဲလို့။ ကားပေါ်က အဆင်းမျက်လုံးချင်း ဆုံလို့ ပြုံးပြလိုက်ရသေး။ သူ့ဆီက တုန့်ပြန်ပြုံးရိပ်ကို တွေ့လိုက်ရသေး။

■

ဘယ်နှစ်ခေါက်ရှိပြီလဲ။ အခါခါဖြတ်၊ အခါခါသွား။ တစ်ခါမှ မဝင်ဖြစ်လို့၊ ရောက်တုန်း အေးအေးဆေးဆေး စေ့စေ့စပ်စပ်ကြည့်လိုက်ဦးမယ်လို့ ကြည့်လိုက်တော့လည်း ဘာမှ သိပ်များများစားစားမရှိ။ အတွင်းဘက်က ဘုရားပန်းဆွဲမှာ အင်္ဂတေလက်ရာ ခပ်စိပ်စိပ်တွေ့လို့ 'မြူကမ်'*နဲ့ ဆွဲကြည့်လိုက်တော့ အနုစိတ်ထုထားတဲ့ ဘီလူးရုပ်တစ်ရုပ်။ ပုဂံခေတ်လက်ရာလား။ ဘယ်ခေတ်လက်ရာလဲ၊ ဒါတော့ ဆိုင်တဲ့လူတွေဆုံးဖြတ်ကြ။ ဘာပဲဖြစ်ဖြစ် တွေ့တုန်းရိုက်ယူထားလိုက်တော့ ကြည့်ချင်တဲ့အခါ ပြန်ကြည့်။ အရှုံးမရှိပါဘူး။ မိနစ်နှစ်ဆယ်၊ နာရီဝက် ဒီလောက်ပါပဲ။ ကားဆီပြန်ရောက်တော့ အညိုလေးရှိနေတုန်းပဲ။ ပုံစံမပျက်၊ အေးအေးဆေးဆေး။ ဒီအတိုင်းပဲ ထိုင်နေတော့မှာလား။ ကြည့်ရတာတော့ အဲဒီလိုပုံပဲ။ အရုပ်တစ်ရုပ်မဟုတ်တာတော့ သေချာ။ ပြုံးတတ်တယ်။ ထွက်ခါနီး ပြုံးကြည့်နေလို့ 'သွားမယ်နော်' နှုတ်ဆက်တော့ ပြုံး၊ ခေါင်း

ညီတ်ရင်၊ တစ်ခုခုပြန်ပြောလိုက်ပေမယ့် သူ ဘာပြောလိုက်သလဲ သေချာမကြားရ။ လက်ပြန္နတ်ဆက်လိုက်မှ ရဲခနဲ တစ်ချက် ပြက်လက်သွားတာ သူ့လက်စွပ်က မဟုတ်ရင် ဘာ ဖြစ်ရဦးမှာလဲ။

■

အဲဒါ တိတိကျကျဆိုရင် လွန်ခဲ့တဲ့ လေးရက်၊ ကြာသပတေးနေ့က။

■

ဒီလောက်ကြီး နောက်ကျသွားရဖို့ မရှိပါဘူး။ ဒါပေမယ့် ဒီလိုပဲလေ။ ဒါမဟုတ် ဟိုဟာ၊ ဒီလိုနဲ့ အချိန်တွေ ကုန်သွားရတာပဲ။ မနက်က ကျောက်ဂူ။ (ကျောက်ဂူဥမင်ကို သူတို့အခေါ် ကျောက်ဂူ)။ ကျောက်ဂူကို ရေလမ်းက သွားခဲ့တာကို။ ကုန်းလမ်းက တစ်ခါသွားတာ မေးစမ်း လမ်းရှာနေရတာနဲ့ပဲ။ လမ်းမှာ ဘာမှကြည့်စရာမရှိဘူး။ ကျောက်ဂူက လှမ်းမြင်ရတဲ့ ဘုရားလည်းမဟုတ်။ ချောက်ထဲမှာ။ ရေလမ်းက အချိန်ကုန်ပေမယ့် ကြည့်စရာတွေနဲ့။ ရောဝတီနဲ့ ထိတွေ့။ မြစ်ထဲက မြင်ရတဲ့ ပုဂံနဲ့ ထိတွေ့။ ညောင်ဦးကမ်းပါးနဲ့ ထိတွေ့။ ထိတွေ့ရတာတွေက မတူဘူးလေ။ 'မြစ်ထဲက မြင်ရတဲ့ မြင်ကွင်းက အခြားဂြိုလ်တစ်ခုကို ဖြတ်သွားရသလို မြင်ကွင်းမျိုးပဲ' လို့ ဟင်နရီယူးလ်**က ပြောခဲ့ဖူး။

ပုဂံရောက်ရင် ကျောက်ဂူရောက်မှ။ ကျောက်ဂူမဝင်ဘဲ ပြန်ခဲ့တယ်လို့ မရှိဘူး။ ကျောက်ဂူက ပုဂံရဲ့ မြောက်ဘက်အစွန်။ စေတနာကြီးက တောင်ဘက်အစွန်။ ဒီဘုရားနှစ်ဆူကို သိမှ။ ရောက်အောင် သွားမယ်ဆိုမှလည်း ရောက်မှာ။ ကျောက်ဂူရောက်ရင် ကုန်းတော်ကြီး၊ သကျမုနိနဲ့ ချောက်ဘုရားလှ၊ ဒီဘုရားတွေတော့ ဝင်ရမယ်။ အဲဒီမှာ နေ့ တစ်ဝက်။ ညနေဘက် ဘုရားသုံးဆူမှာ အေးအေးဆေးဆေး အချိန်ယူကြည့်။ ပြီးမှ ပြဿဒါးမှာ ဆန်းဆက်။ ဒါက မူလ အစီအစဉ်။ ထွက်လာတော့ ပြဿဒါးပေါ်က ကြည့်လိုက်ရင် စူဠာမဏိ၊ ထီးလိုမင်းလိုတို့နဲ့ ပုံစံတူ သုံးဆူတန်းနေတဲ့ ဘုရား တစ်ဆူကို ရှာဖို့သတိရ။ ရှာကြည့်လိုက်တော့လည်း သိပ်မခက်ပါဘူး။



ပြဿဒါးပေါ်ကကြည့်တော့ တစ်တန်းတည်းလို့ ထင်ရပေမယ့် အကွာအဝေး။ အနေအထားတူတာ မဟုတ်ဘူး။ စူဠာမဏိနဲ့ ကပ်လျက်မှာရှိတဲ့ သဗိတ်မှောက်ဘုရား။ ပန့်သကူ မထေရ်တည်တဲ့ဘုရားဆိုတော့ ဘုရင်တည်တဲ့ဘုရားတွေလောက် မကြီးဘူး။ ဒါပေမယ့် သူတို့လို ပုံစံတူ၊ အထက်အဆင့် သုံးဆင့်ကို အတွင်းလှေကားက တက်သွားလို့ရတဲ့ ဘုရားပဲ။ ရှားရှားပါးပါး စူဠာမဏိကို နောက်ဖက်က မြင်ရတဲ့မြင်ကွင်း ဗီဒီယိုရိုက်ယူ။ အထက်ပစ္စယံမှာ နားနားနေနေ ထိုင်ကြည့်။ ဘုရားသုံးဆူရောက်တော့ တော်တော်နောက်ကျနေပြီ။ ဒါတောင် တိုးကားကြီးနှစ်စီးနဲ့ နိုင်ငံခြားညှိသည်တွေ ရောက်နေလို့ တော်တော်စောင့်လိုက်ရသေး။ နောက်ဆုံးကျန်တဲ့ ဂျပန် အုပ်စုတစ်စု နောက်နားကနေ ဘယ်ဘက်အစွန်ဆုံးဘုရားက စတင်။ 'ကြည့်နိုင်ရင် ထပ်တွေ့တယ်' လို့ ရှေးဟောင်းက ဦးသိန်းလွင် ပြောဖူးတယ်။ အမှန်တော့ အာရုံစိုက်ကြည့်တဲ့ အကြောင်းအရာပေါ်မှာ တည်တာ။ နံရံဆေးရေးပန်းချီ အကြောင်းအရာတွေက အများကြီး။ ညာဖက်အစွန်ဆုံးဘုရားရဲ့ ညာအစွန်ဆုံးထောင့်မှာ ဖြူမှာရုပ်ကြီးတွေနဲ့ မစ်ဒေးယျအလောင်း တော်လို့ ယူဆရတဲ့ ပုံတွေ။ သမိုင်းဌာနက ဆရာမတစ်ယောက် ပါရဂူဘွဲ့အတွက် သုတေသနလုပ်နေတာ*** အဲဒါတွေပဲဖြစ်ရမယ်။

လူရှင်းသွားတော့ အာရုံမပြား၊ အနှောက်အယှက်မရှိ၊ ကိုယ်ရိုက်ချင်တာ စိတ်တိုင်းကျ ရိုက်ယူရုံပဲ။

■

ဘယ်လောက် တောင် ကြာသွားသလဲ။ ဘုရားထဲက ထွက်လာတော့ အပြင်မှာ ဘာမှမရှိတော့ဘူး။ ဈေးသည်တွေလည်း မရှိ။ စောစောက ဘုရားနောက်ဘက် ပိတောက်မင်းရိပ်မှာ ဝိုင်းဖွဲ့ထိုင်နေတဲ့ အုပ်စုတွေလည်း မရှိ။ လူတွေသာ မရှိတော့တာမဟုတ်၊ နေရောင်တောင်မှ မရှိတော့ပါလား။ ဘုရားရှေ့မှာ သခင်အလာစောင့်နေတဲ့ ကိုယ့်ကားလေးသာ တစ်စီးတည်း ခြောက်သွေ့။ ကားလေးပဲ ဂရုဏာသက်ရတော့မှာလိုလို။ ကြည့်နေတုန်း အမြင်မတော်တာတွေ့ရ။ ရှေ့ညာဘက်ဘီး ပြားနေပြီ။

■

အဲဒါမှ ဒုက္ခ။ ကားသာ စီးချင်တာ။ ကားဒုက္ခ နည်းနည်းမှခံချင်တာ မဟုတ်ဘူး။ အဲသလိုမဖြစ်ရအောင်လို့ ကျွတ်အသစ်တွေ လဲလာခဲ့သားပဲ။ အေးလေ ဒါလောက်ဝေးတဲ့ ခရီး၊ ဒီလောက်ကြမ်းတဲ့ လမ်းတွေပဲ။ ဘယ်တတ်နိုင်မလဲ။ ကြုံပြီဆိုတော့ မလုပ်ချင်လို့လည်း မရ။ ဘီးနတ်တွေကို တော်တော်ကြာအောင် ကြိုးစား ဖြုတ်ရ။ ဂျိုင့်ကို ပင်ပင်ပန်းပန်း ထောက်ရ။ စပယ်ယာဘီးကို ခက်ခက်ခဲခဲ ချရ။ နောက်ဆုံး တော့လည်း ပြီးသွားတာပါပဲလေ။ မှောင်ရီပျိုးပြီ။ ဒီနေ့အဖို့ စခန်းသိမ်းရုံပဲ။ ကားပေါ်တက် စက်နှိုး။ စက်က ချက်ချင်းမနိုး။ နှစ်ချက်ပဲ ဆွဲရသေး။ မော်တာက မလည်တော့။ ဒါမှ တကယ့် ဒုက္ခ။ ဘီးပေါက်တာမှ တော်သေး။ ဒါက ကိုယ်တစ်ယောက် တည်း မဖြစ်တဲ့ကိစ္စ။ ကိုယ်ကသာ ကိုယ့်ကားကို ကားလေး ပြောနေပေမယ့် ကားက ဟိုင်းလက် ပစ်ကပ် ကားအကြီးကြီး။ လိုမ့်ဖို့မပြောနဲ့ အနေအထားက လှုပ်တောင် လှုပ်မဲ့ပုံမပေါ်။ ဒီဘုရားမှာ ဘုရားစောင့်မရှိ။ အနီးဆုံး မင်းနန်သူ ရွာတောင်မှ ခြေထောက်နဲ့ဆို တော်တော် ဝေးသေး။ ရွာကျောင်းသားလေး တစ်ယောက်တစ်လေ ပေါ်လာရင် ကောင်းသား။ ရွာဆိုလို့ လည်း တစ်ကောင်တစ်လေမှ မမြင်။ ရွာစားကျက်မှလည်း ရှိမှမရှိပဲ။ အချိန်က တော်တော် လင့်ပြီ။ ကားပေါ်က ဆင်း။ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့လည်း မှောင်ရီသာ ပျိုးပျိုး လာခဲ့။ ကဲ ဘာလဲ၊ ဘာလုပ် မှာလဲ၊ ဘယ်လိုလုပ်မှာလဲ၊ စဉ်းစား။ မြန်မြန်စဉ်းစား။ မြန်မြန် ဆုံးဖြတ်။ ဒီအတိုင်း ရပ်နေ လို့တော့ ဘာမှမဖြစ်ဘူး။ မင်း နန်သူကိုပဲ သွားမှ။ လက်နှိပ် ဓာတ်မီးလေးပါလာခဲ့လို့ တော်သေး။

▪

ကားထဲ ဓာတ်မီးထုတ်ယူနေတုန်း ခြေသံလိုလို၊ စကား သံလိုလို အသံသဲ့သဲ့ကြားရ။ ပြန်လှည့်ကြည့်လိုက်တော့ ဘယ် က ဘယ်လိုပေါ်လာမှန်း မသိ။ မင်းနန်သူဘက် ဦးတည်သွား နေတဲ့ မိန်းကလေးနှစ်ယောက်။ ဝဉ်းစားနေချိန်မရှိ။ 'သမီး တို့ရေ' လို့ လှမ်းခေါ်လိုက်မိ။ 'ညီမတို့ကိုလားရှင်' လို့မေးရင်း သူတို့ပြန်လျှောက်လာ။ 'ကားလေး တစ်ချက်လောက် တွန်းပို့



ဦးကို ကူညီပါလား' လို့ အကူအညီတောင်းကြည့်တော့ 'ရပါ တယ် မောင်ကြီး' ပြောလို့ ကားနှိုးဖို့ ပြင်ရ။

▪

ကားမြန်မြန်ကြီး နိုးသွားပုံက တွန်းမှတွန်းလိုက်ရ ရဲ့လားလို့ ထင်ရ။ သူတို့ကို ကားပေါ်တင် ထွက်လာခဲ့တော့ မှောင်ပြီ။ မင်းနန်သူဘက် မောင်းလာရင်း 'မင်းနန်သူကိုပဲလား' လို့မေးလိုက်တော့...

'မဟုတ်ပါဘူးရှင်၊ ညီမတို့က စိမ်းညက်ကိုသွားမှာပါ။ မောင်ကြီးက ဘယ်ကိုလဲဟင်' လို့ အနီးဆုံးတစ်ယောက်က ပြောရင်း သူလက်ထဲက ပန်းစည်းကို ဒက်ရှ်ဘုတ်ပေါ် လှမ်း တင်တယ်။ ငှက်ပျောဖက်နဲ့ ပတ်ထားတဲ့ ကြာပန်းတွေ။ လှ လိုက်တဲ့ ကြာညိုပန်းတွေ။ ရှားရှားပါးပါး ဘယ်က ရလာပါလိမ့်။ ဒီအရပ်မှာ ကြာတွေဘာတွေ ရှိပါလား။ ကြာပင်အိုင်က ဘယ် မှာ။ ရေနဲ့တူတာဆိုလို့ မြကန်ပဲရှိ။ မြကန်မှာ ကြာတွေ ပေါက် သလား။ သူတို့ကို သေချာပြန်ကြည့်လိုက်တော့ အရောင်တူ၊ အဆင်တူ၊ ရုပ်တူ။ အချိတ်ထပ် စိမ်းနု။ မင်းသမီးတွေ ဝတ်လေ့ ရှိတဲ့ ရင်ဖုံးခါးရှည်အင်္ကျီဖြူ။ ပခုံးပေါ်မှာ ပိုးပုဝါစိမ်းနု။ နဖူးပေါ် ဆံမြိတ်ချ တစ်ပတ်လျှိုဆံထုံး။ နားမှာ မြ။ လည်မှာ ပုလဲ။ ဟက်လိုက်မီးရောင်ဖျော့ဖျော့မှာ အသားအရေက ဝင်းဝင်း ဖန့်ဖန့်အိအိ။ ပါးပေါ်မှာ သနပ်ခါးဖွေးဖွေး။ သတိရလို့ အသေ အချာ ကြည့်လိုက်တော့ လက်မှာ အရည်လဲ့နေတဲ့ ပတ္တမြား။ သူတို့မှ အမွှာညီမ မဟုတ်ရင် ဘာဖြစ်ရဦးမှာလဲ။

▪

'စိမ်းညက်ကို ဘယ်လိုသွားမှာလဲဗျ ဟင်' မေးချင်တာ တွေ အများကြီးထဲက ဒီတစ်ခုကိုပဲ မေးလိုက်မိ။

'မောင်ကြီးက ဝေးတယ်ထင်လို့လားရှင့်၊ မဝေးပါဘူး မောင်ကြီးရဲ့၊ ဒီကနေ ဓမ္မရာဇိက၊ ပြီးရင် တာမဏီ၊ ဖြတ်လိုက် ရင် နီးနီးလေးပဲ၊ ညီမတို့ ညီအမ သွားနေကျပါ မောင်ကြီးရဲ့' အနီးဆုံးတစ်ယောက်ကပဲ တစ်ချက်လှမ်းကြည့်ရင်း ပြောတယ်။

နှုတ်ခမ်းနီမပါလို့ဘဲထင်ပ။ သူတို့မျက်နှာလေးတွေက ရှိးရှင်းဝင်းပ၊ အသက်အရွယ်ကသုံးဆယ်၊ ဒါလောက်ပါပဲ။

'သမီးတို့ကို ကျေးဇူးတင်ပါတယ်။ ဦးက ညောင်ဦး သွားမှာပါ။ ဒါပေမယ့် မြို့သစ်လမ်းဆုံက တာယာဆိုင်မှာ ဘီးဝင်အပ်မှာ၊ အတော်ပါပဲ'

'မောင်ကြီးက ညောင်ဦးသည်လားရှင့်'

'ဟုတ်ပါတယ်၊ ဦးက ညောင်ဦးသည်ပါ။ ဒါပေမယ့် ခဏ ခဏ ရောက်တဲ့ညောင်ဦးသည်'

'ဩော် ဒါကြောင့် မြင်ဖူးတယ်လို့ ထင်တာကိုး' လို့ ပြောပြီးမှ 'မောင်ကြီးက ဒီမှာနေဖို့ စိတ်ကူးရှိလို့လားဟင်'

ဘယ်လိုမေးခွန်းမျိုးပါလိမ့်လို့ စဉ်းစားရင်း လှည့်ကြည့် လိုက်မိတော့ သူကြည့်နေတာနဲ့ဆုံ။ မြို့သစ်ထဲ ရောက်လာလို့ သတိထားမောင်းရင်း 'စိတ်ကူးမရှိပါဘူးဗျာ၊ ဦးမှာ တာဝန် တွေနဲ့ပါ' လို့ ပြောရ။

▪

လမ်းဆုံမှာ ဘီးဝင်အပ်တော့ သူတို့နောက်ခန်းပြောင်း သွားပြီ 'ဘာဖြစ်လို့လဲ၊ ရှေ့မှာ အဆင်ပြေတယ် မဟုတ်လား။ နောက်မှာ အမိုးအကာမရှိတော့ လေတိုက်မှာပေါ့' လို့ ပြော တော့ 'ရပါတယ်မောင်ကြီးရဲ့၊ ခုပဲ ရောက်တော့မှာဘဲ' ပြန် ပြောရင်း ပြုံးတော့ တစ်ယောက်ကလည်း လိုက်ပြုံး။ ခွဲခြားဖို့ ခက်တဲ့ နှစ်ယောက်အနက် တစ်ယောက်တည်းက ပြောနေ ပေမယ့် တုန့်ပြန်မှုတွေက နှစ်ယောက်လုံးတူ။ ဒီနှစ်ယောက်နဲ့မှ ဆုံရ။ ဒီနှစ်ယောက်နဲ့တွေ့ရတာ ဆန်းလိုက်တာ။ ကျေးဇူး တင် ခင်မင်ဖို့ကောင်းလိုက်တာ။ သူတို့နဲ့တွေ့လို့သာ အခက်အခဲ တစ်ခုက လွတ်မြောက်လာရ။ သူတို့ ဘယ်သူတွေပါလိမ့်။ နာမည်လေးတောင်မှ မသိလိုက်ရ။ သွားရင်းဟန်လွှဲပဲ။ ဒါထက် ပိုသိဖို့ကော လိုလို့လား။ ပြီးရင်ပြီးသွားမှာပဲ မဟုတ်လား။ စဉ်းစားနေတုန်း စိမ်းညက်ညိုအမရှေ့ရောက်လာ။ ကားလည်း ရပ်၊ စက်လည်းသေ။

▪

နောက်ခန်းဖွင့်ပေးဖို့ အောက်ဆင်းလိုက်တော့ နောက်မှာ သူတို့မရှိတော့။ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့် လိုက်တော့လည်း အရိပ်အရောင်တောင်မှ မတွေ့ရ။ မှောင်ပြီဆို



ပေမယ့် ကြယ်ရောင်တွေနဲ့ မှိုင်းပျပျမြင်ရ သေး။ ဘယ်အချိန် ဘယ်က ဘယ်လို ဘာဖြစ်ပြီး ပျောက်သွား ပါလိမ့်။ သတိရလို့ ဒက်ရှ်ဘုတ်ပေါ် ကြည့်လိုက်တော့လည်း ပန်းစည်းမရှိ။ ဘာဆိုဘာမှ မရှိတော့ပါလား။ ဒီလောက်တောင် ဆန်းဆန်း ပြားပြား ပျောက်ခြင်းမလှ ပျောက်သွားရ။ ဘာဖြစ်လို့ များ ဒီလောက်မြန်မြန်ကြီး ပျောက်သွားရ။ ဘာအကြောင်းနဲ့ များ မပြောမဆို ရုတ်တရက်ကြီး ပျောက်သွားရ။ ဘာပါလိမ့်။ ဘာဖြစ်တာပါလိမ့်။ ဘယ်လိုပါလိမ့်။ ဘာတွေပါလိမ့်။ စိတ်ထဲ ဇဝေဇဝါ။ စိတ်ထဲ မလုံမလဲ။ စိတ်ထဲ တင်းတင်းကြပ်ကြပ်။ မြောက်ပြန်လေ တစ်ချက်က စိမ့်ခနဲအေး။ ကြက်သီးတွေ တဖျန်းဖျန်းထလို့ ငါချမ်းနေပါပေါ့လား။ ချမ်းလိုက်တာ။ စိမ့် ခနဲ စိမ့်ခနဲ ချမ်း။

▪

အဲဒါမှ ဒုက္ခ။ ကားက ရပ်ကတည်းက စက်သေ။ လမ်းပေါ်မှာပဲလေ။ စိတ်အေးအေးထား။ သတိထား။ မော်တာ မဆွဲလည်း ကိုယ့်ဘာသာလိမ့်နိုးရဲ့ပဲ။ ဒါမှမဟုတ် ကား တစ်စီး တလေ ပေါ်လာမှာဘဲ။ ဆိုင်ကယ်ဖြစ်ဖြစ်၊ စက်ဘီး ဖြစ်ဖြစ် ပေါ်လာမှာဘဲ။ စိတ်ကိုအေးအေးထား။ ကားပေါ်တက် စက်နှိုး ကြည့်လိုက်တော့ 'မောင်ကြီးရေ' လို့ ခေါ်သံကြား။ ရပ် နားထောင်ကြည့်ပြန်တော့ ဘာသံမှ မကြားရ။ ဟိုနေ့က ကားရပ်ခဲ့တဲ့ ထနောင်းပင်ဆီ လှမ်းကြည့်လိုက်တော့ မှောင်မိုက် နေတဲ့ အရိပ်ထဲ ရဲခနဲ ရဲခနဲ ပြက်လက်သွားတဲ့ ပတ္တမြား ရောင်တွေ မြင်ရသလိုလို၊ သတိပဲ ရတာလိုလို။ စိတ်ထင်လို့ပါ။ စိတ်ထင်လို့။ ငါ့စိတ်က ထင်တာ၊ ထင်နေတာ။ ဘာဆိုင်တာ မှတ်လို့ ဘာဆိုင်တာမှတ်လို့။ ဒီမယ် သူတို့လမ်း သူတို့သွား။ ကိုယ့်လမ်း ကိုယ်သွားရုံပဲလို့၊ အဲသလိုစိတ်ကို ခိုင်ခိုင်ချပြီးမှ စက်ကို နှိုးလိုက်တော့ စက်နိုး။ ထွက်ပေါက်က သူဟာနဲ့သူ ရှိပြီးသား။ ဟင်း တော်ပါသေးရဲ့။

■

* View Cam ** Henry Yule

*** Bodhisattvas in the Bagan Period

## မြူးမိတဲ့ ကဗျာ

❒ လေယာဉ်သံတွေ ကြားရ၏။

▪

အချိန်တိုင်း အချိန်တိုင်း လည်စင်းခံနေရ။ မတ်တတ်က လဲကျမသွားအောင် မနည်းကြီး အံကြိတ်တင်း။ ခံပြင်းစရာကောင်းလိုက်တာ ငါ့နယ်။ စကောလောက်မှ ဖောက်မနက်။ အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်။ ပက်စက်ပ။ အိပ်ရေးခဏခဏပျက်ရ။ စကောလောက်မှ ဖောက်မနက်။ တိမ်ပဲတိမ်လွန်းပ။ ဒီအသက်ရှူပေါက်ကလေးနဲ့ လှုလှုပ်နေရ။ သူ့နေရာ ကိုယ့်နေရာ ရှိကြ။ အတူတူချင်း တစ်လုံးပိုရှူချင်။ ခြေလှမ်းတွေ လှမ်းလိုက်တိုင်း အသာရဖို့ပဲ စဉ်းစား။ စာနာခြင်း ဘယ်လို၊ ဆင်ခြင်ခြင်းက ဘာ၊ ဒါတွေမလိုဘူး။ ငတေမာပြီးရော၊ နေသာသလို နေ။ အဲဒီ အတ္တအစိုင်အခဲကြီးကြီး အတုံးအတစ်ကြီးတွေကလေ ကိုယ့်ဖို့ပဲ ကိုယ်သိ။ ကြည့်လေ ဟိုမှာ ဒီမှာ အဲဒီမှာ၊ အဲဒါတွေပဲ ပသာဒ။

▪

စကောလောက်မှ ဖောက်မနက်။ အိပ်ရေး ခဏခဏပျက်ရ။ ပက်စက်ပ။ ဒီလိုနဲ့ ငါ့အသီးတွေ ကြွေကြွေနေရ။ ဒီလိုနဲ့ ငါ့အပင်လေး မစည်မဝေ။ ဒီလိုနဲ့ ငါ့အခင်းလေး ထောင်းထောင်းကြေ။ ဒီလိုနဲ့ ငါ့ပျော်ရွှင်မှု တွေ ဆိတ်သုဉ်း။ ဒီလိုနဲ့ ငါ့အသိုက်အမြုံလေး တစ်ကွဲတပြား ဖြစ်ရ။ ဟိုတစ်စ ဒီတစ်စ။ သွားပြန်ပြီ တစ်ယောက်။ နောက် တစ်ယောက်။

တစ်ယောက်ပြီး တစ်ယောက်။ တစ်ခေါက်ပြီး တစ်ခေါက်။ လေဆိပ် ဘယ်နှစ်ခါ။ ရေဆိပ် ဘယ်နှစ်ခါ။ ကားဂိတ် ဘယ်နှစ်ခါ။ ဘူတာ ဘယ်နှစ်ခါ။ ဘယ်ကို ဘယ် နှစ်ခါ။ အခါခါနဲ့ အခါခါ။ ဒါတွေနဲ့ ချာချာလည်။ ဘယ်သူတွေ ဘယ်မှာ ဘာတွေ ဘယ်လိုစွမ်း။ စွမ်းနိုင်ရင် အလွမ်းပေပဲပ။ လွမ်းနိုင်ရင် လွမ်းနိုင်သလောက်သာ လွမ်းလိုက်စမ်း။ ကျန်းမာတာ ဒါတစ်ခု။ ချမ်းသာတာ ဒါတစ်ခု။ စွမ်းတာကလည်း ဒါ တစ်ခုပါပဲလေ။

•

လာပြန်ပြီ။ လာနေပြန်ပြီ အသံတွေ။

တော်ရုံတန်ရုံ နတဲ့ အပွင့် အခက် အရွက်ကလေးသာဆို ချက်ချင်းကို ကြွေကျလောက်။ ခုတော့ သူ့ထက် နတဲ့ ငါ့အသည်းထဲ မြွေးတစ်စင်းလို ချွန်ထက်တဲ့အသံလေး စူးဝင်။ "ကိုကိုရေ ရုံးဘက်က လူတွေက ဖုန်းခေါ်မပေးနိုင်ဘူးတဲ့" ရက်စက်။ လူဖြစ်ရင်တောင် အသည်းနှလုံးစစ်စစ်ပါမယ့် လူတွေ မဟုတ်ဘူး။ ဘာမှ မတတ်နိုင်ဘူးဆိုတဲ့ စကားပဲ ဒီနေရာမှာ အသုံးကျ။ နှစ်ဆယ့်လေးနာရီမှာ ဆယ့်ခြောက်နာရီ ပျာယာခပ်ရတဲ့ ယောကျ်ားငါ့မှာ ကိုယ့်မိန်းမ ပထမဆုံးရတဲ့ အလုပ်ကလေးဝင်ဖို့တောင်မှ ခဏတဖြုတ် လိုက်ပို့ချိန်မရ။ ရှားပါးလိုက်တာ။ ဘယ်လိုပန္နက်မျိုးနဲ့များ မွေ့ခင်ဖွဲ့လို့ ကျဉ်းကြပ်။ လူစိမ်း သူစိမ်း ဒေသစိမ်းမှာ သူ့ခမျာ ရင်ခွင်ပိုက်ကလေးတစ်ယောက် အဖော်ပြု။ ဒုက္ခကို အဖော်ပြု။ အနံ့စိမ်းတွေ အဖော်ပြု။ မကြောက်တရား အဖော်ပြု။ သူမို့လို့ ရင်ဆိုင်ရဲပလေ။ သားသည်အမေအတွက် ချမ်မရှိမှာ နေရာမရှိဘူး။ ကျောင်းရှေ့မှာ အဆောင်ငှား။ သူစိမ်းတွေကြားမှာ ကလေးက ငို။ ဘယ်လောက်ပဲ ငိုငို၊ ငိုချင်သလောက် ငို။ အချိန်တန် ကျောင်းသွားတော့ သူစိမ်းတွေနဲ့ပဲ ထားခဲ့။ နေလို့မှ အသားမကျသေး။ အမေ ဝန်ထမ်းရေးရာသင်တန်းသွားတော့ ကလေးက အဖေဆီ ပြန်ရောက်လာ။ အဖေပျောက်ပြီးလို့မှ မကြာသေး။ အမေပျောက်။ အဖေတစ်လှည့် အမေတစ်လှည့် ပျောက်။ ည,ည ထငို။ ခရီးဆောင်အိတ်ကို ထထဆွဲ။ ဒီ

အိတ်ကြီးဆွဲရင်ပဲ အမေနဲ့တွေ့ရမှာလိုလို ထင်ပုံရ။ အဖေ့ဘေးမှာ အိပ်သာနေရ။ အိမ်မှာ လိုလို၊ အဝေးမှာ လိုလို သူ့စိတ်ထဲ မတင်မကျဖြစ်ပုံရ။ အိပ်နေရင်း ထထငို။ ခဏ ခဏငို။

■

''ဒီလိုသာ မင်းငိုနေရင်တော့ မနက်ဖန် ငါဘယ်လို လုပ် အလုပ် လုပ်ရပ'' အဖေညည်းတော့ တစ်နှစ်ခွဲ သားကလေးက သိ သလိုလို။ မျက်လုံးလေးကြောင်တောင်နဲ့ ငြိမ်သွား။ မဖြစ်ဘူး။ ဒီကလေးတော့ တစ်ခုခုလုပ်ပေးမှ။ အထူးကုနဲ့ပြမှ။ အကောင်းဆုံးဆိုတဲ့ အထူးကု ဆရာဝန်ကြီးနဲ့ ပြ။ တစ်နှစ်ခွဲသားလေးအတွက် ပေးတဲ့ဆေးက တစ်မျိုးတည်းပါ။ ဘီလယ် တူး။

■

အမေ့အလှည့်မှ စ,ရုံရှိသေး။ သမီးအလှည့်ရောက်လာ။

■

ကိုယ့်ဒုက္ခ ကိုယ်ရှာ၊ ကိုယ့်ပေါင် ကိုယ်လှန်ထောင်း ဆိုတာ ဒါမျိုးပေါ့။ သိသိကြီးနဲ့။ ငါး ဘာကြောင့် မြုံးမိ။ သိသိကြီးနဲ့။ ခြုံထွင်တာ ယုန်မြင်လို့တော့ မဟုတ်ဘူး။ သိသိကြီးနဲ့။ အဲဒီ သိသိကြီးနဲ့ပဲ ငါး မြုံးမိ။ မရှိဘူးဆိုတာလည်းရှိ။ ရွေးတယ်ဆိုတာ ရွေးစရာရှိမှ ရွေးလို့ရ။ ခုတော့ ရွေးမရွေးရသေး။ ကိုယ်ပဲ အရွေးခံလိုက်ရ။ ဟ ထားတာ တစ်ပေါက်တည်း။ မဝင်ချင် နေရုံပဲ။ လွယ်လွယ်လေးခက်။ တိမ်မယောင်နဲ့ နက်။ ခြေရာအဟောင်းတွေပေါ် ခြေရာအသစ်တွေထပ်။ ရှေ့ကသွားရာ နောက်က ပါ။ လိုလို မလိုလို ဒါပဲ နှစ်လိုတော့ အမေလို သူလည်း အိမ်နဲ့ ဝေးရရှာ။ အမေနဲ့ မတူတာက သူ့ခမျာ အစာအိမ် မကောင်းရှာဘူး။ ခေါင်းမူး။ ခေါင်းကိုက်၊ အကြောတက်၊ လေထ၊ အန်။ အန်ပြီဆို အဆိုးဆုံး။ မနီးမဝေး ခြောက်နာရီခရီးမို့ အဆင်ပြေသလို သွားကြည့်လို့ ရသေး။ နွေးထွေးနှစ်သိမ့် ပေးနိုင်သေး။

■



အဲဒီတုန်းက အမေ အနောက်၊ သမီး အရှေ့။

■

ခုတော့ အမေ မြောက်ဖျား။ သမီး တောင်ဖျား။
ခုတော့ အရိပ်တကြည့်ကြည့် သမီးလေး အရိပ်နဲ့ အဝေးဆုံး ဝေးရ။
ခုတော့ သိသိကြီးနဲ့။
ခုတော့ အဲဒီ သိသိကြီးနဲ့ပဲ သမီးလေး လေဆိပ်မှာ ထားခဲ့။

■

သမီးလေး လေဆိပ်မှာထား ထွက်လာခဲ့တော့ ရှေ့ကို သဲသဲကွဲကွဲ မမြင်ရ။ နှင်းကျနေတာ လား။ မိုးရွာနေတာလား။ မှုံဝါးဝါး။ ဝိုက်ပါကို ဖွင့်လိုက်တော့လည်း တကျွိကျွိ ပွတ်ကျိတ်သံတွေပဲ ကြားရ။ မှန်ပေါ် ဘယ်ရေရှိလို့လဲ။ ဝါးနေတာ မှန်မှ မဟုတ်ဘဲ။ မျက်လုံး မျက်လုံး။ ငါ့မျက်လုံးတွေက။ ငါ့မျက်ခွံထဲက။ အမြင်တွေ ထွေပြား။ မျက်ခွံထဲ ဝါးဝါးလာ။ သတိထား။ ကားကို သတိထား မောင်းစမ်းပါ။ မမြင်ရ ရပ်ထား။ အရှိန်လျှော့။ မျက်ခွံကို လက်နဲ့ပွတ်လိုက်တော့လဲ ခဏပဲမြင်ရ။ ပြန်ပြီး မှုန်ဝါးလာ။ ပိုပိုပြီး ဝါးဝါးလာ။ မျက်နှာပေါ် ရွှဲရွှဲစိုလို့။ ဘယ်က ဘယ်လို ဘာတွေ စီးကျလာ။ တစိမ့်စိမ့်စိမ့်စိမ့်ပြီး စီးကျလာ။ လမ်းဘေးမှာ ကားထိုးရပ်လိုက်တော့ ရင်ထဲ လှိုမ့်လှိုမ့်တက်။ တစ်ကိုယ်လုံး တင်းကြပ် ဆို့နင့်ပေါက်ကွဲ ပွင့်ထွက်သွား။ ခြေပစ်လက်ပစ် တစ်ကိုယ်လုံး ပုံချပစ်လိုက် ပြီးတော့၊ ငါလေ၊ ငါလေ။

■

လေယာဉ်သံတွေ ကြားနေရ၏။

■

## ရှင်းသန့်လို့ကြည်လင် အစဉ်စီးတဲ့မြစ်

❒ ကိုယ့်လေှကလေးနဲ့သာ ကိုယ့်သီချင်းလေး ကိုယ်စပ်ခဲ့။ ကိုယ့်သီချင်းလေးနဲ့သာ ကိုယ့်မြင်းကလေး ကိုယ်စိုင်းခဲ့။ တူးဆွခဲ့တယ်။ တူးဆွခဲ့ကြ။ အားလုံးပါပဲ၊ ခင်ဗျားတို့၊ ကျွန်တော်တို့ အားလုံး၊ ဘယ်သူ့ မဆိုပေါ့။ လိုက်လိုက်လှဲလှဲကြီးကိုပဲ၊ မိုက်မိုက်မဲမဲကြီးကိုပဲ၊ စိတ်ရှိလက်ရှိ တူးဆွခဲ့။ တူးဆွခဲ့ တွင်းနက်နက်တွေ။ ဘလက်ဟိုးထက်တောင် နက်နိုင်ပေသေးရဲ့။ နက်ပြီးရင်းနက်။ သူ့ထက်ငါ အလုအယက်ပေါ့။ ကိုယ့်သီချင်းလေးနဲ့ကိုယ်၊ ကိုယ့်တွင်းကလေးကိုယ်၊ နက်နက်တူး မိုက်နေလိုက်ကြ။ မိုက်ရိုင်း...

▪

ဒီလိုပါပဲ။ ဒါ ဒီလိုပဲလို့ ပြောကြပေလိမ့်။ ဒီလိုပဲလေ။ ဒီလိုပဲ တို့တွေနေထိုင်လာခဲ့ကြ ကြာပြီ မဟုတ်လား။ ကြာကြာခဲ့ပေါ့။ ကြာလွန်းလို့ ဘယ်လောက်ကြာခဲ့ပြီလဲ ဆိုတာတောင် မသိတော့တာကြာပြီ။

▪

အရမ်းကြီး လာမငြင်းမနေပါနဲ့ကွယ်။ ဒါထက်ကောင်းတာ ဘာရှိသေးလို့လဲ။ အဲဒီ သံသရာဆိုတာကြီးကလည်း တကယ်ရှဟုတ်ကြီးလိုပဲလား။ ပွဲတော်ကြီးလို လိုက်လည်နေချင်ရဲ့။ အဲဒီ ရွှေစင်ရွှေသားစစ်စစ် သံယောဇဉ်ဆိုတာလေးကလည်း မက်မောလောက်ပေရဲ့။ အမြဲပဲ အသည်းထဲ တွယ်ငြိချိတ်ဆက်ထားချင်စရာ။ အဲဒီအနှောင်အဖွဲ့ဆိုတဲ့ အပျော်

ကွန်ယက်ကြီးထဲက လွတ်ထွက်ကျကျန်ခဲ့မှာ ကြောက်တယ်တဲ့။ ကဲ ဒါထက်ကောင်းတာ ဘာရှိသေးလို့လဲ။ အကောင်းဆုံးတောင် သူ့လောက် မကောင်းဘူး။ ဒါထက်ကောင်းတာ ဘယ်ရှိမလဲတဲ့။

▪

ကပါလေ အဲဒီ ဖတ်မရတော့တဲ့ ကျောက်စာအဒိုအဟောင်းအကျိုးပဲ့ကြီးကို ဆင်းရဲခံဖတ်မနေ ပါနဲ့တော့။ ဆိုပါ။ သီချင်းတွေပဲ ဆိုကြပါ။ ကမ္ဘာလောကအတွက်၊ လူသားတွေအတွက်၊ ကိုယ့်အတွက်၊ ဘယ်သူ့အတွက်ပဲ ဖြစ်ဖြစ်ဆိုပါ။ ဆိုပစ်လိုက်စမ်းပါ စိတ်ရှိလက်ရှိ။ အဲသလို ဆိုပြီးသွားတဲ့အခါ နေကောင်းသွားမယ်။ အဆင်ပြေသွားမယ်။ ရင်ထဲ ပေါ့သွားမယ် ပေါ့ ဟုတ်ဖူးလား။ ပြီးရင် ကိုယ့်သီချင်းလေးနဲ့ ကိုယ်ရှေ့ဆက်။ ဘာကိုမှ မကြည့်နဲ့ ရှေ့ဆက်။ ဘာပဲဖြစ်ဖြစ် ကိုယ့်လမ်းကိုယ်ဆက်လျှောက်။ ဖြောင့်ဖြောင့်မတ်မတ် ဆက်လျှောက်သွား။ သွားပါ။ သွားကြပါ။ သွားကြစမ်းပါ။ သင်တို့အားလုံးတစ်ယောက်မကျန် ထွက်ခွာသွားကြပြီဆိုရင် သင်တို့ သေခွက်များကို မထားခဲ့ပါနဲ့။ ဆေးလိပ်တိုများကို မထားခဲ့ပါနဲ့။ ခြေရာလက်ရာတွေ မထားခဲ့ပါနဲ့။ အညစ်အကြေးတွေ မထားခဲ့ပါနဲ့။ အနံ့အသက်တွေ မထားခဲ့ပါနဲ့။ (ဒေးဗစ်ကိုတော့ ဒီအတိုင်းပဲ ထားပါ။ မိုက်ကယ် အင်ဂျလိုရဲ့ သဘောဆန္ဒအတိုင်းရှိပါစေလေ။) သင်တို့နဲ့ ပတ်သက်သမျှ အရာအားလုံး သင်တို့နဲ့ အတူတစ်ပါတည်း ယူဆောင်သွားကြပါ။ လောကဋ္ဌ နောက်ထပ် စွန်းထင်းစရာ နေရာမရှိတော့အောင် အညစ်အကြေးများထူပြောလို့နေပါပြီ။ ဘာတစ်ခုမှ မထားခဲ့ပါနဲ့။ မထားခဲ့နဲ့။

▪

ကျွန်တော်သာ ဒီမှာ နေခဲ့ပါရစေ။ တစ်ယောက်တည်းနေခဲ့ပါရစေ။ တယောက်တည်း။ တစ်ခါတစ်ရံ အဲသလိုနေဖို့လိုတယ်။ တစ်ခါတစ်ရံ လိုနေတာတွေရှိတယ်။ အသက်မှန်မှန်ရှူဖို့ လိုတယ်။ နားဖို့ လိုတယ်။ စားဖို့ လိုတယ်။ အိပ်ဖို့ လိုတယ်။ ခရီးသွားဖို့ လိုတယ်။ ရည်းစားထားဖို့ လိုတယ်။ ရုပ်ရှင်

ကြည့်ဖို့ လိုတယ်။ ဖုန်းပြောဖို့ လိုတယ်။ ဟိုဟာဒီဟာ လိုတယ်။ ဆိုးတိုင်ပင် လိုတယ်။ လူအထင်ကြီး လေးစားခံရဖို့လည်း လိုတယ်။ တစ်ညလုံး ထိုင်မစောင့်ရအောင် စီးကရက်လေး တစ်လိပ်တစ်လေ ဆောင်ထားဖို့လည်း လိုတယ်ပေါ့။ လိုတာတွေက အများကြီး။

ခုလိုတာက အဲဒါတွေမဟုတ်ဘူး။ ဒါတွေ မလိုဘူး။ လိုနေတာက တစ်ခုထဲ။ အချိန်ကလေး တစ်ချိန်။ လက်ခတ်သံ၊ သူမ လက်ခတ်သံ၊ အဲဒီလက်ခတ်သံ ကြားရမယ့်အချိန်ပဲ။ အဓိပ္ပာယ်ရှိတဲ့ လက်ခတ်သံများ ကျွန်တော်ကြားချင်လှပါပြီ။

ကမ္ဘာပေါ်တွင် ငြိမ်သက်ခြင်း ရှိစေသတည်း။

■

နေပါဦး။ အဲဒီရွှံ့တုံးတတုံးပေါ်က လက်ကို ဘာလက်လို့ ခေါ်မှာလဲ။ ရွှံ့တုံးပေါ်က လက်၊ အိုးထွင်းတဲ့ လက်၊ အိုးလုပ်မဲ့ လက်၊ ဘာလက်ပဲခေါ်ခေါ်၊ ဘယ်လိုပဲခေါ်ခေါ်၊ ကြိုက်သလို ခေါ်၊ ဘာမှ ထူးမှာမဟုတ်ပါဘူး။ ဟောဒီမှာ အိုးတစ်လုံးရဲ့ အစ။

■

အိုးထိန်းစက်ရဲ့ အလယ်တည့်တည့်မှာ ရွှံ့တုံးကို နေရာချ။ လည်နေတဲ့စက်ပေါ်က ရွှံ့တုံးကို ရေနည်းနည်း ဖျန်းလိုက်။ လက်နှစ်ဖက်ကို ကြားဖူးသဏ္ဍာန်ထား။ ရွှံ့တုံးရဲ့ အခြေကနေ အပေါ်ကို ညစ်တင်လိုက်။ စေတီပုံ။ အဲဒီ စေတီပုံ ထောင်ထောင်ချွန်ချွန်ရဲ့ ထိပ်ကို ရေနည်းနည်း ဖျန်းလိုက်ဦး။ လက်ဖျားတွေအောက်စိုက်၊ ဘယ်လက်ဖနောင့်နဲ့ အပြင်ကရံ၊ ညာလက်မနဲ့ ထိပ်တည့်တည့်မှာစိုက်၊ လက်ခွနဲ့ အောက်ဖိချ။ ပြီးရင် ဘယ်လက် အပြင်က ရံ၊ ညာလက်ကို ကန်တော့ချွန်လုပ်ပြီး အတွင်းပိုင်းကို ဖောက်လိုက်။ ဖောက်ထားတဲ့ အတွင်းနံရံအခြေက ညာလက်ဖျားနဲ့ ထောက်၊ ဘယ်လက် အပြင်က ရံ၊ အပေါ်ကို ဆန့်ထုတ်လိုက်။ လက်ညှိုးကိုကွေးပြီး အနားသပ်။ ကိုယ်ထည်အကြမ်း။ အဲဒီ ကိုယ်ထည်အကြမ်းရဲ့ ထိပ်မှာ ဘယ်ညာလက်ညှိုး လက်မကွေးပြီး နှုတ်ခမ်းပုံဖော်။



အထူအပါး။ အထောင်အပြန့် လက်ဖျားလေးနဲ့ လိုက်ညှိ။ ပြီးမှ လက်ဖျားတွေ အောက်စိုက် ဘယ်လက်အပြင်က ရံ၊ ညာလက်ဖျားတွေနဲ့ အတွင်းပိုင်းအခြေက အပေါ်နှုတ်ခမ်းဆီကို ဖောင်းလာခဲ့။ အောက်ပိုင်းရှူးပြီး အပေါ်ပိုင်းဖောင်းတဲ့ အိုးပုံကြမ်း။ နှုတ်ခမ်းက ဒီမှာ အပြီးပဲ။ ပြင်စရာရှိ ဒီမှာအပြီးပြင်၊ အတွန့်အချိုး ထည့်ချင်ထည့်။ အစင်းအရစ်ဖော်ချင်ဖော်။ စာရေးချင်ရေး။ ပြီးရင် တစ်ပေလောက်ရှိတဲ့ ချက်ကြိုး၊ အနေတော်ကျစ်ထားတဲ့ အပ်ချည်ကြိုးကလေးပါ။ အဲဒီကြိုးကလေးနဲ့ ဂျပန်ဓားချက်လို အခြေက တိခနဲဖြတ်လိုက်။ ဒါပဲ၊ ဒါ အိုးထွင်းတာပဲ။

■

လက်တွေကို လက်ဖနောင့်နှစ်ခုယှဉ်ပြီး ဒီလို ကြားဖူးသဏ္ဍာန်ထားတယ်။ ဒီလို ထိုးစိုက်တယ်၊ ဒီလို ကွေးညွှတ်တယ်။ ဒီလို ဝှေ့ဝိုက်တယ်။ ဒီလို ပင့်ချီတယ်။ ရွှံ့တုံးတစ်တုံးပေါ်မှာ လက်တွေ ချိုးကလိုက်တဲ့အခါ အိုးပတစ်လုံး ဖြစ်လာတယ်။ အိုးတစ်လုံးရဲ့ ပုံဖြစ်လာတယ်။ အလွယ်လေးပဲ။ မြင်ရတာ သိပ်လွယ်တာပဲလို့ ထင်ရမယ်။ လွယ်မယ်ထင် လုပ်ကြည့်လိုက်လေ။

■

နေဦးလေ မပြီးသေးဘူး။ အဲဒီအိုးပုံစံကို တစ်ညသိပ်။ နောက်တစ်နေ့ အတော်အတန်မာတဲ့အခါ ကိုယ်ထည်။ စလုပ်လို့ ရပြီ။ ပေါင်ပေါ်မှာ တင်၊ အောက်ခြေအစပ်က အမာသားတွေ ဖဲ့ထုတ်။ အတွင်းက လက်ခုနဲ့ ခံ၊ အပြင်က လက်ခတ်နဲ့ နှုတ်ခမ်းစပ်က စရိုက်ပြီး ကိုယ်ထည်လုံး။ အဲဒီ ကိုယ်ထည်အကြမ်းကို တစ်နေ့လောက်ထားပြီး အချောကိုင်။ လက်ခုနဲ့ လက်ခတ်မှာ သဲရော။ ဒီအဆင့်မှာ ကိုယ်ထည်အနေအထား ကျတဲ့အထိ လုံးရ၊ ချောရမယ်၊ ပြီးရင် နေ့တစ်ဝက်လောက်ထား အပြီးသတ်ချော။ သောက်ရေအိုးတစ်လုံး ဆိုပါတော့၊ ဒီနေရာမှာ ပြောင်ထားချင်ထား။ ပန်းတင်ချင်တင်၊ ပြီးရင် ပြီးပြီ။ အခြောက် ခံတာ၊ နေလှမ်းတာ၊ မီးဖုတ်တာက သပ်သပ်။

အိုးတစ်လုံးက ဒီမှာ အပြီးပဲ။ ဒါ အိုးတစ်လုံးပဲ။ ဟောဒီမှာ ခင်ဗျားတို့တွေ ရေဆာတဲ့အခါ သဘာဝ ရေအေးအေးလေး သောက်ဖို့ သဲအိုး တစ်လုံး။

▪

အဲဒီတုန်းက သူမမျက်နှာ သနပ်ခါး ရေကျဲလေးနဲ့ လှနေ ပါလိမ့်မယ်။ ဘယ်ဆရာ ဒီလိုရေးခဲ့ဖူးသလဲ။ တည့်တည့်ပဲ ဖြစ်ဖြစ်၊ ခပ်ဆင်ဆင်ပဲဖြစ်ဖြစ် တူခဲ့ရင် ခွင့်လွှတ်ပါ။ တခြား ရွေးစရာ မရှိပါဘူး။ ဆံစတွေက နဖူးပေါ် ပါးပြင်ပေါ် ဝဲကျနေ မည်လား။ မဟုတ်သေးဘူး။ ဒီလိုတော့ မဖြစ်နိုင်ပါ။ ရွှံ့စက်တွေ စင်ရင် မပေအောင် ပဝါပါးပါးနဲ့ စည်းနှောင်ထားပေလိမ့်မယ်။ ရွှံ့တုံးပေါ်မှာ လှုပ်ရှားနေတဲ့လက်၊ သူမလက်၊ အဲဒီ လက်တွေကို သေသေချာချာ ကြည့်၊ ကနေတယ်လို့ ထင်ရမယ်။ တကယ်လည်း ကနေတာပါပဲ။ ကနေတာ၊ အကတစ်မျိုးနဲ့ ကနေတာ။ ဒီလိုအကမျိုး သူမမို့ ကနိုင်တာ။ သူမပဲ ကနိုင်တာ။ ရေနံဆီမီးအိမ်တွေ အပြိုင်ထွန်းထားတဲ့ ကြားက လှမ်းမြင်နေရတဲ့ မျက်နှာ၊ သူမ မျက်နှာ၊ ဝင်းပပမျက်နှာ၊ စိတ်ဝင်စားနေတဲ့ မျက်နှာ၊ စိတ်ဝင်စားဖို့ ကောင်းတဲ့မျက်နှာ။ နဖူးဆံစမှာ၊ နှာသီးဖျားမှာ၊ နှုတ်ခမ်းစပ်မှာ၊ ချွေးဥကလေးတွေ စိုလို့မို့၊ သူမပါးပြင်မို့မို့ပေါ်မှာ သနပ်ခါးရေကြဲနဲ့ ရွှံ့စက်တွေ ရောနှောလို့မို့ တစ်မျိုးချစ်ဖို့ ကောင်းနေပါလိမ့်မယ်။ ဒီဇင်ဘာ လေအေးတွေ မထိုးဖောက်နိုင်အောင် အလုံကာရံထားတဲ့ အိုးဖိုထဲ လှစ်ခနဲ ချောင်းကြည့်သွားတဲ့ သူမချစ်သူက ''အချစ်ရယ် မင်းမျက်နှာလေးကို လမင်းကြီးနဲ့ မလဲနိုင်ပါဘူးကွယ်'' လို့ ရွတ်ဆိုသွားပေလိမ့်မယ်။ အဲသလို မောင်ချောနွယ် ရေးခဲ့ဖူးသလား။ အဲဒီတုန်းက သူလည်း မွေးမှမမွေး သေးတော့ သူဟာလည်း ဟုတ်မထင်ပါဘူး။ အဲသလို မဟုတ်တောင်မှ အဲသလိုမျိုး ခပ်ဆင်ဆင်ပေါ့။ မြဝတီမင်းကြီး ဦးစ၊ စလေဦးပုည၊ ဦးကြင်ဥ သူတို့စာသားတွေထဲကလည်း ဖြစ်ချင်ဖြစ်မယ်။ မသိဘူး။ ပါမောက္ခဦးထွန်းသန်းနဲ့ တွေ့မှ မေးကြည့်ရဦးမယ်။ ဒါတွေက သူတို့နဲ့ဆိုင်တယ်။ ဒါပေမယ့် သေချာပါတယ်။ ရှေးကလူတွေက ခုလူတွေထက် ပိုနု ပိုနွဲ့နေဦးမှာ၊ ပိုချွဲ



ပိုကဲနေဦးမှာ။ အဲဒါ ကြောင့်ပဲ သူမချစ်သူ ကျွန်...
ဆိုသွားခဲ့မှာ။ ''အချစ်ရယ် မင်းမျက်နှာလေးကို လမင်းကြီးနဲ့ မလဲနိုင်ပါဘူးကွယ်'' လို့။

▪

''လှိုင့် အသည်း ရဲသမှ ရှဲခနဲတောင် မြည်သေး''

အဲဒါ လှိုင်။

''ဟော့ ဒီမှာ လှိုင့် အသည်းနဲ့ မြိုင့်အသည်း မတူပါဘူးကွ'' အဲဒါက မြိုင်။

''ဘယ်သူတွေလည်း ဆူဆူဆူဆူနဲ့၊ ဘာတွေလာ ပြောနေတာလဲ။ မောမယ်၊ ဆိုင့် အသည်းမှ တကယ့်အသည်း'' ဒါက ဆိုင်။

''လာလုပ်မနေနဲ့၊ အရေမရ အဖတ်မရတွေ၊ ဒါတွေအားလုံး ခင်ဗျားတို့ သောက်ထားတဲ့ ထန်းရေတွေပဲ၊ ဟောဒီ ကြိုင့်အသည်းကမှ မမူးတဲ့အသည်းစစ်စစ်'' ဒါက ကြိုင်။

''ကဲ၊ တော်ကြစမ်းပါကွယ်၊ အသည်းခြင်း ပြိုင်မနေကြပါနဲ့၊ မင်းတို့ ဘာတွေပြောပြော ဟောဒါကမှ အသစ်ကလေး'' လို့ ကျွန်တော့်ရင်ဘတ်ကို ပုတ်ပြီး အမေ (အဘွား)က တစ်ချက်တည်း ပွဲသိမ်းပစ်လိုက်တယ်။

▪

''နေပါဦး ကြိုင် လှိုင် မြိုင် နိုင်လုံးရယ်လို့ပဲ ကြားဖူးတယ် မဟုတ်လား။ ဘယ်လိုဖြစ်လို့ ဆိုင်ဖြစ်နေ ရတာလဲ'' ကျွန်တော့်ချစ်သူ ကျွန်တော့်ဇနီးက အဲဒီလိုပြောဖူးတယ်၊ ''ဒါ မြိုင်ထကနေတာမှ မဟုတ်တာ၊ သူတို့လည်း သူတို့စိတ်ကူးတဲ့သလို ပေးထားတာပဲ။ နိုင်ပဲဖြစ်ဖြစ် ဆိုင်ပဲဖြစ်ဖြစ် အရေးမကြီးပါဘူး'' လို့ပြောပြီးမှ သတိထားမိ။ ပြောလည်း ပြောလောက်တဲ့ သားလေးယောက်။

▪

အငယ်ဆုံးသား အသစ်စက်စက် လူပျိုပေါက်ကလေး ကြိုင် ရုတ်တရက်ကြီးဆုံးသွားတော့ အမေ ဆွေးတယ်။ ဆွေးမပြေနိုင်ဆွေး။ သိပ်မကြာခင် အဘိုးဆုံးတော့ အမေ မဆွေး

တော့ဘူး။ မဆွေးတော့တာ မဟုတ်ဖူး။ စိတ်ပြောင်းသွားတာ၊ မှာသွားတာ။ ရင့်ကျက်သွားတာပဲဖြစ်မှာ။ စကားလည်း သိပ် မပြောတော့ဘူး။ မရှိတော့တဲ့ သားနေရာမှာ ကျွန်တော့်ကို အစားထား။ မြေတစ်ကေပေါ်မှာ သူမအိမ်ရယ်၊ သူမအိုးဖိုရယ်၊ သူမအိုးတွေရယ်၊ ကျွန်တော်ရယ်၊ ဒါပဲ။

တစ်နေ့တော့ ကျွန်တော်လည်း သူမကို စွန့်ခွာသွား မှာဘဲလို့ သူမ မသိဘဲနေမှာ မဟုတ်ဘူး။ သူမကိုယ်သူမ လိမ်ညာလို့ပဲဖြစ်ဖြစ်၊ သိသိချည်းနဲ့ပဲဖြစ်ဖြစ် လုပ်စရာရှိတာ လုပ်ခဲ့တာလည်း ဖြစ်ချင်ဖြစ်မှာပါ။ ဟောဟို အိုးထဲမှာ ပဲလှော်၊ ဟောဟိုဘက်က အိုးထဲမှာ ထန်းလျက်၊ ဟောဒီ ဖျဉ်းအိုးကြီး ထဲမှာ ငုက်ပျောသီး။ ဟောဒီဘက်က အိုးလေးထဲမှာ မြေပဲ။ အမေက ကျွန်တော့်ကို စားဖွယ်တွေ ပြထား။ အမေ့အိမ် ကြမ်းပြင်က ထားဝယ်ပွှင်းပန်းရုံတွေကြား စာတစ်အုပ်နဲ့ ကျွန်တော်လှဲနေတော့ အောက်ထပ်က အိုးဖိုထဲမှာ အမေ အိုးခတ်နေ။ အိုးခတ်သံတွေ ကြားနေရ။ သူများတွေ ဘယ်လို ကြားသလဲ။ ကျွန်တော်က နာပျော်ဖွယ် ဂီတသံတွေအဖြစ် ကြား။ ကာရံတွေနဲ့ သီကုံးထားတဲ့ကဗျာအဖြစ် ခံစား။ အရောင်တွေနဲ့ ဖွဲ့စည်းထားတဲ့ အသံအဖြစ် မြင်ရ။ ရွှံ့တုံး တစ်တုံးပေါ်မှာ အမေ့လက်တွေ ချိုးကလိုက်တဲ့အခါ ဘဝဟာ သာယာပျော်ရွှင်ဖွယ်တွေနဲ့ ပြီးပြည့်။ အမေ့အိုးခတ် သံတွေနဲ့ ကျွန်တော့်ကို အသိပညာတွေ ရစေခဲ့။ အမေ့ သဲအိုးလေးထဲက ရေတစ်ခွက်ဟာ ကျွန်တော့်ရင်ထဲ အမြဲအေး လို့ပါ အမေရယ်။

■

"နေပါဦးကွဲ့ အယ်ဒီတာဆိုတာ ဘယ်လိုဟာမျိုးလဲ၊ ဘာတွေလုပ်ရသလဲ၊ ခက်သလား"

"မခက်ပါဘူးအမေ၊ အိုးတစ်လုံး လုပ်ရတာလောက် မခက်ဘူး။ အဲဒီမခက်တဲ့ အလုပ်ကိုရဖို့သာ ခက်တာ၊ ဖတ်ရ တယ်၊ မှတ်ရတယ်၊ ပြင်စရာရှိ ပြင်ရတယ်၊ အချိန်မှန် ထုတ်ဝေ ဖို့ အစီအစဉ်တွေ လုပ်ရတယ်။ ဒါလောက်ပါပဲ။"

■



အမေကလည်း ဒါလောက်ပဲ။ အများကြီးမပြောဘူး။ စကားတွေမပြောဘဲ အလုပ်တွေပဲ အမေလုပ်။ အလုပ် တွေနဲ့ပဲ နေ။ အလုပ်တွေက အမေ့အဖော်တွေဖြစ်မှာ။ ဒါကြောင့်ပဲ အမေ တစ်ယောက်တည်း နေနိုင်တာ။ နေဖြစ်တာ၊ နေတတ် တာ၊ လောကကြီးထဲ တစ်ယောက်တည်းနေနိုင်တဲ့ အမေပါပဲ။ ခု သူ့မြေး ကျွန်တော်ကမွေးတဲ့ သူ့မြစ်၊ ရှားရှားပါးပါး လာမှ တွေ့ရတဲ့ အဲဒီမြစ်ကလေး စောင်ပုခက်လုပ် သိပ်။ "မောင်ဖံကို နှိုး သူတိုင်ပင်၊ ကဏ္ဍကနုတ်မြင်း ကကြိုးဆင်၊ ယသော်မေခင် ရွှေစင်အိရယ်၊ ကြာရင်သီမယ် ရိပ်မိဖွယ်၊ သန်းကောင်လယ် သန်းကောင်လယ်..." ဒီအသံ၊ ဒီသီချင်းပဲ။ ကျွန်တော့်တုန်း ကလည်း အဲဒီသီချင်း။ သူ့သားလေးယောက်ကိုလည်း အဲဒီ သီချင်းနဲ့ပဲ သိပ်ခဲ့မှာ သေချာ။ မြေး၊ မြစ်ရတဲ့ အထိ အမေ အသက်ရှည်တုန်း။ ကျန်းမာတုန်းပဲ။ အိုသွားပြီ ဆိုပေမယ့် သူ့အလုပ်ကလေး သူလုပ်တုန်း။ သူ့ခြေထောက် ပေါ် သူရပ် တုန်းပဲ။ မိုင်ဝက်လောက်ဝေးတဲ့ လှေဆိပ်ကို သဲ သောင်ပြင်ဖြတ် သူ့မြစ်ကလေး သူကိုယ်တိုင်ချီပိုးပြီး လိုက်ပို့။ သဲစပ်စပ်ရေထဲ ဆင်းပြီး လှေထွက်မှ ကလေးကိုပေး။ "မင်းတို့ သွားတော့ ကွယ်၊ အမေကတော့ ဒီမှာပဲ" လို့ နှုတ်ဆက် ကျန်ရစ်။ သဲစပ်စပ်ရေထဲ ခြေသလုံးမြုပ် ရပ်ကျန်ခဲ့တဲ့ အမေ လှေတော် တော်ကြီး ဝေးဝေးရောက်တဲ့ထိ ရပ်ကြည့်နေတုန်းပဲ။ အမေ့ကို မြင်ခဲ့ရတာ ဒါနောက်ဆုံးပဲလို့ အဲဒီတုန်းက ဘယ် သိဦးမလဲ။

■

သူလား၊ မေးမနေစမ်းပါနဲ့ကွယ်။ အရေးမပါ,ပါဘူး။ လူမသိ သူမသိ စာရင်းထဲမရှိတဲ့ ကဗျာဆရာ တစ်ယောက်ပါ။ အချိန် ကုန်တယ်။ အသေးအဖွဲ့ကိစ္စတွေ ခေါင်းထဲ မထည့်နဲ့။

■

ကြည့်လိုက်စမ်း။ ကြည့်လိုက်ကြစမ်းပါ။ ရောဝတီမှာ သောင်တွေထွန်းလို့ မြောက်ပြန်လေ တိုက်ခတ်ပြီ။

■

မရှိပါဘူး။ ဘယ်မှာမှ မရှိပါဘူး။ ဒီထက်သာယာတဲ့ အသံ ကမ္ဘာပေါ်မှာ မရှိပါဘူး။ ဒီထက်ချိုမြိန်တဲ့ အသံ ကမ္ဘာပေါ်မှာ မရှိခဲ့ပါဘူး။ ဒီထက်လွမ်းမောဖို့ကောင်းတဲ့အသံ ကမ္ဘာပေါ်မှာ မရှိတော့ပါဘူး။ ဒီထက် ရင်ထဲ အသည်းထဲ စူးနစ်တဲ့ အသံလည်း ဘယ်မှာမှ မရှိတော့ပါဘူး။ ဒီထက် အဓိပ္ပာယ်ရှိတဲ့ အသံလည်း ဘယ်မှာရှိတော့မှာလဲ။

▪

ဟောဟိုမှာ လာနေပြီ။ ဒီဇင်ဘာလေအေးတွေနဲ့ အတူလာနေပြီ။ သဇင်ရနံ့တွေနဲ့အတူ လာနေပြီ။ မြောက်ဝင်ရိုးစွန်းဘက်က နှင်းစက်နှင်းပွင့်တွေနဲ့အတူ လာနေပြီ။ တောင်ဘက်ကို ဦးတည်ပျံသန်းလာတဲ့ ငှက်တစ်အုပ်နဲ့ အတူ လာနေပြီ။ နားထောင်စမ်းပါ။ နားထောင်ကြည့်လိုက်စမ်းပါ။ သဲ့သဲ့လေး လာနေတဲ့အသံ၊ နှ ကြားနေရတဲ့အသံ။ ခင်ဗျားတို့ ကြားနေရတဲ့အသံ။ ကျွန်တော် တမ်းတနေတာ၊ ကျွန်တော် လွမ်းဆွတ်နေတာ၊ ကျွန်တော် ဆာလောင်နေတာ၊ ကျွန်တော် ကြားချင်နေတာ၊ ကျွန်တော့် ရင်ထဲ အစဉ်အမြဲကြည်နူးခဲ့ရတာ အဲဒီအသံ။ အဲဒီလက်ခေတ်သံ။ အမေ့အသံ။

■

## အဆုံးသတ်စကား

'တေးဆရာသီဥတု' ဖော်ပြပေးခဲ့တဲ့ ဆရာမောင်သွေးသစ်နဲ့ Famil
အယ်ဒီတာအဖွဲ့၊ 'ရွှေဝတီမြစ်နံ့သောက အမေ့ရဲ့ မြို့တင်းပေါက်ကလေး'
'ပန်းမွှင့်ဟန်ဆောင်သော ဗိဿာနေ့ရက်များ' ဖော်ပြပေးခဲ့တဲ့ ဆရာချစ်မောင်
ဆရာမ တင်တင်ဦးနဲ့ ရုပ်ရှင်တေးကဗျာ အယ်ဒီတာအဖွဲ့၊ 'ရွှင်းသနဲ့လို
ကြည်လင် အစဉ်စီးတဲ့မြစ်' ဖော်ပြပေးခဲ့တဲ့ ဆရာဟိန်းလတ်နဲ့ ရဝ
အယ်ဒီတာအဖွဲ့၊ 'ဂလိုဘယ်အယ်ရာနဲ့လုပ်ထားတဲ့ ထောပတ်သုပ်ပေါင်မုန့်
တစ်ချပ်' ဖော်ပြပေးခဲ့တဲ့ ဆရာနရီမင်းနဲ့ ဟန်သစ်အယ်ဒီတာအဖွဲ့၊ 'မပြောဘဲ
ထားတာက ပိုကောင်းပါတယ်လေ' ဖော်ပြပေးခဲ့တဲ့ ဆရာ မောင်စိမ်းနီနဲ့
ပိတောက်ပွင့်သစ် အယ်ဒီတာအဖွဲ့တို့ကို ကျေးဇူး အထူးတင်ရှိကြောင်း။

အဲဒီမှာ မြင့်မြီး နိမ့်ကျ၊ ဆင်ခြင်တုံတရားနဲ့ ကင်းလွတ်၊ စဉ်းလဲကောက်ကျစ်သူ နီယံ နီယံနီးယန်းတွေ အသိုက်အမြုံဖွဲ့ နေထိုင်၊ မျိုးတူစုတွေ ဂရိဘာသာဒိုက်စ် လုပ် အခိုင်အမာပြု၊ အသွေးအရောင်ခွဲခြားမှု တံတိုင်းကြီးနဲ့ စည်းခြားကာနှံသတ်ထားကြသည်။

မရှိမှုကို မသိမှုနဲ့ ထုပ်ပိုးထားတဲ့ အထုပ်ဟာ အထုပ်တကာအထုပ်တွေထဲ အကြီးဆုံး အထုပ်ကြီးပဲ ဖြစ်ပါလိမ့်မယ်။ တို့တွေ ထမ်းပိုးထားကြတဲ့ အထုပ်တွေကလည်း ကြီးလွန်း လှချေရဲ့။

ဧတော မြို့ရော၊ နေ့သာသလိုသာ နေ့။ အဲဒီ အတွေ့ အခိုင်အခံကြီးကြီး အတုံး အတစ်ကြီးတွေကလေ ကိုယ်နှိပ် ကိုယ်သိ။

မဟာယိုမှာ လာနေပြီ။ ဒီဇင်ဘာလေးအေးတွေနဲ့အတူ လာနေပြီ။ သစ်ရွက်ရင့်တွေနဲ့ အတူ လာနေပြီ။ မြောက်ဝင်ရိုးစွန်းဘက်က နှင်းဖက် နှင်းမှုန်တွေနဲ့အတူ လာနေပြီ။ တောင်ဘက်ကို ဦးတည် ပျံသန်းလာတဲ့ ငှက်တစ်အုပ်နဲ့အတူ လာနေပြီ။



# သန်းဦးလှိုင်

## ဇာတ်ဝင်ပိုးတဲ့မြစ်

ဝတ္ထုတိုစု